ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း (၅)ရက် ၊ စနေနေ့ ၊ (14-11-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၉၈)

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ ပြဋ္ဌာန်း

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

(၂၀၂၆ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၇ ။)

၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်

(၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)

အမည်နှင့် အကျိုးသက်ရောက်သည့်ကာလ

၁။ (က) ဤဥပဒေကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက် အကျိုးသက်ရောက်စေရမည်။

အခန်း(၂)

နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့် စီမံခန့်ခွဲခြင်း

၂။ (က) နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊

စာမျက်နှာ ၁၉ ကော်လံ ၁

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၈ ရက်မြောက်နေ့ ကျင်းပ



တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၈ ရက်မြောက်နေ့ ကျင်းပစဉ်။

နေပြည်တော် နိုဝင်ဘာ ၁၃

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၈ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌဦးခင်ရီဒုတိယဥက္ကဋ္ဌဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မသန်စွမ်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး၊

စာမျက်နှာ ၁၉ ကော်လံ ၁

ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ် နယ်စပ်ဒေသတွင်အခြေပြု၍ ထိုင်းနိုင်ငံ၏ အစိုးရဝန်ထမ်းများအဖြစ် အယောင်ဆောင်ကာ ထိုင်းနိုင်ငံသားများကို ပစ်မှတ်ထားလိမ်လည်နေသော Online Scam Center များကို ထိရောက်ပြင်းထန်စွာနှိမ်နင်း



အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူ ထိုင်းနိုင်ငံသားများကို ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် နိုဝင်ဘာ ၁၃

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကိုအလေးထားဆောင်ရွက်လျက်ရှိပြီး ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံးကို အတိဒုက္ခပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ခြင်းများကို ထိရောက်ပြတ်သားစွာဖော်ထုတ်ဖမ်းဆီးအရေးယူဆောင်ရွက်ခြင်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အထူးအလေးထားဆောင်ရွက်လျက်ရှိသည်။

အချို့သောနယ်စပ်ဒေသများ၌ ပြည်ပနိုင်ငံသားအချို့သည် EAO လက်နက်ကိုင်အဖွဲ့များအပါအဝင် ဆက်စပ်နေရာများမှ ကိုယ်ကျိုးစီးပွားရှာသူများ၏ ပါဝင်ပတ်သက်မှုများဖြင့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ လုပ်ဆောင်လျက်ရှိရာ တပ်မတော်နှင့်

စာမျက်နှာ ၂၄ ကော်လံ ၁

ရတနာပုံ ယနေ့ဖတ်စရာ

ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ မြို့နယ် ငါးမြို့နယ်မှ ရေဘေးသင့် ပြည်သူများအတွက် ဆန်ရိက္ခာဖိုး၊ ခေါက်ဆွဲခြောက်၊ ငါးသေတ္တာများ ထောက်ပံ့ပေးအပ်

စာမျက်နှာ - ၂၆

လေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ် ရောက်ရှိနိုင်

နေပြည်တော် နိုဝင်ဘာ ၁၃

ယနေ့နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း(Low Pressure Area)တစ်ခုဖြစ်ပေါ်နေသည်။

အဆိုပါလေဖိအားနည်းရပ်ဝန်းသည် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နိုဝင်ဘာ ၁၄ ရက်တွင် အားကောင်းသော လေဖိအားနည်းရပ်ဝန်း(Well Marked Low Pressure Area)အဖြစ်သို့လည်းကောင်း၊ နိုဝင်ဘာ ၁၅ ရက်တွင် မုန်တိုင်းငယ်(Depression) အဖြစ်သို့လည်းကောင်း

စာမျက်နှာ ၂၀ ကော်လံ ၄ ❖



ရတနာပုံ
၂၀၂၆ ခုနှစ် နိုဝင်ဘာ ၁၄ ရက်
အယ်ဒီတာ့အာဘော်

အကြမ်းဖက်သမားတို့၏ အကြမ်းဖက်လုပ်ရပ်များကို ကန့်ကွက်ရှုတ်ချ

PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များအနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကို ပျက်စီးစေရန်၊ အစိုးရ၏ အုပ်ချုပ်မှုယန္တရား ပျက်ပြားစေရန်၊ ဒေသတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် ရည်ရွယ်၍ ဆင်ခြင်တုံတရားကင်းမဲ့စွာဖြင့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများ၊ စာသင်ကျောင်းများ၊ ဆေးရုံများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ ရှော့တိုက်ဒုံးများဖြင့် အဝေးမှ ပစ်ခတ်ခြင်း၊ Drone များ အသုံးပြု၍ Drop Bomb များ ပစ်ချတိုက်ခိုက်ခြင်းများကို ယုတ်မာရိုင်းစိုင်းစွာ ဆောင်ရွက်လျက်ရှိသည်။

နိုဝင်ဘာ ၁၁ ရက် မွန်းလွဲပိုင်းကလည်း စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမြို့၊ စစ်ကဲကြီးရပ်ကွက်ရှိ မြို့နယ်ပြည်သူ့ဆေးရုံသို့ ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်ဖြင့် Drop Bomb ချ တိုက်ခိုက်ခဲ့ရာ ဆေးရုံဝန်းအတွင်းရှိ သံဃာကုသဆောင်နှင့် ဆေးရုံအစည်းအဝေးခန်းမနေရာတို့တွင် ဗုံးများကျရောက်ပေါက်ကွဲခဲ့ရာ ဆေးရုံအဆောက်အအုံ၏ ပြတင်းပေါက်၊ မှန်တံခါးများ၊ မျက်နှာကြက်များ၊ အဆောက်အအုံနံရံများ၊ ရေပိုက်လိုင်းများနှင့် အခြားပရိဘောဂပစ္စည်းများ ဗုံးစထိမှန်ပျက်စီးခဲ့ရသည်။

ဆေးရုံများသည် လူသားတို့၏ အသက်အန္တရာယ်ကို ကာကွယ်စောင့်ရှောက်ပေးရာ နေရာများဖြစ်ပြီး စစ်ရေးပဋိပက္ခများအတွင်း၌ပင် အထူးကာကွယ်စောင့်ရှောက်ရမည့် အဆောက်အအုံများဖြစ်သည်။ ထိုသို့သော ကျန်းမာရေးစောင့်ရှောက်မှုနေရာများကို တိုက်ခိုက်ခြင်းသည် အဆောက်အအုံတစ်ခုပျက်စီးခြင်းမျှသာမဟုတ်ဘဲ ပြည်သူတို့၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုပါ အနှောင့်အယှက်ဖြစ်စေသည်။ ယခုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သော ဒေသခံတိုင်းရင်းသားပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးလျက်ရှိသည့် ဆေးရုံကို ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်ဖြင့် တိုက်ခိုက်ခြင်းသည် ဂျီနီဗာကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အရ စစ်ရာဇဝတ်မှု (War Crime) ကို ကျူးလွန်ခြင်းဖြစ်ပေသည်။

ထိုသို့သော အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ဆေးရုံ၏ ပုံမှန်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ထိခိုက်နှောင့်ယှက်ခံရခြင်းသည် ရောဂါဝေဒနာခံစားနေရသူများ၊ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များနှင့် အရေးပေါ်ဆေးကုသမှုခံယူရန် လိုအပ်နေသူများအတွက်ပါ အခက်အခဲ၊ အကျပ်အတည်းများကို ဖြစ်ပေါ်စေသဖြင့် ယခုကဲ့သို့ အကြမ်းဖက်သမားတို့၏ အကြမ်းဖက်လုပ်ရပ်များသည် ဒေသတစ်ခု၏ တည်ငြိမ်အေးချမ်းရေးကိုသာမက ပြည်သူများ၏ နေ့စဉ်လူမှုဘဝနှင့် အနာဂတ် ဖွံ့ဖြိုးတိုးတက်ရေးကိုပါ ထိခိုက်စေသည့် လုပ်ရပ်များဖြစ်သည်။

နိုင်ငံတစ်နိုင်ငံနှင့် ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကျဆုံးလိုအပ်ချက်မှာ တည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံမှုရှိရေးပင်ဖြစ်သည်။ ထို့ကြောင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်၊ ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို ပစ်မှတ်ထားတိုက်ခိုက်သည့် အကြမ်းဖက်လုပ်ရပ်များအပေါ် ဒေသခံပြည်သူများက စက်ဆုပ်ရွံရှာစွာ ကန့်ကွက်ရှုတ်ချလျက်ရှိသကဲ့သို့ ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကန့်ကွက်ရှုတ်ချကြရန် လိုအပ်ပေသည်။

သို့ဖြစ်ပါ၍ ပြည်သူများ၏ အသက်အန္တရာယ်နှင့် လူမှုဘဝလုံခြုံရေးကို ခြိမ်းခြောက်နေသည့် အကြမ်းဖက်သမားတို့၏ ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်ဖြင့် စစ်ရေးနှင့်မသက်ဆိုင်သော ဒေသခံတိုင်းရင်းသားပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးလျက်ရှိသည့် ဆေးရုံကို Drop Bomb ချတိုက်ခိုက်ခဲ့သည့်လုပ်ရပ်ကို ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း ရေးသားလိုက်ရပေသည်။

အင်းတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီး



အင်းတော် နိုဝင်ဘာ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အင်းတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၁၆၂၇ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ အင်းတော်မြို့နယ်မှာ နှမ်း ၁၁၆၂၇ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးခဲ့ပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်"ဟု အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြသည်။

အင်းတော်မြို့နယ်တွင် ယခုနှစ် နှမ်းစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေး အတွက် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

တံတားဦးမြို့နယ် ထန်းပေါက်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

တံတားဦး နိုဝင်ဘာ ၁၃

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထန်းပေါက်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တံတားဦးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်း၊ ခရိုင်၊ မြို့နယ် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင် ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၄၃ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်း နေမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါထန်းပေါက်ကုန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၁ ဦးကို ငွေကျပ် ၁၅ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၈၂ ဦးကို ငွေကျပ် ၂၇ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူနှစ်ဦးကို ငွေကျပ် သုည ဒသမ ၆ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၅ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကျပ် ၄၃ သိန်း ထုတ်ချေးပေးထားကြောင်း တံတားဦးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်းထံမှ သိရသည်။

အောင်ရဲကျော်

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးတန်ပိသာချိန် ၅၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ပန်းတနော် နိုဝင်ဘာ ၁၃

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးတန်ပိသာချိန် ၅၂၀၀၀ ထိ တင်ပို့ရောင်းချခဲ့ကြောင်း ပန်းတနော်မြို့နယ်ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးဝင်းက ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးတန်ပိသာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလအတွင်း ငါးတန်ပိသာချိန် ၅၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်း ငါးတန်ပိသာချိန် ၅၂၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ပန်းတနော်မြို့နယ်ကနေ ထွက်တဲ့ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိက တင်ပို့ ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်က မှာယူတာများနေလို့ တင်ပို့အားကောင်းနေတာပါ။ ပြီးခဲ့တဲ့တစ်လအတွင်းမှာရော အခုလက်ရှိမှာပါ ငါးတန်တွေ တင်ပို့အားတက်လာတော့ ငါးတန်မွေးမြူသူတွေ အဆင်ပြေလာပါတယ်"ဟု ပန်းတနော်မြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးဝင်းက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးတန် ၁၀ ပိသာလျှင် ဒွေကျပ် ၁၈၅၀၀၀ မှ ၂၁၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ငါးတန်များ ရန်ကုန်ဈေးကွက်သို့ ပိုမိုတင်ပို့ရောင်းချနေရခြင်းကြောင့် ငါးတန်မွေးမြူသူများ၊ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ရေလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄/ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၉၉၃၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၃၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

သာစည်မြို့နယ် သုံးပတ်လည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

သာစည် နိုဝင်ဘာ ၁၃

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သုံးပတ်လည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက သုံးပတ်လည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိကြည့်ရှုစစ်ဆေးပြီး သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ သုံးပတ်လည်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၁ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၆ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၃ ဦး၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ၁၅၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၃ သိန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ဟိန်းထက်စိုး(မလှိုင်)



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ တမွဝတီ ခတ်တန်းရပ်နေ ကိုရွှိုင်းဒီမိုဟန်-မအိမွန်မွန်မြင့် (TMM နိဗ္ဗာန်ကုန်) မိသားစုက နှစ်ဖက်မိဘများအားရည်စူး၍ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏ နာယက ဦးကျော်ဝင်းနှင့် တာဝန်ရှိသူများက လက်ခံရယူစဉ်။

ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၂၈၁၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ဖောင်းပြင် နိုဝင်ဘာ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၂၈၁၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဖောင်းပြင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၇၀၃၅ ဧကအား စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၈၁၈ ဧကအား စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဖောင်းပြင်မြို့နယ်မှာ မြေထောက်ပဲ ဧကာ ၇၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧကာ ၂၈၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကာ ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းဖို့ ဆောင်ရွက်ပေးနေပါတယ်။ မြေထောက်ပဲစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့အတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်"ဟု ဖောင်းပြင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချစ်ဝင်းက ပြောပြသည်။

ဖောင်းပြင်မြို့နယ်တွင် မြေထောက်ပဲစိုက် တောင်သူများအနေဖြင့် စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြေထောက်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့် အပြင် ပို့လျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် မြေထောက်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်း ဆောင်ရွက်သင့်ကြောင်း ဖောင်းပြင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချစ်ဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

ငဖဲမြို့နယ် စည်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ငဖဲ နိုဝင်ဘာ ၁၃

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက စည်သာကျေးရွာ၌ ၁၁ ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါရွှေက စီမံကိန်းရည်ရွယ်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါရွှေနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၅၆ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စည်သာကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ် လုပ်ငန်းနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၆ ဦးကို ရန်ပုံငွေကျပ် ၃၅၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါရွှေထံမှ သိရသည်။ ဇင်မာ

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း အောင်နိုင်တိုးစပါး တင်းရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဓနုဖြူ နိုဝင်ဘာ ၁၃

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း အောင်နိုင်တိုးစပါးတင်းရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာလင်းက ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် စက်တင်ဘာလအတွင်းက အောင်နိုင်တိုးစပါး တင်းရေ ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလအတွင်း အောင်နိုင်တိုးစပါးတင်းရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ အောင်နိုင်တိုးစပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၅၈၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့တစ်လအတွင်း အောင်နိုင်တိုးစပါးတင်းရေ တော်တော်များများ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အများဆုံးတင်ပို့ရောင်းချနေပါတယ်။ အောင်နိုင်တိုးစပါးက ဆန်ကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ ဆန်ကြမ်းအုပ်စုထဲမှာပါပေမဲ့ လူအများစုကြိုက်နှစ်သက်တဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အောင်နိုင်တိုးစပါးကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေ ရှိနေပါတယ်"ဟု ဓနုဖြူမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာလင်းက ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း အောင်နိုင်တိုးစပါးတင်းရေအများအပြား တင်ပို့ရောင်းချခဲ့ရသည့်အတွက် စပါးစိုက်ပျိုးသူများ၊ လုပ်သားများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အင်္ဂါးလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိကာ အဆင်ပြေလျက်ရှိကြောင်း ဓနုဖြူမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူဇာလင်းက ဆက်လက်ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း



ကနစိုးသီးမှ ရရှိနိုင်သည့် ကျန်းမာရေးအကျိုးကျေးဇူးများ

ဒေါက်တာလပြည့်ခင်



ကနစိုးသီး

ကနစိုးသီးသည် မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှဒေသများတွင် ရာသီအလိုက်လှိုင်လှိုင် ထွက်ရှိတတ်သော သီးနှံတစ်မျိုးဖြစ်ပြီး အပြင်ခွံဝါဖန့်ဖန့်ကလေးနှင့် အတွင်းသားအကြည်ရောင် သို့မဟုတ် အဖြူရောင်အမြွှာကလေးများနှင့် ခရမ်းရောင်မကျ၊ ပန်းရောင်မကျအစေ့ကလေးများ ပါဝင်သည့် ချိုချိုချဉ်ချဉ်အရသာရှိပြီး ထူးခြားသောရနံ့နှင့် အရသာကြောင့် အများစုက ကြိုက်နှစ်သက်ကြသည့် အသီးတစ်မျိုးဖြစ်သည်။ ကနစိုးသီးများသည် စပျစ်သီးခိုင်ကဲ့သို့ အပြွတ်လိုက်အခိုင်လိုက်သီးသဖြင့် အင်္ဂလိပ်လူမျိုးများက မြန်မာစပျစ်သီး(Burmese Grape)ဟု အမည်ပေးထားခြင်းဖြစ်သည်။ သိပ္ပံအမည်မှာ Baccaurea ramiflora ဖြစ်ပြီး ယခင်က Euphorbiaceae မျိုးရင်းဝင်အဖြစ် သတ်မှတ်ခဲ့ကြသော်လည်း ယခုအခါ Phyllanthaceae မျိုးရင်း (Family)ဝင် ဖြစ်နေသည်။ ကနစိုးပင်သည် အမြင့် ပေ ၄၀ မှ ၅၀ ထိရှိပြီး သုံးပေမှ ငါးပေခန့် ပင်စည်လုံးပတ်ရှိသည့် အမြဲစိမ်းပင်မျိုးဖြစ်ပြီး မြန်မာပြည် အထက်ပိုင်းဒေသများနှင့် အောက်ပိုင်းဒေသများကဲ့သို့ မိုးများသည့်ဒေသများတွင် ပေါက်ရောက်လေ့ရှိသည်။

ကနစိုးသီးဓာဝစ်မြစ်

ကနစိုးပင်သည် အာရှတိုက်၏ အပူပိုင်းဒေသများဖြစ်သော မြန်မာ၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ထိုင်း၊ မလေးရှား၊ လာအိုနှင့် ဗီယက်နမ် စသည့် အရှေ့တောင်အာရှနှင့် တောင်အာရှနိုင်ငံများတွင် မူလစတင်ပေါက်ရောက်ခဲ့သော ဒေသစဉ်သီးနှံ(Native Fruit) ဖြစ်သည်။

ကနစိုးသီးတွင်ပါဝင်သော အာဟာရဓာတ်များ

ချိုချဉ်အရသာရှိသောကနစိုးသီးတွင် ကျန်းမာရေးအတွက်လိုအပ်သော ဗီတာမင်နှင့် သတ္တုဓာတ်များစွာပါဝင်သည်။ အထူးသဖြင့် သွေးအားကောင်းစေပြီး အရိုး၊ သွားများကို သန်မာစေသည့် ကယ်လ်စီယမ်နှင့် သံဓာတ်၊ ကိုယ်ခံအားစနစ်ကို မြှင့်တင်ပေးသည့် ဗီတာမင်စီ၊ ပရိုတင်း၊ ဆဲလ်များပျက်စီးမှုကို ကာကွယ်ပေးသည့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ၊ အစာခြေစနစ်ကို အထောက်အကူပြုသည့် အမျှင်ဓာတ်၊ ရေဓာတ်ဖြည့်တင်းပေးပြီး အပူဒဏ်ကိုလျှော့ချပေးသည့် ရေဓာတ်၊ မဂ္ဂနီစီယမ်၊ ဖော့စဖရတ်၊ ပိုတက်စီယမ်နှင့် ဆိုဒီယမ်တို့ ပါဝင်နေသည်။

ကိုယ်အလေးချိန်ကျစေနိုင်ခြင်း

ကနစိုးသီးတွင် ဗီတာမင်စီ ကြွယ်ဝစွာပါဝင်သောကြောင့် ကျန်းမာသောကိုယ်အလေးချိန်ကို ထိန်းသိမ်းပေးနိုင်ရန်နှင့် ကိုယ်အလေးချိန်ကို လျော့ကျစေရန် အကောင်းဆုံးအားဖြည့်ပေးနိုင်သည်။

ကိုယ်ခံအားကောင်းစေနိုင်ခြင်း

ကနစိုးသီးသည် ဗီတာမင်စီ ကြွယ်ဝသကဲ့သို့ သံဓာတ်ပါဝင်မှုကြောင့် သွေးအားကောင်းစေပြီး ကိုယ်ခံအားကောင်းစေရန် အကောင်းဆုံးအားဖြည့်ပေးနိုင်သောကြောင့် ကနစိုးသီးကို နေ့စဉ်အနည်းငယ်စီစားပေးခြင်းဖြင့် ကိုယ်ခံအားကောင်းစေမည်ဖြစ်သည်။ ဗီတာမင်စီ ကြွယ်ဝစွာပါဝင်သဖြင့် ခန္ဓာကိုယ်ကိုရောဂါကူးစက်မှုများမှ ကာကွယ်ပေးနိုင်ပြီး ကိုယ်ခံအားစနစ်သန်မာစေသည်။

အင်အားပြည့်စေနိုင်ခြင်း

ကနစိုးသီးကိုစားသုံးခြင်းဖြင့် ကစီဓာတ်နှင့် သကြားဓာတ်များကိုချေဖျက်ပြီး လှုပ်ရှားသွားလာမှုတိုင်းအတွက်လိုအပ်သည့်အင်အား ဂလူးကို့စ်ကို ရရှိစေသောကြောင့် အင်အားများပြည့်ဝပြီး လိုအပ်သည့်အာဟာရများပြည့်ဝနေစေရန်အတွက် ကနစိုးသီးကို စားသုံးပေးသင့်သည်။

အနာကျက်မြန်စေနိုင်ခြင်း

ကနစိုးသီးသည် ကိုယ်ခံအားကောင်းသည့်အပြင် အနာကျက်စေပြီး ဆဲလ်များ၊ တစ်ရှူးများနှင့် ကိုယ်အင်္ဂါအစိတ်အပိုင်းများဆီသို့ အောက်ဆီဂျင်ရောက်ရှိမှု အားကောင်းစေသည်။

ကြွက်သားသန်မာစေနိုင်ခြင်း

ကနစိုးသီးတွင် ကြွက်သားများတည်ဆောက်မှုအပေါ် များစွာအားဖြည့်ပေးနေသည့် ပရိုတင်းဓာတ်ကြွယ်ဝစွာပါဝင်နေသောကြောင့် ကြွက်သားများသန်စွမ်းစေရန်အတွက် ပရိုတင်းလုံလောက်ပြည့်ဝစွာရရှိစေသော ကနစိုးသီးကိုစားပေးသင့်သည်။

အဖျားသက်သာစေနိုင်ခြင်း

ကနစိုးသီးတွင် ဗီတာမင်စီ ကြွယ်ဝစွာပါဝင်မှုကြောင့် ကနစိုးသီးကို မကြာခဏစားသုံးပေးခြင်းဖြင့် အအေးမိဖျားနာခြင်း၊ နာကျင်ရောင်ရမ်းခြင်းနှင့် နာစေးခြင်းကဲ့သို့ ကျန်းမာရေးပြဿနာများကို သက်သာပျောက်ကင်းစေနိုင်သည်။

အရိုးသန်မာစေနိုင်ခြင်း

ကနစိုးသီးတွင် ကယ်လ်စီယမ်ဓာတ် ပါဝင်နေသောကြောင့် အရိုးပွခြင်းမဖြစ်စေရန် ကာကွယ်ပေးပြီး အရိုးများကိုသန်မာစေကာ အရိုးသိပ်သည်းဆကို အားဖြည့်ပေးနိုင်သည်။ အရိုးကျန်းမာသန်စွမ်းစေရန်အတွက် ကယ်လ်စီယမ်ဓာတ် ပြည့်ဝချင်သည် ဆိုပါက ကနစိုးသီးကို စားသုံးပေးနိုင်သည်။

အစာခြေစနစ်ကို အထောက်အကူပြုနိုင်ခြင်း

ကနစိုးသီးတွင် သဘာဝအမျှင်ဓာတ်ပါဝင်သောကြောင့် ကနစိုးသီးကို စားသုံးပေးခြင်းဖြင့် ဝမ်းမှန်စေနိုင်သည်။

အသားအရေစိုပြည်စေနိုင်ခြင်း

ကနစိုးသီးတွင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများပါဝင်သဖြင့် ကနစိုးသီးကို သင့်တင့်မျှတစွာစားသုံးပေးခြင်းဖြင့် အိုမင်းရင့်ရော်မှုကို နှေးကွေးစေပြီး အသားအရေကို စိုပြည်လှပစေနိုင်သည်။

အပူဒဏ်ကိုသက်သာစေနိုင်ခြင်း

ကနစိုးသီးတွင် ရေဓာတ်နှင့် သတ္တုဓာတ်များကြွယ်ဝစွာပါဝင်သဖြင့် ပူပြင်းသည့် နွေရာသီနှင့် မိုးဦးကျကာလများတွင် ရေဓာတ်နှင့် သတ္တုဓာတ်များကို ဖြည့်တင်းပေးပြီး ခန္ဓာကိုယ်အပူကို ကျစေနိုင်သဖြင့် အဆိုပါကာလများတွင် ကနစိုးသီးကို သင့်တင့်စွာစားသုံးပေးနိုင်သည်။

သတိပြုရန်လိုသောအချက်များ

ကနစိုးသီးတွင် အာဟာရဓာတ်ပြည့်ဝစွာပါဝင်နေသော်လည်း ကနစိုးသီးသည် အချဉ်ဓာတ်ပါဝင်သည့်အသီးဖြစ်သဖြင့် အစာအိမ်ရောဂါ သို့မဟုတ် အစာအိမ်အချဉ်ပြန်တတ်သူများအနေဖြင့် ကနစိုးသီးကို ပမာဏလွန်ကဲစွာစားသုံးပါက ဝမ်းကိုက်ခြင်း၊ ဝမ်းလျှောခြင်း၊ ပျို့အန်ခြင်း၊ အစာအိမ်ရောင်ခြင်း သို့မဟုတ် ဗိုက်အောင့်ခြင်းများ ဖြစ်ပွားနိုင်သည်။ အချဉ်ဓာတ်ကြောင့် သွားဖုံးနှင့် သွားအကြောများ ကျိန်းစပ်နိုင်သဖြင့် စားပြီးပါက ပလုတ်ကျင်းပေးသင့်သည်။ ကနစိုးသီးကို တစ်ကြိမ်တည်းဖြင့် ပမာဏအများအပြားစားသုံးပါက ဝမ်းပျော့ခြင်း သို့မဟုတ် ဝမ်းလျှောခြင်းဖြစ်ပွားနိုင်သောကြောင့် သတိပြုစားသုံးရန်လိုသည်။

အနှစ်ချုပ်

ကနစိုးသီးသည် မြန်မာနိုင်ငံ၏ ရာသီပေါ် သဘာဝသစ်သီးတစ်မျိုးဖြစ်ပြီး အရသာရှိရုံသာမက ကိုယ်အလေးချိန်ကိုထိန်းညှိပေးနိုင်ခြင်း၊ အနာကျက်မြန်စေခြင်း၊ ကိုယ်ခံအားကောင်းမွန်စေခြင်း၊ အအေးမိဖျားနာခြင်းကို သက်သာစေခြင်း၊ နာစေးခြင်းကို သက်သာစေခြင်း၊ ကြွက်သားနှင့်အရိုးများကို ကျန်းမာစေခြင်း၊ အရိုးပွခြင်းကို ကာကွယ်ပေးခြင်း၊ အပူနာအမျိုးမျိုးကို သက်သာစေခြင်း၊ ချွေးထွက်လွန်သောရောဂါများကို သက်သာစေခြင်း၊ ဆီး၊ ဝမ်း၊ လေကိုမှန်စေခြင်းစသည်ဖြင့် ကျန်းမာရေးအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းနိုင်သော သီးနှံဖြစ်သည်။ သို့သော်လည်း အခြားအချဉ်ကဲသော သစ်သီးများကဲ့သို့ပင် ကနစိုးသီးကိုလည်း အစာလည်းဆေး ဆေးလည်းအစာဆိုသကဲ့သို့ သင့်တင့်မျှတစွာစားသုံးပေးခြင်းဖြင့် ကျန်းမာရေးအကျိုးကျေးဇူးများစွာ ရရှိနိုင်မည်ဖြစ်ကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။

❖ ချိုချဉ်အရသာရှိသော ကနစိုးသီးတွင် ကျန်းမာရေးအတွက်လိုအပ်သော ဗီတာမင်နှင့်သတ္တုဓာတ်များစွာပါဝင်သည်။ အထူးသဖြင့် သွေးအားကောင်းစေပြီး အရိုး၊ သွားများကို သန်မာစေသည့် ကယ်လ်စီယမ်နှင့် သံဓာတ်၊ ကိုယ်ခံအားစနစ်ကို မြှင့်တင်ပေးသည့် ဗီတာမင်စီ၊ ပရိုတင်း၊ ဆဲလ်များပျက်စီးမှုကို ကာကွယ်ပေးသည့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ၊ အစာခြေစနစ်ကို အထောက်အကူပြုသည့် အမျှင်ဓာတ်၊ ရေဓာတ်ဖြည့်တင်းပေးပြီး အပူဒဏ်ကိုလျှော့ချပေးသည့် ရေဓာတ်၊ မဂ္ဂနီစီယမ်၊ ဖော့စဖရတ်၊ ပိုတက်စီယမ်နှင့် ဆိုဒီယမ်တို့ ပါဝင်နေသည်။ ❖

ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

အလုပ်သမားဝန်ကြီးဌာန

လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချို အိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကိုပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

အရာတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၂၀၄ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



အရာတော် နိုဝင်ဘာ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၂၀၄ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း အရာတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အရာတော်မြို့နယ်တွင် နေကြာ ၇၇၅၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၂၀၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ နေကြာဧက ၇၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပြည်ပက စားအုန်းဆီတင်သွင်းမှုကို လျှော့ချနိုင်ဖို့ ဆီထွက်သီးနှံနေကြာကို တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးသွားပါမယ်။ နေကြာရဲ့ တစ်ဧက ဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက် ပိုများပါတယ်"ဟု အရာတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးက ပြောပြသည်။

အရာတော်မြို့နယ်တွင် နေကြာသီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက နေကြာစိုက်ပျိုးတောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်ဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

ယခုနှစ် အရာတော်မြို့နယ်တွင် နေကြာသီးနှံစိုက်တောင်သူများကို မျိုးစေ့များ ပံ့ပိုးပေးခြင်း၊ ယူရီးယားဓာတ်မြေဩဇာများကို ချိုသာသော ဈေးနှုန်းဖြင့် ရောင်းချပေးခြင်း၊ ထွက်ရှိလာသော နေကြာမျိုးများကို တောင်သူမှတောင်သူဖလှယ်သည့် နည်းစနစ်များဖြင့် ဖြန့်ဖြူးပေးလျက် ရှိကြောင်း သိရသည်။

ဆီထွက်သီးနှံနေကြာကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုး တိုးတက်လာနိုင်မည်ဖြစ်ရာ နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်စိုးက ပြောပြ၍ သိရသည်။

(၂၀၆)

ဧရာဝတီရိမြို့နယ် သစ်တပ်ကလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

နေပြည်တော် နိုဝင်ဘာ ၁၃

ပြည်ထောင်စုနယ်မြေနေပြည်တော် ဧရာဝတီရိခရိုင် ဧရာဝတီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သက်နှင်းအင်းကျေးရွာအုပ်စု သစ်တပ်ကလေးကျေးရွာ၌ အဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရွေးဦးစွာ ဧရာဝတီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က သစ်တပ်ကလေးကျေးရွာ၌ ရပ်မိရပ်ဖများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ ကျေးလက်နေပြည်သူများအလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန်၊ တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၆၈ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက သစ်တပ်ကလေးကျေးရွာရှိ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၅၀ ကို ငွေကျပ် သိန်း ၃၁၀၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ ၆၁ ဦးကို ငွေကျပ် ၂၃၆ သိန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၂၂ သိန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၅ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၆၈သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ဆက်လူ**

လူဝန်းကျင်

- ပတ်ဝန်းကျင် ကောင်းလျှင်ဖြင့်
ပြောင်းလဲကြ လူများစွာ၊
အကြံဉာဏ် အတွေးအယူဆ
ဖေးကူမကာ၊
အပေါင်းသင်းနှင့် မိဘဆရာ
အဓိကသာ သင်ကြားပြ၊
ကျင်လည်ရာ လူဝန်းကျင်က
တွန်းတင်ကာမ။

- ရိုင်းပျသူ လူဗာလ
တုလာကြ အမူအကျင့်မှာ၊
ဆဲရေးတိုင်းထွာ ကုန်းချောစကား
အမုန်းပွားရာ၊
ကိုယ်နှုတ်နလုံး ရိုင်းစိုင်းစွာ
ပြုကျင့်ကာ နေထိုင်ကြ၊
ကြမ်းတမ်းသူ အကျင့်မျိုး
ဆိုးတတ်ပေစွ။

- ဗုဒ္ဓရှင် အလိုကျတရား
မိန့်ဆိုစကား နားထောင်၊
မကောင်းသည့်နေရာ အဝေးခွာငြား
ပြေးခွာလို့ရှောင်၊
ဝန်းကျင်မကောင်းတော့ အမြဲမှောင်
ညသန်းခေါင် မိုးလေကဲသို့၊
တွန်းတင်ပြောင်းလဲဖို့ဆိုရင်ဖြင့်-
ဝန်းကျင်ကောင်းကို လက်တွဲကာ
အမြဲဆောင်ကြစို့။ ။

ရွှေတိုး(ထုံးဘို)

မင်းလှမြို့နယ် အရှေ့သင်အိုင်ကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းနေမှု စစ်ဆေး

မင်းလှ နိုဝင်ဘာ ၁၃

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အရှေ့သင်အိုင်ကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းနှင့် ဝန်ထမ်းများက အရှေ့သင်အိုင်ကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှု စစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့် တွေ့ဆုံကာ မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါကျေးရွာ၌ လမ်းတစ်ဖက်လျှင် အရှည်ပေ ၆၇၀၊ အကျယ် နှစ် ပေ၊ အမြင့် ခြောက်လက်မစီရှိ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၃ ဒသမ ၈၇ သန်း စုစုပေါင်း ငွေကျပ် ၁၈ ဒသမ ၈၇ သန်းဖြင့် ဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၆ ခုနှစ် စက်တင်ဘာလ စတုတ္ထပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အေးမြတ်

ရီပတ်ဘလီကန်နှစ်ဦးနှင့် ဒီမိုကရက်တစ်နှစ်ဦး လာမည့် ၂၀၂၈ ခုနှစ် အမေရိကန်သမ္မတ ရွေးကောက်ပွဲ၌ အလားအလာကောင်းနေ

ဝါရှင်တန် နိုဝင်ဘာ ၁၃

လာမည့် ၂၀၂၈ ခုနှစ် အမေရိကန်သမ္မတ ရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်နိုင်ဖွယ်ရှိသူများ အနက် လေးဦးကို အမေရိကန်မဲဆန္ဒရှင်ပြည်သူများက အာရုံစိုက်နေကြောင်း နိုဝင်ဘာ ၁၂ ရက်သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

လာမည့် ၂၀၂၈ ခုနှစ် ရွေးကောက်ပွဲ၌ သမ္မတလောင်းများအဖြစ် ပါဝင်ယှဉ်ပြိုင်နိုင်ဖွယ်ရှိသော အဆိုပါနိုင်ငံရေးသမား လေးဦးတို့မှာ ရီပတ်ဘလီကန် ပါတီမှ လက်ရှိဒုတိယသမ္မတ ဂျေဒီဗင့်စ်၊ နိုင်ငံခြားရေးဝန်ကြီးမာကိုရူဗီယို၊ ဒီမိုကရက်တစ် ပါတီမှ အထက်လွှတ်တော်အမတ် ဂျွန်အော့ဆော့ဖ်၊ သယ်ယူပို့ဆောင်ရေးဝန်ကြီးဟောင်း ပက်ဘတ်တီဂျက်တို့ဖြစ်ကြောင်း သိရသည်။

လူထုသဘောထား စစ်တမ်းကောက်ခံချက် ရလဒ်များအရ ရီပတ်ဘလီကန် မဲဆန္ဒရှင် ၄၅ ရာခိုင်နှုန်းတို့က နိုင်ငံခြားရေးဝန်ကြီးမာကိုရူဗီယိုကို အကောင်းဆုံးသမ္မတလောင်းအဖြစ် ရွေးထားပြီး ၄၃ ရာခိုင်နှုန်းတို့က ဒုတိယသမ္မတ ဂျေဒီဗင့်စ်ကို အကောင်းဆုံး သမ္မတလောင်း အဖြစ် ရွေးထားကြသည်။

ဒီမိုကရက်တစ် မဲဆန္ဒရှင် ၂၉ ရာခိုင်နှုန်းတို့က သယ်ယူပို့ဆောင်ရေးဝန်ကြီးဟောင်း ပက်ဘတ်တီဂျက်ကို အကောင်းဆုံးသမ္မတလောင်းအဖြစ် ရွေးထားပြီး အခြား ၂၉ ရာခိုင်နှုန်းက အထက်လွှတ်တော်အမတ် ဂျွန်အော့ဆော့ဖ်ကို အကောင်းဆုံးသမ္မတလောင်းအဖြစ် ရွေးထားကြောင်း သိရသည်။

လက်ရှိ ရီပတ်ဘလီကန်သမ္မတ ဒေါ်နယ်ထရမ့်မှာ အီရန်စစ်ရေး ပဋိပက္ခကြောင့် လူထုထောက်ခံမှုနှုန်းကျဆင်းမှုနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။ **Ref : Xinhua**

Trs : KKO

အမေရိကန်နိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး ကွယ်လွန်



မော်စကို နိုဝင်ဘာ ၁၃

အမေရိကန်နိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး အလက်ဇန်းဒါး ဒါချီအက်ဗ်သည် အသက် ၆၆ နှစ်တွင် ကွယ်လွန်ခဲ့ကြောင်း ရုရှားနိုင်ငံခြားရေး ဝန်ကြီးဌာန နိုဝင်ဘာ ၁၂ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

သံအမတ်ကြီး အလက်ဇန်းဒါး ဒါချီအက်ဗ်သည် နာတာရှည် ရောဂါကြောင့် နိုဝင်ဘာ ၁၁ ရက်တွင် ကွယ်လွန်ခဲ့ခြင်းဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

သံအမတ်ကြီး အလက်ဇန်းဒါး ဒါချီအက်ဗ်သည် ထူးချွန်ထက်မြက်သည့် သံတမန်တစ်ဦးဖြစ်သကဲ့သို့ အမေရိကန်နိုင်ငံနှင့် ပတ်သက်၍လည်း ကျွမ်းကျင်ပညာရှင်တစ်ဦးဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်အရ သိရသည်။

ဝါရင့်သံတမန် အလက်ဇန်းဒါး ဒါချီအက်ဗ်ကို အမေရိကန်နိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီးအဖြစ် ရုရှားသမ္မတ ပူတင်က ၂၀၂၅ ခုနှစ်တွင် ရွေးချယ်ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

သမ္မတဒေါ်နယ်ထရမ့်ဦးဆောင်သော အမေရိကန်အစိုးရအဖွဲ့နှင့် ပြန်လည် ထိတွေ့ဆက်ဆံရေး ကြိုးပမ်းမှုများကို ဦးဆောင်ရန် သမ္မတပူတင်က အလက်ဇန်းဒါး ဒါချီအက်ဗ်ကို သံအမတ်ကြီးအဖြစ် ရွေးချယ် ခန့်အပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **Ref : RT**

Trs : KKO

ယူကရိန်းငြိမ်းချမ်းရေးဆွေးနွေးပွဲများ၌ ဥရောပကိုယ်စားလှယ်များကို ပါဝင်ခွင့်ပေးရန် ရုရှားသမ္မတပူတင် သဘောတူ



မော်စကို နိုဝင်ဘာ ၁၃

ထပ်မံကျင်းပမည့် ယူကရိန်း ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ၌ ဥရောပ ကိုယ်စားလှယ်များကို ပါဝင်ခွင့်ပေးရန် ရုရှားသမ္မတပူတင်က နိုဝင်ဘာ ၁၂ ရက်တွင် သဘောတူခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

မော်စကိုမြို့၌ အမေရိကန်သမ္မတဒေါ်နယ်ထရမ့်၏ အထူးသံတမန် စတီဗ်ဝစ်ကော့ဖ်၊ ဂျရက်ကုရ်နာတို့နှင့် တွေ့ဆုံဆွေးနွေးပြီးနောက် ယူကရိန်းငြိမ်းချမ်းရေး ဆွေးနွေးပွဲများ၌ ဥရောပကိုယ်စားလှယ်များကို ပါဝင်ခွင့်ပေးရန် ရုရှားသမ္မတပူတင်က သဘောတူခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် ဥရောပသည် ယူကရိန်း၌ စစ်ကိုလိုလားသည် သို့မဟုတ် ငြိမ်းချမ်းရေးကို လိုလားသည် စသည့်အချက်များကို နားလည်နိုင်ရန် အမေရိကန်နိုင်ငံသည် ဥရောပမဟာမိတ်များနှင့် ဆွေးနွေးသင့်ကြောင်း သမ္မတပူတင်က ပြောကြားထားသည်။

ယူကရိန်း ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ၌ ဥရောပ ကိုယ်စားလှယ်များ ပါဝင်နိုင်မည်ဖြစ်ကြောင်း ရုရှားသမ္မတပူတင်နှင့် ဆွေးနွေးပြီးနောက် အမေရိကန် အထူးသံတမန်စတီဗ်ဝစ်ကော့ဖ်၊ ဂျရက်ကုရ်နာတို့သည် ယူကရိန်းစစ်ရေးပဋိပက္ခ ပြီးဆုံးရေး ကြိုးပမ်းမှုများအတွက် အဓိက ခြေလှမ်းတစ်ရပ် ဖြစ်လာနိုင်သည်။

အမေရိကန် အထူးသံတမန် စတီဗ်ဝစ်ကော့ဖ်၊ ဂျရက်ကုရ်နာတို့သည် ရုရှားသမ္မတပူတင်နှင့် တွေ့ဆုံဆွေးနွေး ပြီးနောက် အိုင်ယာလန်နိုင်ငံ ဒဗ္ဗလင်မြို့သို့ ဆက်လက် သွားရောက်ခဲ့ပြီး ယူကရိန်းသမ္မတ ဇီလန်စကီးနှင့် တွေ့ဆုံ ဆွေးနွေးခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

ဟော်မုဇ်ရေလက်ကြားဒေသ၌ ရေနံတင်သင်္ဘော်လေးစီး ပေါက်ကွဲ

တီဟီရန် နိုဝင်ဘာ ၁၃

မဟာဗျူဟာမြောက် ဟော်မုဇ်ရေလက်ကြားဒေသ၌ ရေနံတင်သင်္ဘော်လေးစီး ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း အီရန်တော်လှန်ရေး အစောင့်တပ်က နိုဝင်ဘာ ၁၂ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ ရေနံတင်သင်္ဘောများသည် သတိပေးမှုများကို လျစ်လျူရှု၍ ဟော်မုဇ်ရေလက်ကြား၏ ကန့်သတ်ရေပြင်များ အတွင်း ဝင်ရောက်ခဲ့ကြောင်း အီရန်တော်လှန်ရေး အစောင့်တပ်သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

အမေရိကန်နှင့် အီရန်နိုင်ငံတို့ကြား စစ်ရေးပဋိပက္ခ လျော့ကျလာမည့်အရိပ်အယောင်များ ပေါ်ထွက်နေသည့်တိုင် ဟော်မုဇ်ရေလက်ကြားကို ဖြတ်သန်းနေသော ရေနံတင်သင်္ဘောများမှာ တိုက်ခိုက်မှုများနှင့် ရင်ဆိုင်နေရဆဲဖြစ်သည်။

နိုဝင်ဘာ ၁၁ ရက်တွင် ဖြစ်ပွားခဲ့သည့် ပေါက်ကွဲမှုကြောင့် ရေနံတင်သင်္ဘောလေးစီးအနက် နှစ်စီးမှာ ရှေ့မဆက်နိုင်ကြောင်း အီရန်တော်လှန်ရေး အစောင့်တပ်၏အဆိုအရ သိရသည်။

အခြား ရေနံတင်သင်္ဘော်နှစ်စီးမှာ နိုဝင်ဘာ ၁၂ ရက်တွင် ရေမြုပ်မိုင်းထိမှန်မှုကြောင့် ပေါက်ကွဲခဲ့ရခြင်းဖြစ်ကြောင်း အီရန်အစိုးရမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ ရေနံတင်သင်္ဘော်နှစ်စီးသည် ဟော်မုဇ်ရေလက်ကြား အရှေ့ပိုင်း ကန့်သတ်ရေပြင် အတွင်းသို့ သတိပေးချက်များကို လျစ်လျူရှု ဝင်ရောက်ခဲ့ခြင်းကြောင့် ရေမြုပ်မိုင်းထိမှန်ခဲ့ခြင်း ဖြစ်ကြောင်း အီရန်မီဒီယာများ၏ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ယခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် အီရန်စစ်ရေးပဋိပက္ခ စတင်ခဲ့ပြီးနောက် အီရန်တော်လှန်ရေး အစောင့်တပ်သည် ဟော်မုဇ်ရေလက်ကြားဖြတ် ရေနံတင်သင်္ဘောများကို စတင်တိုက်ခိုက်ခဲ့ရာ ကမ္ဘာ့ရေနံစျေးကွက်၌ ရေနံစျေးနှုန်းများ မြင့်တက်လာခဲ့ရကြောင်း သိရသည်။ **Ref : RT**

Trs : KKO

ယူအေအီးနိုင်ငံ၌ ယာဉ်တိုက်မှုဖြစ်ပွား၊ လူ ၁၄ ဦးသေဆုံး၍ ဦးရေ ၃၀ ဒဏ်ရာရ

ဒူဘိုင်း နိုဝင်ဘာ ၁၃

ယူအေအီးနိုင်ငံ ဖူဂျာရာမြို့၌ နိုဝင်ဘာ ၁၂ ရက်က ယာဉ်တိုက်မှုတစ်ခုဖြစ်ပွားခဲ့ရာ လူ ၁၄ ဦး သေဆုံး၍ ဦးရေ ၃၀ ဒဏ်ရာရခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။



အဆိုပါ ယာဉ်တိုက်မှုသည် ဖူဂျာရာမြို့ အဝင်လမ်းဖြစ်သည့် ရှိတ်ခ်ခါလီဖာဘင်ဇာယက် လမ်းပေါ်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အဆိုပါ ယာဉ်တိုက်မှုဖြစ်စဉ်အတွင်း အရှိန်မထိန်းနိုင်သော ကုန်တင်ယာဉ်တစ်စီးက အခြားမော်တော်ယာဉ်များကို ဝင်တိုက်ခဲ့ပြီးနောက် တိမ်းမှောက်မီးလောင်ခဲ့ခြင်းဖြစ်သည်။

ကုန်တင်ယာဉ် ဝင်တိုက်ခဲ့သည့် မော်တော်ယာဉ်များမှာ ယာဉ်ကြောပိတ်ဆို့နေမှုကြောင့် ရပ်တန့်ထားသည့် မော်တော်ယာဉ်များ ဖြစ်ကြောင်း သိရသည်။

ကုန်တင်ယာဉ် မီးလောင်မှုသည် ယာဉ်တိုက်မှုအတွင်း ပျက်စီးခဲ့သော အခြားမော်တော်ယာဉ်များကို ဆက်လက်ကူးစက်ခဲ့သည်ဟု ယူအေအီးရဲတပ်ဖွဲ့က သတင်း ထုတ်ပြန်ထားကြောင်း သိရသည်။ **Ref : Xinhua**

Trs : KKO

နာဆာ၏ ESCAPADE မစ်ရှင် အာကာသယာဉ်နှစ်စင်းက ကမ္ဘာဂြိုဟ်ကို အနီးကပ်ဖြတ်ကျော်ပျံသန်းခဲ့



ဝါရှင်တန် နိုဝင်ဘာ ၁၃

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ESCAPADE မစ်ရှင် အာကာသယာဉ်နှစ်စင်းသည် ကမ္ဘာဂြိုဟ်ကို အနီးကပ် ဖြတ်ကျော်ပျံသန်းခဲ့ကြောင်း နိုဝင်ဘာ ၁၂ ရက် သတင်းများအရ သိရသည်။

ESCAPADE မစ်ရှင်အာကာသယာဉ်နှစ်စင်းသည် အင်္ဂါဂြိုဟ်ခရီးစဉ်အတွက် ဒြပ်ဆွဲအားအကူအညီ ရယူရန် ကမ္ဘာဂြိုဟ်ကို အနီးကပ် ဖြတ်ကျော်ပျံသန်းခဲ့ခြင်းဖြစ်သည်။

ESCAPADE မစ်ရှင် အာကာသယာဉ်နှစ်စင်းသည် ကမ္ဘာဂြိုဟ်ကို အနီးကပ် ဖြတ်ကျော်ပျံသန်းခဲ့ပြီး နောက် လက်ရှိအချိန်တွင် အင်္ဂါဂြိုဟ်ခရီးစဉ်ကို စတင်နေပြီဖြစ်ကြောင်း နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

ESCAPADE မစ်ရှင် အာကာသယာဉ်နှစ်စင်းအနက် ပထမဆုံးတစ်စင်းမှာ နိုဝင်ဘာ ၇ ရက်တွင် ကမ္ဘာဂြိုဟ်ကို မိုင်ပေါင်း ၁၀၀၀ ခန့်အကွာမှ ဖြတ်ကျော်ပျံသန်းခဲ့ပြီး ဒုတိယမြောက် အာကာသယာဉ်မှာ နိုဝင်ဘာ ၉ ရက်တွင် ကမ္ဘာဂြိုဟ်ကို မိုင်ပေါင်း ၆၅၀ အကွာမှတစ်ဆင့် ဖြတ်ကျော်ပျံသန်းခဲ့ကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားသည်။

ESCAPADE မစ်ရှင် အာကာသယာဉ်နှစ်စင်းသည် ၂၀၂၇ ခုနှစ် စက်တင်ဘာလတွင် အင်္ဂါဂြိုဟ်သို့ ရောက်ရှိနိုင်ကြောင်း သိရသည်။

နာဆာအဖွဲ့သည် ESCAPADE မစ်ရှင် အာကာသယာဉ်နှစ်စင်းကို ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁၃ ရက်တွင် ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

မျိုးဥအိမ်ကင်ဆာဖြစ်နိုင်ခြေကို ဖော်ထုတ်ရာတွင် သွေးအတွင်းရှိမော်လီကျူးများက အထောက်အကူပြုနိုင်

နယူးယောက် နိုဝင်ဘာ ၁၃

သွေးလည်ပတ်မှုစနစ်အတွင်းရှိ မော်လီကျူးသဲလွန်စများသည် မျိုးဥအိမ်ကင်ဆာရောဂါကို ဖော်ထုတ်ရာတွင် အထောက်အကူပြုနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ နိုဝင်ဘာ ၁၂ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

မျိုးဥအိမ်ကင်ဆာရောဂါသည် သားဥပြွန်အတွင်း အဏုဇီဝ အပြောင်းအလဲများဖြင့် စတင်လေ့ရှိကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ သားဥအိမ်ပြွန်အတွင်း အပြောင်းအလဲများ စတင်ပေါ်ထွက်လာသည့် အမျိုးသမီးများ၏ သွေးလည်ပတ်မှုစနစ်အတွင်း Tu-Stroma ခေါ် ရိုနိုရန်ျူကလီးအစ် အက်စစ် (RNA) မော်လီကျူးတစ်မျိုးပါဝင်မှုအဆင့် မြင့်တက်လာတတ်ကြောင်း သိရသည်။

သွေးလည်ပတ်မှုစနစ်အတွင်းရှိ Tu-Stroma မော်လီကျူးပါဝင်မှုအဆင့် တိုင်းတာကြည့်ပါက မျိုးဥအိမ်အပြောင်းအလဲများရှိနေသော အမျိုးသမီး ၉၂ ဒသမ ၃ ရာခိုင်နှုန်းတွင် ကင်ဆာဆဲလ်များ အဖြစ် ပြောင်းလဲသွားနိုင်သည့် ဆဲလ်များတည်ရှိနေသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သာမန်အားဖြင့် မျိုးဥအိမ်ကင်ဆာရောဂါကို စစ်ဆေးဖော်ထုတ်ရာတွင် ဆေးပညာရှင်များသည် အသေးစားကင်ဆာဆဲလ်များကို ရှာဖွေခြင်းဖြင့် စစ်ဆေးဖော်ထုတ်လေ့ရှိကြောင်း သိရသည်။

အဆိုပါ တွေ့ရှိချက်ကြောင့် စစ်ဆေးဖော်ထုတ်ရန် ခက်ခဲလှသည့် မျိုးဥအိမ်ကင်ဆာရောဂါကို ရှာဖွေစစ်ဆေးရေးအတွက် နည်းလမ်းသစ်တစ်မျိုး ဖန်တီးရေးအတွက် လမ်းဖွင့်ပေးနိုင်ဖွယ်ရှိကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

ပတ်သိုင်ဒါ အဆင့်မြင့်နည်းပညာသုံးဂြိုဟ်တုတစ်စင်းကို တရုတ်အမျိုးသား အာကာသသိပ္ပံနှင့်နည်းပညာကော်ပိုရေးရှင်းက အောင်မြင်စွာလွှတ်တင်

ပေကျင်း နိုဝင်ဘာ ၁၃

ပတ်သိုင်ဒါအမည်ရှိ အဆင့်မြင့် နည်းပညာသုံး ဂြိုဟ်တုတစ်စင်းကို တရုတ်အမျိုးသား အာကာသသိပ္ပံနှင့် နည်းပညာကော်ပိုရေးရှင်းက အောင်မြင်စွာ လွှတ်တင်ပေးခဲ့ကြောင်း နိုဝင်ဘာ ၁၂ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ပတ်သိုင်ဒါဂြိုဟ်တုကို လောင်းမတ်ချ်-၂ ဒီ ဒုံးပျံဖြင့် အတွင်းမွန်ဂိုလီးယားဒေသ ချိကွမ်ဂြိုဟ်တုလွှတ်တင်ရေး စခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး မကြာမီမှာပင် လောင်းမတ်ချ်-၂ ဒီ ဒုံးပျံသည် ပတ်သိုင်ဒါဂြိုဟ်တုကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း တရုတ်အမျိုးသား အာကာသသိပ္ပံနှင့် နည်းပညာကော်ပိုရေးရှင်းက သတင်းထုတ်ပြန်ထားသည်။



ပတ်သိုင်ဒါဂြိုဟ်တုကို ရှန်ဟိုင်းမြို့တော် အခြေစိုက် အသေးစားဂြိုဟ်တုများ ဆန်းသစ်တီထွင်ရေးအကယ်ဒမီက တည်ဆောက်ထားခြင်းဖြစ်သည်။

ပတ်သိုင်ဒါဂြိုဟ်တုကို ရှန်ဟိုင်းမြို့တော် အခြေစိုက် မစ်ရှင်နှင့်ပတ်သက်၍ အသေးစိတ် အချက်အလက်များကို အသေးစားဂြိုဟ်တုများ ဆန်းသစ်တီထွင်ရေး အကယ်ဒမီက ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

ပတ်သိုင်ဒါဂြိုဟ်တုမစ်ရှင်သည် လောင်းမတ်ချ် ဒုံးပျံများ၏ ၆၇၇ ကြိမ်မြောက် အာကာသမစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

ရှာဖွေတွေ့ရှိခဲ့ပြီး ခုနစ်နှစ်အကြာတွင် ပျောက်ကွယ်သွားခဲ့ရသည့် နေအဖွဲ့အစည်းပြင်ပဂြိုဟ်တစ်စင်း၏လျှို့ဝှက်ချက်ကို သိပ္ပံပညာရှင်များ ဖော်ထုတ်နိုင်

ဝါရှင်တန် နိုဝင်ဘာ ၁၃

ရှာဖွေတွေ့ရှိခဲ့ပြီး ခုနစ်နှစ်အကြာတွင် ပျောက်ကွယ်သွားခဲ့ရသည့် နေအဖွဲ့အစည်းပြင်ပဂြိုဟ်တစ်စင်း၏ လျှို့ဝှက်ချက်ကို သိပ္ပံပညာရှင်များက ဖော်ထုတ်နိုင်ခဲ့သည်ဟု နိုဝင်ဘာ ၁၂ ရက် သတင်းများတွင် ရေးသားဖော်ပြထားကြောင်း သိရသည်။

TOI-2535 b အမည်ရှိ အဆိုပါ ဂြိုဟ်သည် ကမ္ဘာဂြိုဟ်နှင့် အလင်းနှစ် ၁၀၀၀ ခန့်အကွာတွင် တည်ရှိသော နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်တစ်စင်း ဖြစ်ကြောင်း သိရသည်။

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ တက်စ်ဂြိုဟ်တုသည် TOI-2535 b ဂြိုဟ်ကို ၂၀၁၉ ခုနှစ် ဧပြီလနှင့် ၂၀၂၆ ခုနှစ် မတ်လကြားကာလအတွင်း လေ့လာနိုင်ခဲ့သော်လည်း မတ်လအစောပိုင်းမှာပင် ၎င်းဂြိုဟ်မှာ ပျောက်ကွယ်သွားခဲ့ရကြောင်း သိရသည်။

သို့ရာတွင် ကယ်လီဖိုးနီးယားတက္ကသိုလ်မှ အမေရိကန်သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ TOI-2535b ဂြိုဟ်သည် လုံးဝ ပျောက်ကွယ်သွားခြင်း မဟုတ်ဘဲ အနီးအနားရှိ အခြားဂြိုဟ်တစ်စင်း၏ ဒြပ်ဆွဲအားကြောင့် ပတ်လမ်းနေရာပြောင်းသွားခြင်းသာဖြစ်ကြောင်း သိရသည်။

မမြင်နိုင်သော အနီးအနားရှိ ကြယ်တစ်စင်း၏ ဒြပ်ဆွဲအားကြောင့် မိခင်ကြယ်ကိုဗဟိုပြု လှည့်ပတ်နေသည့် TOI-2535 b ဂြိုဟ်၏ ပတ်လမ်းမှာတိမ်းစောင်းခဲ့ရကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

TOI-2535b ဂြိုဟ်သည် TOI-2535အမည်ရှိ ကြယ်ကို ကမ္ဘာမြေရက်အားဖြင့် ၈ ဒသမ ၂၅ ရက်လျှင် တစ်ပတ်ကျ လှည့်ပတ်နေသော ဂြိုဟ်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

သက်ကြီးပိုင်းများအနေဖြင့် စတာတင်ဆေးကို တစ်ဘဝလုံးသုံးစွဲရန် လိုအပ်ဖွယ်မရှိဟုဆို

နယူးယောက် နိုဝင်ဘာ ၁၃

နှလုံး ရုတ်တရက်ဖောက်နိုင်ခြေနှင့် လေဖြတ်နိုင်ခြေတို့ကို တားဆီးရေးအတွက် စတာတင်ဆေး သုံးစွဲနေရသူ အသက် ၇၀ အထက် သက်ကြီးပိုင်းများအနေဖြင့် ၎င်းဆေးများကို ဘဝတစ်လျှောက်လုံးသုံးစွဲရန် လိုအပ်ဖွယ်မရှိကြောင်း သုတေသန ပညာရှင်များ၏အဆိုကို ကိုးကား၍ နိုဝင်ဘာ ၁၂ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ကယ်လီဖိုးနီးယားတက္ကသိုလ်မှ အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ သက်ကြီးပိုင်းများအနေဖြင့် စတာတင်ဆေးသုံးစွဲမှု ရပ်တန့်ခဲ့ပြီးနောက် နှလုံးကျန်းမာရေးပြဿနာများကြောင့် အသက်ဆုံးပါးနိုင်ခြေမြင့်မားလာနိုင်ဖွယ် မရှိကြောင်း ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် စတာတင်ဆေးသုံးစွဲနေရသူ အသက် ၇၀ အထက် သက်ကြီးပိုင်းဦးရေ ၁၈၈၀ တို့ကို အုပ်စုနှစ်စုခွဲ၍ တစ်စုကို စတာတင်ဆေးသုံးစွဲမှုရပ်တန့်စေခဲ့ပြီး တစ်စုကို ဆက်လက်သုံးစွဲစေခဲ့သည်။

စမ်းသပ်မှုကာလ နှစ်နှစ်အကြာတွင် စတာတင်ဆေးသုံးစွဲမှု ရပ်ထားသူများနှင့် ဆက်လက်သုံးစွဲသူများကြား နှလုံးရုတ်တရက်ဖောက်နိုင်ခြေနှင့် လေဖြတ်နိုင်ခြေများမှာ ခြားနားမှုမရှိသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Russia Today
Trs : KKO



တနင်္ဂနွေနေ့ညမှာ ယှဉ်ပြိုင်ကစားမဲ့ နိုင်ငံတကာဘောလုံးပြိုင်ပွဲ ပွဲစဉ်တွေထဲက ဘယ်လ်ဂျီယံ၊ စပိန်၊ ပြင်သစ်အသင်းတို့ကို အားပေးရမှာပါ

M L



ဒီတစ်ပတ်တနင်္ဂနွေနေ့ညမှာလဲ နိုင်ငံတကာဘောလုံးပြိုင်ပွဲတွေ သာ ဆက်လက်ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ ကြားရက်ပွဲစဉ်တွေ မှာတော့ အီတလီအသင်းက ပြင်သစ်အသင်းကို ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး အင်္ဂလန်အသင်းက အိမ်ကွင်းမှာ ခရိုအေးရှားအသင်းကို နှစ်ဂိုး တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။ ဒါပြင် စပိန်အသင်းအနေနဲ့လဲ အဝေးကွင်းမှာ ချက်အသင်းကို နှစ်ဂိုးပြတ်အနိုင်ရရှိထားပြီး နောက်ဆုံး ၁၂ ပွဲဆက် အနိုင်ရရှိထားတာကို တွေ့ရပါတယ်။ လက်ရှိယူအီးအက်ဖ်အေနေရှင်း လင်ဂ်ပြိုင်ပွဲမှာဆိုရင် အုပ်စုပွဲစဉ်တွေပြီးဆုံးဖို့ နီးကပ်လာတာနဲ့ အသင်း ကြီးတွေရဲ့ အမှတ်လိုအပ်ချက်တွေ၊ နိုင်ပွဲလိုအပ်ချက်တွေကြောင့် ပြိုင် ဆိုင်မှုပြင်းထန်တဲ့ပွဲစဉ်တွေအဖြစ် မြင်တွေ့လာရမှာပါ။ ဒါပြင် ဒီတစ်ပတ်မှာ ဘယ်လ်ဂျီယံနဲ့ အီတလီ၊ စပိန်နဲ့ အင်္ဂလန်အသင်းတို့လို ထိပ်သီးနိုင်ငံအသင်းတွေ တွေ့ဆုံနေကြတာဖြစ်လို့ ပရိသတ်တွေ အတွက် စိတ်ဝင်စားစရာပွဲစဉ်တွေပါဝင်လာပါတယ်။ ဒါကြောင့် အခု ပွဲစဉ်တွေထဲက ရမှတ်လိုအပ်ချက်ရှိနေတဲ့ ဘယ်လ်ဂျီယံ၊ အိမ်ကွင်းမှာ နိုင်ပွဲဆက်လက်ရယူလာအုံးမဲ့ စပိန်နဲ့ ပြင်သစ်အသင်းတို့ကို အားပေးရမှာပါ။

ဘယ်လ်ဂျီယံအသင်းကို အားပေးရမှာပါ

တနင်္ဂနွေနေ့ညမှာ ယှဉ်ပြိုင်ကစားမဲ့ ယူအီးအက်ဖ်အေနေရှင်းလင်ဂ် အုပ်စုပွဲစဉ်တွေထဲက ပထမဆုံးအကြိုက်တွေ့မိတဲ့ ပွဲစဉ်ကတော့ ဘယ်လ်ဂျီယံနဲ့ အီတလီအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်း ဟာ လိဂ်(A) အုပ်စု(၁)မှာ တူကီယဲ၊ ပြင်သစ်အသင်းတို့နဲ့တစ်အုပ်စု တည်း ကျရောက်နေတာပါ။ ဘယ်လ်ဂျီယံအသင်းအနေနဲ့ အုပ်စုပွဲစဉ် ငါးပွဲ ကစားထားပြီး သုံးပွဲနိုင်၊ နှစ်ပွဲရှုံး၊ ရမှတ် ကိုးမှတ်နဲ့ အဆင့် (၃) နေရာမှာ ရပ်တည်နေပါတယ်။ သူတို့အသင်းအနေနဲ့ လက်ကျန်တစ်ပွဲသာ ကျန်တော့ပြီး အဆင့်(၂)နေရာက ပြင်သစ်အသင်းနဲ့ တစ်မှတ်သာ ကွာဟနေတာကြောင့် အခုအိမ်ကွင်းပွဲစဉ်မှာ နိုင်ပွဲရရှိဖို့ အကောင်းဆုံး ပြင်ဆင်ကစားလာမှာပါ။ ဒါပြင် ဘယ်လ်ဂျီယံအသင်းရဲ့ လက်ရှိ တိုက်စစ်ပိုင်းကလဲ သွင်းဂိုးရယူနိုင်စွမ်းရှိနေတာကြောင့် ဧည့်သည် အီတလီအသင်းအတွက် ခံစစ်ပိုင်းက ထိန်းချုပ်ဖို့ ခက်ခဲအုံးမှာပါ။

ပြီးခဲ့တဲ့ကြားရက် အိမ်ကွင်းပွဲစဉ်မှာ ကမ္ဘာ့အဆင့်(၃)ရှိတဲ့ ပြင်သစ် အသင်းကို သုံးဂိုးတစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တဲ့ အီတလီအသင်းအနေနဲ့လဲ ရမှတ် ၁၀မှတ်နဲ့ အဆင့်(၁)နေရာမှာ ရပ်တည်နေတာကြောင့် ခြေစွမ်း ပိုင်း အကောင်းဆုံးပုံစံမှာရှိနေတယ်လို့ ဆိုရမှာပါ။ သူတို့အသင်းအနေနဲ့ နောက်ဆုံးကစားခဲ့တဲ့ပွဲစဉ်နှစ်ပွဲမှာလဲ တူကီယဲနဲ့ ပြင်သစ်အသင်းကို သုံးဂိုးတစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် လက်ရှိတိုက်စစ်ပိုင်းထက်မြက် နေတယ်လို့ ဆိုရမှာပါ။ ဒါပေမဲ့ သူတို့အသင်းအနေနဲ့ ဘယ်လ်ဂျီယံ အသင်းနဲ့ အုပ်စုပထမအကျော့တွေ့ဆုံမှုမှာတော့ အိမ်ကွင်းမှာပဲ နှစ်ဂိုး ပြတ်နဲ့ရှုံးနိမ့်ခဲ့တာကြောင့် အခုပွဲစဉ်မှာ ရမှတ်လိုအပ်ချက်ရှိနေတဲ့ ဘယ်လ်ဂျီယံအသင်းကို ဖိအားပေးကစားနိုင်ပါ့မလားဆိုတာ သတိပြု ရမှာပါ။ ဒါကြောင့် အခုပွဲစဉ်မှာ အိမ်ရှင်ဘယ်လ်ဂျီယံအသင်းကိုပဲ အားပေးရမှာပါ။

ဘယ်လ်ဂျီယံအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

အီတလီ	၀	-	၂ ဘယ်လ်ဂျီယံ
ဘယ်လ်ဂျီယံ	၀	-	၁ ပြင်သစ်
ဘယ်လ်ဂျီယံ	၃	-	၀ တူကီယဲ
ပြင်သစ်	၄	-	၁ ဘယ်လ်ဂျီယံ
တူကီယဲ	၁	-	၂ ဘယ်လ်ဂျီယံ

အီတလီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

အီတလီ	၀	-	၂ ဘယ်လ်ဂျီယံ
တူကီယဲ	၁	-	၄ အီတလီ
ပြင်သစ်	၁	-	၁ အီတလီ
အီတလီ	၃	-	၁ တူကီယဲ
အီတလီ	၃	-	၁ ပြင်သစ်

စပိန်အသင်း နိုင်ပွဲရသွားမှာပါ

နောက်ထပ်အကြိုက်တွေ့မိတဲ့ ပွဲစဉ်ကတော့ စပိန်နဲ့ အင်္ဂလန် အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဒီနှစ်သင်းရဲ့ အုပ်စုပထမအကျော့တွေ့ ဆုံမှုမှာတော့ စပိန်အသင်းက အဝေးကွင်းမှာ သုံးဂိုးနှစ်ဂိုးနဲ့ အနိုင်ရရှိ ထားပါတယ်။ လက်ရှိမှာလဲ စပိန်အသင်းအနေနဲ့ အုပ်စုပွဲစဉ်ငါးပွဲ စလုံး အနိုင်ရရှိထားပြီး ပြိုင်ပွဲစုံနောက်ဆုံး ၁၂ ပွဲဆက် အနိုင်ရရှိထား တာကြောင့် အသင်းလိုက်စွမ်းဆောင်ရည်အကောင်းဆုံးလို့ ဆိုရမှာပါ။ သူတို့အသင်းအနေနဲ့ ရမှတ် ၁၅ မှတ်နဲ့ အဆင့်(၁)နေရာမှာ ရပ်တည်နေတာကြောင့် နောက်တစ်ဆင့်ကို တက်ရောက်နေပြီဖြစ်ပါ တယ်။ ဒါပြင် အင်္ဂလန်အသင်းနဲ့နောက်ဆုံးတွေ့ဆုံမှုနှစ်ကြိမ်စလုံးမှာ လဲ အဘက်ဘက်က အသာစီးရယူကစားခဲ့တာကို တွေ့ရတဲ့အပြင် စပိန်အသင်းမှာ ဝိအက်စ်ဂျီကစားသမား ဖာရန်တော့ရက်စ်၊ အာဆင် နယ်ကွင်းလယ်ကစားသမား မီခေးမီရီနဲ့တို့ကို ဥရောပထိပ်သီးအသင်းက ကစားသမားတွေခြေစွမ်းပြကစားနေကြပါတယ်။

အင်္ဂလန်အသင်းကတော့ ပြီးခဲ့တဲ့ ကြားရက်ပွဲစဉ်မှာ ခရိုအေးရှား အသင်းကို ရော်ဂျာ၊ ဟယ်ရီကိန်းတို့ရဲ့ သွင်းဂိုးတွေနဲ့ နှစ်ဂိုးတစ်ဂိုးရလဒ် နဲ့ အနိုင်ရခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာတော့ အင်္ဂလန်အသင်းရဲ့ ကွင်းလယ်ပိုင်းက စိတ်ချလို့မရတာကြောင့် အခုလို စပိန်အသင်းနဲ့ပွဲစဉ် မှာ အဘက်ဘက်က ဖိအားပေးကစားနိုင်ပါ့မလားဆိုတာ သတိပြုရ မှာပါ။ ဒါပြင် အုပ်စုပွဲစဉ်ငါးပွဲမှာ လေးပွဲအနိုင်ရရှိထားပြီး အဆင့်(၃) နေရာက ခရိုအေးရှားအသင်းကို ကိုးမှတ်ထိ ဖြတ်ထားနိုင်တာကြောင့် သူတို့အသင်းအတွက် အမှတ်လိုအပ်ချက်ကလဲ မရှိတော့ပါဘူး။ ဒါကြောင့် အခုပွဲစဉ်မှာ အိမ်ကွင်းတိုက်စစ်ပိုင်းထက်မြက်နေတဲ့ စပိန် အသင်းကပဲ ခြေစွမ်းပိုင်းအသာစီးရယူကစားသွားနိုင်မှာပါ။ လက်ရှိမှာ နှစ်သင်းစလုံးရဲ့တိုက်စစ်ပိုင်းစွမ်းဆောင်ရည် အကောင်းဆုံးပုံစံမှာရှိနေ တယ်ဆိုပေမဲ့ အိမ်ရှင်စပိန်အသင်းပဲ နိုင်ပွဲရရှိသွားမှာပါ။

စပိန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

အင်္ဂလန်	၂	-	၃ စပိန်
စပိန်	၄	-	၁ ခရိုအေးရှား
စပိန်	၃	-	၁ ချက်
ခရိုအေးရှား	၁	-	၂ စပိန်
ချက်	၀	-	၂ စပိန်

အင်္ဂလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

အင်္ဂလန်	၂	-	၃ စပိန်
ချက်	၀	-	၂ အင်္ဂလန်
ခရိုအေးရှား	၀	-	၇ အင်္ဂလန်
အင်္ဂလန်	၃	-	၀ ချက်
အင်္ဂလန်	၂	-	၁ ခရိုအေးရှား

ပြင်သစ်အသင်းနဲ့ လက်တွဲရမှာပါ

နောက်ထပ်အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ပြင်သစ်နဲ့ တူကီယဲ အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့အသင်းအနေနဲ့ အုပ်စုပထမ အကျော့တွေ့ဆုံမှုမှာ ပြင်သစ်အသင်းက အဝေးကွင်းမှာ တစ်ဂိုး ဂိုးမရှိနဲ့ အနိုင်ရထားပြီး အဲဒီပွဲစဉ်မှာဆိုရင် တူကီယဲအသင်းအနေနဲ့ ကစားပိုင်း ကွာဟချက်ကြီးမားတာကြောင့် ချေပဂိုးသွင်းယူနိုင်ခဲ့ခြင်းမရှိခဲ့ဘဲ ရှုံးနိမ့် ခဲ့ရတာပါ။ လက်ရှိမှာ ပြင်သစ်အသင်းအနေနဲ့ ယူအီးအက်ဖ်အေနေရှင်း လင်ဂ်(A)ရဲ့ အုပ်စု(၁)မှာ ရမှတ် ၁၀ မှတ်နဲ့ အဆင့်(၂)နေရာမှာ ရပ်တည် နေပါတယ်။ သူတို့အသင်းအနေနဲ့ အဆင့် (၃)နေရာက ဘယ်လ်ဂျီယံ အသင်းနဲ့ ရမှတ်တစ်မှတ်သာကွာဟနေတာကြောင့် အခုပွဲစဉ်မှာ ရလဒ် ကောင်းဖို့ လိုအပ်နေပါတယ်။ ဒါပြင် ပြင်သစ်အသင်းဟာ ကြားရက်မှာ အီတလီအသင်းကို သုံးဂိုး တစ်ဂိုးနဲ့ ရှုံးနိမ့်ထားပြီး လက်ရှိခြေစွမ်းပိုင်း တည်ငြိမ်မှုမရှိဘူးဆိုပေမဲ့ အခုအိမ်ကွင်းပွဲစဉ်မှာတော့ တူကီယဲအသင်း ကို အဘက်ဘက်က အသာစီးရယူကစားနိုင်စွမ်းရှိပါတယ်။

အုပ်စုအောက်ဆုံးမှာ ငါးပွဲစလုံးရှုံးနိမ့်ထားပြီး ရမှတ်မရှိသေးတဲ့ တူကီယဲအသင်းကတော့ လက်ရှိခြေစွမ်းပိုင်း ဆိုးရွားလွန်းနေသလို ခံစစ် ပိုင်းကလဲကျဆင်းနေတာကြောင့် အခုပွဲစဉ်မှာ ရလဒ်ကောင်းဖို့ ရုန်းကန်ရအုံးမှာပါ။ သူတို့အသင်းအနေနဲ့ ပြိုင်ပွဲစုံနောက်ဆုံးရှစ်ပွဲမှာ အမေရိကန်အသင်းနဲ့ခြေစမ်းပွဲစဉ်တစ်ပွဲသာ အနိုင်ရထားပြီး ခုနစ်ပွဲထိ ရှုံးနိမ့်ထားသလို နောက်ဆုံးအဝေးကွင်းပွဲစဉ်နှစ်ပွဲမှာလဲ ဂိုးပြတ် ရှုံးနိမ့်ခဲ့တာကြောင့် တိုက်စစ်ပိုင်းထက်မြက်နေတဲ့ပြင်သစ်အသင်းကို ထိန်းချုပ်ကစားနိုင်ဖို့ ခက်ခဲနေအုံးမှာပါ။ လက်ရှိ သူတို့အသင်းရဲ့ ကစားသမားစုဖွဲ့မှုပိုင်းမှာလဲ ဂီတာဖေး၊ ဖီနာဘာချီ၊ ဘီဆစ်တခ်တို့လို ဥရောပသာမန်ကလပ်အသင်းတွေရဲ့ ကစားသမားတချို့သာ ပါဝင် နေတာဖြစ်တာကြောင့် အဘက်ဘက်က အသာစီးရနေတဲ့ ပြင်သစ် အသင်းနဲ့ပဲ လက်တွဲရမှာပါ။

ပြင်သစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

တူကီယဲ	၀	-	၁ ပြင်သစ်
ဘယ်လ်ဂျီယံ	၀	-	၁ ပြင်သစ်
ပြင်သစ်	၁	-	၁ အီတလီ
ပြင်သစ်	၄	-	၁ ဘယ်လ်ဂျီယံ
အီတလီ	၃	-	၁ ပြင်သစ်

တူကီယဲအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

တူကီယဲ	၀	-	၁ ပြင်သစ်
တူကီယဲ	၁	-	၄ အီတလီ
ဘယ်လ်ဂျီယံ	၃	-	၀ တူကီယဲ
အီတလီ	၃	-	၁ တူကီယဲ
တူကီယဲ	၁	-	၂ ဘယ်လ်ဂျီယံ

အင်ဒိုနီးရှားနိုင်ငံရှိ ဆီမီရူမီးတောင် ဆက်တိုက်ပေါက်ကွဲမှုဖြစ်ပွားပြီး ပြာမှုန်များ အမြင့် ၄၆၇၆ မီတာခန့်ထိ ရောက်ရှိပျံ့နှံ့လျက်ရှိ



ဂျကာတာ နိုဝင်ဘာ ၁၃

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်း အရှေ့ပိုင်း လူမဂျန်ဒေသရှိ ဆီမီရူမီးတောင်သည် နိုဝင်ဘာ ၁၂ ရက်က ပေါက်ကွဲမှုများ ဆက်တိုက်ဖြစ်ပွားခဲ့ရာ မီးတောင်ပြာမှုန်များ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့် ၄၆၇၆ မီတာခန့်ထိ ရောက်ရှိပျံ့နှံ့လျက်ရှိကြောင်း အင်ဒိုနီးရှားမီးတောင်နှင့် ဘူမိဗေဒ ဘေးအန္တရာယ် လျော့ချရေးဌာန (PVMBG)၏ ယနေ့ထုတ်ပြန်ချက်အရ သိရသည်။

နိုဝင်ဘာ ၁၂ ရက်ဒေသစံတော်ချိန် နံနက် ၈ နာရီ ၅၇ မိနစ်တွင် မီးတောင်ပေါက်ကွဲမှု ဆက်တိုက်ဖြစ်ပွားခဲ့ကြောင်း၊ နိုဝင်ဘာ ၁၂ ရက် တစ်ရက်တည်းမှာပင် မီးတောင်ပေါက်ကွဲမှု ရှစ်ကြိမ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ဆီမီရူမီးတောင်ကို အဆင့် (၃) မီးတောင်သတိပေးချက်ထုတ်ပြန်ထားပြီး မီးတောင်ထိပ်ဝမှ ငါးကီလိုမီတာအတွင်းကို အန္တရာယ်ဇုန်အဖြစ် သတ်မှတ်ကာ ထိုဇုန်အတွင်းသို့ ဝင်ရောက်ခြင်းမပြုရန်၊ ထို့ပြင် မီးတောင်၏ အရှေ့တောင်ဘက် ကိုဘိုကိုကန် ချောင်းတစ်လျှောက် မီးတောင်ထိပ်ဝမှ ၁၃ ကီလိုမီတာအကွာ အဝေးကိုလည်း သွားလာလှုပ်ရှားခြင်းမပြုရန်နှင့် မီးတောင်အနီး ချောင်းကမ်းပါးနှစ်ဖက်မှ မီတာ ၅၀၀ အတွင်း နေထိုင်ခြင်း၊ သွားလာခြင်းများကိုလည်း ရှောင်ရှားရန် အာဏာပိုင်များက သတိပေးထားသည်။

ဆီမီရူမီးတောင်သည် ဂျာဗားကျွန်း၏ အမြင့်ဆုံးမီးတောင်ဖြစ်ပြီး ပင်လယ်ရေမျက်နှာပြင်အထက် ၃၆၇၆ မီတာ မြင့်ကာ အင်ဒိုနီးရှားနိုင်ငံတွင် လှုပ်ရှားမှုများ မကြာခဏဖြစ်ပွားလေ့ရှိသည့် မီးတောင်တစ်ခုဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

ဖီဂျီနိုင်ငံ ပရာကက်ရှ်နယ်မြေကို မိုးခေါင်မှုအရေးပေါ်အဆင့်အဖြစ် သတ်မှတ်

ဆူဗာ နိုဝင်ဘာ ၁၃

ဖီဂျီနိုင်ငံ ပရာကက်ရှ်နယ်မြေတွင် မိုးခေါင်မှုပြဿနာဖြင့် ရင်ဆိုင်နေရသကဲ့သို့ မြေအောက်ရေထုအရင်းအမြစ် ခန်းခြောက်လာသည့်အတွက် သောက်သုံးရေရှားပါးလာ၍ မိုးခေါင်မှုအရေးပေါ် အခြေအနေအဖြစ် သတ်မှတ်ကြောင်း ဖီဂျီနိုင်ငံ မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ပရာကက်ရှ်နယ်မြေခံများ အနေဖြင့် သောက်သုံးရေ ရှားပါးသည့် အခြေအနေဖြင့် ရင်ဆိုင်နေရသကဲ့သို့ စိုက်ပျိုးရေးကဏ္ဍတွင်လည်း ကြီးမားသည့်ဆုံးရှုံးမှုများဖြင့် ရင်ဆိုင်နေရကြောင်း၊ လက်ရှိကာလသည်မြေပဲအပါအဝင် အခြားသော ကောက်ပဲသီးနှံများ ရိတ်သိမ်းရမည့်ကာလဖြစ်ပြီး မိုးခေါင်မှုကြောင့် သီးနှံအထွက်နှုန်းကျဆင်းကာ ရိတ်သိမ်းပြီး ပြန်လည်စိုက်ပျိုးရေးအတွက်လည်း အခက်အခဲများ ရှိကြောင်း သိရသည်။

"ပရာကက်ရှ်နယ်မြေမှာ မိုးခေါင်မှုက အခြေအနေတော်တော်လေးကို ဆိုးပါတယ်။ မြေအောက်ရေထုအရင်းအမြစ်တွေလည်း ခန်းခြောက်လာပါတယ်။ ဒီကာလဟာ မြေပဲနုတ်တဲ့ ကာလဖြစ်ပါတယ်။ စိုက်ပျိုးပြီးစဉ်ကလည်း ရေအလုံအလောက် မရတဲ့အတွက် ကြောင့် အထွက်နှုန်း ကျဆင်းနေပါတယ်။ စိုက်ပျိုးရေးကဏ္ဍမှာ သာမက နေ့စဉ်သောက်သုံးရေလုံလောက်စွာ ရရှိဖို့တောင် ခက်ခဲနေတဲ့ အခြေအနေဖြစ်ပါတယ်။ တာဝန်ရှိသူတွေကတော့ မိုးခေါင်မှုကို အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်လိုက်ပါတယ်"ဟု ဖီဂျီနိုင်ငံ မိုးလေဝသညွှန်ကြားရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

အမေရိကန်နိုင်ငံ ဖီလာဒဲလ်ဖီးယားပြည်နယ်တွင် လေပြင်းမုန်တိုင်းအပြင် လေဆင်နှာမောင်း ဝင်ရောက်တိုက်ခတ်ဖွယ်ရှိနေ

ဝါရှင်တန် နိုဝင်ဘာ ၁၃

အမေရိကန်နိုင်ငံ ဖီလာဒဲလ်ဖီးယားပြည်နယ်တွင် လာမည့် ရက်ပိုင်းအတွင်း လေပြင်းမုန်တိုင်း ဝင်ရောက် တိုက်ခတ်လာနိုင်သကဲ့သို့ လေဆင်နှာမောင်းလည်း ဝင်ရောက် တိုက်ခတ်ဖွယ်ရှိနေကြောင်း အမေရိကန်နေရှင်နယ် မိုးလေဝသညွှန်ကြားရေး ဦးစီးဌာနက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

နိုဝင်ဘာ ၁၂ ရက်နေ့မှ စတင်၍ ဖီလာဒဲလ်ဖီးယားပြည်နယ်သို့ လေပြင်းတိုက်ခတ်ခဲ့ပြီးနောက် မိုးလေဝသခန့်မှန်း တိုင်းတာချက်များအရ လေပြင်းမုန်တိုင်းအပြင် လေဆင်နှာမောင်းလည်း ဝင်ရောက် တိုက်ခတ်လာနိုင်ဖွယ်ရှိကြောင်း၊ လေပြင်းမုန်တိုင်းနှင့် လေဆင်နှာမောင်း ဗဟိုပြုတိုက်ခတ်ဖွယ်ရှိနေသည့် ဒေသမှာ ဘက်ကောင်တီဖြစ်ပြီး မလိုလားအပ်သောဆုံးရှုံးမှုများ မဖြစ်စေရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရန်လိုကြောင်း နေရှင်နယ် မိုးလေဝသညွှန်ကြားရေးဦးစီးဌာနနှင့် လေဆင်နှာမောင်း စောင့်ကြည့်တိုင်းတာရေး အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။



"ဖီလာဒဲလ်ဖီးယားပြည်နယ်တစ်ဝန်း လေပြင်းမုန်တိုင်းတိုက်ခတ်ဖွယ်ရှိနေပါတယ်။ လေဆင်နှာမောင်းလည်း ဝင်ရောက်တိုက်ခတ်လာနိုင်ပါတယ်။ နေရာတချို့မှာတော့ နိုဝင်ဘာ ၁၂ ရက်က စတင်ပြီးတော့ လေပြင်းတိုက်ခတ်မှုတွေရှိခဲ့သလို နေရာတချို့မှာ မိုးရွာသွန်းမှုတွေလည်း ဖြစ်ပေါ်နေပါတယ်။ လေပြင်းမုန်တိုင်းနဲ့ လေဆင်နှာမောင်းဟာ ဘက်ကောင်တီကို ဗဟိုပြုပြီးတော့ တိုက်ခတ်ဖွယ်ရှိနေပါတယ်"ဟု နေရှင်နယ် မိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

အင်္ဂလန်နိုင်ငံ ဘာကင်းနှင့် ဒေဂန်ဟမ်မြို့အပါအဝင် ဒေသတချို့ကို ရေဘေးအန္တရာယ် သတိပေးချက်ထုတ်ပြန်

လန်ဒန် နိုဝင်ဘာ ၁၃

အင်္ဂလန်နိုင်ငံ ဘာကင်းမြို့နှင့် ဒေဂန်ဟမ်မြို့အပါအဝင် ဒေသတချို့ကို မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပေါ်နေသဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အေဂျင်စီက ရေဘေးအန္တရာယ် သတိပေးချက်ထုတ်ပြန်လိုက်ကြောင်း ယနေ့ သတင်းများတွင် ဖော်ပြထားသည်။

မိုးရွာသွန်းပြီးတိုင်း ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရခြင်းနှင့်ပတ်သက်ပြီး အတားအဆီးများ တည်ဆောက်သွားရန် လိုအပ်နေပြီဖြစ်သည့်အတွက် ရေကြီးရေလျှံမှုဖြစ်ပေါ်နေသည့် နေရာများသို့ သွားရောက်စစ်ဆေးကာ အတားအဆီးများ တည်ဆောက်နိုင်ရေး အတွက် ဝန်ကြီးချုပ်ရုံးသို့ တင်ပြသွားမည်ဖြစ်ကြောင်း၊ ရေကြီးရေလျှံမှု ဖြစ်ပွားနေသည့် နေရာများတွင် စာသင်ကျောင်းများကို ယာယီပိတ်ထားသကဲ့သို့ ရေလွှမ်းနေသည့် လမ်းမကြီးများကိုလည်း ယာယီပိတ်ထားကြောင်း သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး အေဂျင်စီက ထုတ်ပြန်သွားခဲ့သည်။

"ဘာကင်းမြို့နဲ့ ဒေဂန်ဟမ်မြို့ အပါအဝင် အချို့ဒေသတွေမှာ မိုးသည်းထန်စွာ ရွာသွန်းပြီးတော့ ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်နေပါတယ်။ ရေလွှမ်းနေတဲ့နေရာအနီး ပတ်ဝန်းကျင်က ဒေသခံတချို့ ဘေးလွတ်ရာ ရွှေ့ပြောင်းနေရပါတယ်။ အတားအဆီးတွေ မဖြစ်မနေ တည်ဆောက်သွားဖို့ လိုအပ်ပါတယ်။ ဝန်ကြီးချုပ်ရုံးကို တင်ပြပြီးတော့ တည်ဆောက်သွားမှာ ဖြစ်ပါတယ်"ဟု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ်တွင် မုန်တိုင်းများ တိုက်ခတ်မှုကြောင့် နေအိမ်များနှင့် အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့

ကင်ဘာရာ နိုဝင်ဘာ ၁၃

ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ်ရှိ ဂျင်ဝီမြို့ မေရီတောင်ကြားနှင့် ဖရေဇာကမ်းရိုးတန်းဒေသတို့တွင် နိုဝင်ဘာ ၁၂ ရက်က မုန်တိုင်းများ တိုက်ခတ်ခဲ့ရာ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းတို့ကြောင့် နေအိမ်များနှင့် အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းတို့ကြောင့် သစ်ပင်များ ပြိုလဲကျခြင်းနှင့် လမ်းများ ရေနစ်မြုပ်ကာ ယာယီပိတ်ထားရခြင်းတို့ ဖြစ်ပွားခဲ့ကြောင်း၊ ဆက်စ်တန်ဒေသတွင်လည်း မုန်တိုင်းကြောင့် ရထားလမ်းပိုင်းတစ်ခုတွင် ခရီးသည်များ ၁၂ နာရီခန့် ပိတ်မိခဲ့ပြီးနောက် နိုဝင်ဘာ ၁၂ ရက်တွင် ကယ်ဆယ်ရေးအဖွဲ့များက ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။

လက်ရှိတွင် သစ်ပင်များ ပြိုလဲခြင်း၊ လျှပ်စစ်ဓာတ်တိုင်များ ပြိုလဲခြင်းတို့ကြောင့် ဂျင်ဝီမြို့တွင် လူနေအိမ် ၅၀၀၀ ကျော်၊ ကွင်းစလန်းပြည်နယ် အရှေ့တောင်ပိုင်းရှိ လူနေအိမ်နှင့် အဆောက်အအုံ ၈၀၀၀ ခန့်တို့တွင် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုနှင့် ရင်ဆိုင်နေရကြောင်း၊ ထို့ကြောင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး အာဏာပိုင်များက လျှပ်စစ်ဓာတ်အားအမြန်ဆုံးဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်နေကြောင်း သိရသည်။

Ref : Russia Today
Trs : KZ



အဖိုးတန်ရေကို ချွေတာသုံးစွဲရေး

ဝင်းဇင်(သုတေသန)

ကမ္ဘာ့မြေမျက်နှာပြင် ၇၀ ရာခိုင်နှုန်းကျော်ကို ရေထုဖြင့်ဖုံးလွှမ်းထားရှိပြီး ရေအများစုသည် ပင်လယ်သမုဒ္ဒရာများတွင် စုဖွဲ့တည်ရှိနေကြသည်။ ဓာတုဒြပ်ပေါင်းတစ်ခုဖြစ်သည့် ရေမော်လီကျူး တစ်ခုတွင် ဟိုက်ဒရိုဂျင်အက်တမ်နှစ်ခုနှင့် အောက်ဆီဂျင်အက်တမ်တစ်ခု (H2O) ပေါင်းစပ်ပါဝင်သည်။ ရေကို သတ်မှတ်အပူချိန်နှင့် ဖိအားအောက်တွင် အရည်အဖြစ်တွေ့ရလေ့ရှိသည်။ ထို့ပြင် ရေခဲ၊ ရေခိုး ရေငွေ့၊ နှင်းခဲ၊ မြူငွေ့နှင့် တိမ်တိုက်အဖြစ်လည်း ရပ်တည်နေသည်။

ကျန်းမာကြံ့ခိုင်ရန်

ထမင်းအသက် ခုနစ်ရက်၊ ရေအသက် တစ်မနက် ဆိုသည့်အတိုင်း သက်ရှိများအတွက်အရေးပါ ဆုံးသောအရာသည် ရေပင်ဖြစ်နေသည်။ ရေမရှိလျှင် သက်ရှိအားလုံးရှင်သန်ကြွင်းကျန်နိုင်မည် မဟုတ်ချေ။ လူတစ်ဦး၏ နေ့စဉ်လုံလောက်စွာ သောက်သုံးသင့်သည့်ရေပမာဏသည် ကျန်းမာကြံ့ခိုင်သော ခန္ဓာကိုယ်ကိုထိန်းသိမ်းရာ၌ အဓိက အခန်းကဏ္ဍမှပါဝင်လျက်ရှိသည်။ နေ့စဉ်သောက်ရေ ဖန်ခွက် ရှစ်ခွက်မှ ၁၀ ခွက်ခန့်ထိ သောက်သုံးသူသည် ကျန်မာရေးကောင်းမွန်မည်ဟု ကျွမ်းကျင်သူများကဆိုထားသည်။ အထူးသဖြင့် အမျိုးသားများသည် ရေသုံးလီတာခန့်ထိ သောက်သုံးသင့်ပြီး အမျိုးသမီးများသည် ရေ ၂ ဒသမ ၂ လီတာခန့်ထိ သောက်သင့်သည်ဟုလည်း ဆိုထားသည်။

စင်စစ်အားဖြင့် ရေသည် လူတစ်ဦး၏ ကျန်းမာရေးအတွက် များစွာအရေးပါလျက်ရှိသည်။ ထို့ပြင် ရေသည် လူ့ကိုယ်ခန္ဓာတွင် အဓိကကျသော အစိတ်အပိုင်းတစ်ရပ်အဖြစ်လည်းပါဝင်နေသည်။ လူတစ်ဦး၏ ကိုယ်ခန္ဓာအရွယ်အစားပေါ်မူတည်၍ ရေ ၅၅ ရာခိုင်နှုန်းမှ ၇၈ ရာခိုင်နှုန်းထိ ပါဝင်သည်။

အကျိုးကျေးဇူးများ

လူတစ်ဦးသည် ရေကိုဖူလုံစွာသောက်သုံးထားပါက ဦးနှောက်၊ ခန္ဓာကိုယ်ဆဲလ်များ၊ အစာခြေစနစ်၊ နှလုံး၊ ကျောက်ကပ်နှင့်ကြွက်သားများ၏ လုပ်ဆောင်ချက်များကို အထောက်အကူဖြစ်စေရုံသာမက အသားရေခြောက်မှု၊ ပြင်ပရောဂါပိုးဝင်မှုတို့ကိုပါ ကာကွယ်ပေးသည့်အပြင် ခန္ဓာကိုယ်အပူချိန်ကိုလည်း ထိန်းညှိပေးနိုင်သည်။ ထို့ပြင် ရေကို လုံလောက်စွာသောက်သုံးခြင်းကြောင့် ပင်ပန်းနွမ်းနယ်မှုလျော့ပါးသက်သာစေခြင်း၊ စိတ်ရွှင်လန်းစေခြင်း၊ ခေါင်းကိုက်ခြင်းနှင့် မူးဝေအော့အန်သည့်ဝေဒနာမှ သက်သာစေခြင်း၊ အစာကြေလွယ်ပြီး ဝမ်းချုပ်ခြင်းမှကင်းဝေးခြင်း၊ ကိုယ်ခန္ဓာအလေးချိန်လျော့ကျစေခြင်း၊ အဆိပ်အတောက်ဖြစ်ပွားနိုင်မှုမှ လျော့ပါးစေခြင်း၊ ကိုယ်ခန္ဓာအေးမြမှုကို ထိန်းချုပ်ပေးခြင်း စသည့်အကျိုးကျေးဇူးပေါင်းများစွာကို ရရှိစေသည်။ ရေတွင် ကယ်လိုရီနှင့် အာဟာရများပါဝင်ခြင်းမရှိသော်လည်း ဘေးကင်းလုံခြုံသော သောက်သုံးရေသည် လူသားတို့နှင့် အခြားသက်ရှိသတ္တဝါများ သက်ရှင်နေထိုင်ရေးအတွက် များစွာအရေးပါလျက်ရှိသည်။ ထို့ပြင် သန့်ရှင်းသောရေ ၇၀ ရာခိုင်နှုန်းခန့်ကို စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုနေကြသည်။ ထို့ကြောင့် စနစ်တကျ စီမံခန့်ခွဲမှုများဖြင့်သာ အနာဂတ်ရေရှားပါးပြတ်လပ်မှုပြဿနာကို ကြိုတင်ကာကွယ်နိုင်မည်ဖြစ်သည်။

ရေရှားပါးမှုဖြစ်ပေါ်နိုင်

လက်ရှိအချိန်တွင် မြို့ပြများ တိုးချဲ့တည်ဆောက်ခြင်း၊ စက်မှုလုပ်ငန်းများထူထောင်ခြင်းနှင့် သဘာဝသစ်တောများကို လွန်ကဲစွာခုတ်လှဲခြင်းသည် ရေရှားပါးရခြင်း၏ အခြေခံအကြောင်းတရားများပင်ဖြစ်သည်။ ထို့ပြင် မြို့ပြများတွင် စက်ရေတွင်းများ လွန်ကဲစွာတူးဖော်ခြင်းသည်လည်း မြေအောက်ရေအရင်းအမြစ်ကိုဆုတ်ယုတ်စေသည်။ ကမ္ဘာကြီးပူနွေးလာမှုနှင့် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ရာသီဥတုဖောက်ပြန်ပြီး အပူလွန်ကဲခြင်း၊ မိုးခေါင်ခြင်း၊ မိုးကြီးခြင်း၊ ရေကြီးခြင်း၊ ဆီးနှင်းများကျခြင်း၊ ရေခဲတောင်များအရည်ပျော်ခြင်းတို့ကို ဖြစ်ပေါ်စေသည်။ ထိုသို့သဘာဝလွန်ဖြစ်ရပ်များ အကြိမ်ကြိမ်ဖြစ်ပွားမှုသည် သဘာဝရေအရင်းအမြစ်ကို ထိန်းသိမ်းထားနိုင်စွမ်းနည်းပါးလာပြီး ရေရှားပါးခြင်းဆိုသော နောက်ဆက်တွဲဆိုးကျိုးများကိုသာ ဖြစ်ပေါ်စေသည်။



ရေအရင်းအမြစ်ကို စနစ်တကျထိန်းသိမ်းရန် လိုအပ်သည့်အပြင် ရေထုညစ်ညမ်းမှုကို ကာကွယ်သွားရေးသည်လည်း လူသားအားလုံး၏တာဝန်တစ်ရပ်ဖြစ်သည်။ ဓာတုစက်ရုံများမှ စွန့်ပစ်ပစ္စည်းများကို မြစ်၊ ချောင်းများအတွင်းသို့ စည်းကမ်းမဲ့စွန်းပစ်ခြင်းနှင့် ခေတ်မီဆန်းသစ်သော လက်နက်များကို ပင်လယ်သမုဒ္ဒရာများအတွင်းသို့ ပစ်ခတ်စမ်းသပ်မှုများသည် ရေထုညစ်ညမ်းမှုကို ဆိုးရွားစွာဖြစ်ပေါ်စေသည်။ ထို့ကြောင့် သက်ဆိုင်ရာအဖွဲ့အစည်းများသည် နိုင်ငံတကာပဋိညာဉ်များနှင့်အညီ ကတိကဝတ်များကို လိုက်နာစောင့်ထိန်းပြီး ရေထုညစ်ညမ်းမှုအန္တရာယ်ကို ကြိုတင်ကာကွယ်သွားသင့်သည်။

မြန်မာနိုင်ငံတွင်လည်း နွေရာသီရောက်တိုင်း ကျေးလက်နေပြည်သူများ၊ အထူးသဖြင့် မြစ်၊ ချောင်း၊ အင်းအိုင်နှင့်ဝေးကွာသော ဒေသများ၌ နေထိုင်သူများအတွက် ခေါင်းအခဲရဆုံးပြဿနာသည် သောက်သုံးရေရှားပါးမှုပင်ဖြစ်သည်။ နွေရာသီ၌ ရေရှားပါးမှုကြုံတွေ့ရသည့် အချို့သောဒေသများတွင် နေ့စဉ်သုံးရေရရှိရေးထက် သောက်ရေဖူလုံရေးကိုပင် များစွာခက်ခဲကြသည်။ အထူးသဖြင့် အယ်လ်နီညိုဖြစ်စဉ်ကြောင့် အပူချိန်မြင့်တက်မှုနှင့် မိုးခေါင်ရေရှားမှုဖြစ်ပေါ်နိုင်ပေသည်။ ထို့ကြောင့် သောက်သုံးရေဖူလုံရေးအတွက် စနစ်တကျကြိုတင် ပြင်ဆင်စီမံဆောင်ရွက်ထားရန်လိုအပ်သည်။

အမှန်တော့ ကျေးလက်နေပြည်သူများသည် သောက်သုံးရေတစ်ပုံး၊ တစ်အိုးရရှိရေးအတွက် မိုင်ပေါင်းများစွာ ဝေးကွာသောနေရာများသို့ ပင်ပန်းကြီးစွာသွားရောက်ကာ ရေခပ်ကြရလေ့ရှိသည်။ နွေရာသီတွင် အိမ်မွေးတိရစ္ဆာန်များဖြစ်သည့် ကျွဲ၊ နွားများနှင့်အတူ ရေရှိသည့် မြစ်၊ ချောင်း၊ အင်း၊ အိုင်နှင့် ရေကန်ရှိသော နေရာများသို့သွားရောက်ကာ နေထိုင်ရလေ့ရှိသည်။ ထိုအခက်အခဲကို နှစ်စဉ်ကြုံတွေ့နေရသဖြင့် တာဝန်ရှိသူများသည် ကျေးလက်နေပြည်သူများ၏ အနာဂတ်ကို မြော်တွေးကာ သောက်သုံးရေဖူလုံရေးအတွက် ထိရောက်သော ရေရှည်စီမံချက်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။

ကိုယ်ချင်းစာနာသင့်

အညာကျေးလက်ဒေသရှိပြည်သူများသည် နှစ်စဉ်နွေရာသီ၌ ရေရှားပါးမှုဒဏ်ကို ခါးစည်းခံနေရသော်လည်း အချို့သော ပြည်သူများကမူ ရေကို စွန့်ပစ်သုံးဖြုန်းလေ့ရှိသည်။ ဥပမာ- ရေသုံးစွဲခြင်း၊ ရေသိုလှောင်ခြင်း၊ ရေသန့်စင်ခြင်းနှင့် ရေဝေစီမံခန့်ခွဲခြင်းတို့ကို ကြည့်ရှုလေ့လာခြင်းဖြင့် ရေရှားပါးမှုကို ကြိုတင်ကာကွယ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကျွန်ုပ်တို့ နေ့စဉ်သုံးစွဲနေကြသော ရေသည် ရေပိုက်ကွန်ရက်များမှတစ်ဆင့် ရေကန်ကြီးများသို့ စုဆောင်းထားပြီး ရေသန့်စင်စက်ရုံများမှ သန့်စင်ပြီးမှ ရေပိုက်များမှတစ်ဆင့် ဖြန့်ဝေပေးခြင်းဖြစ်သည်။ ရေသန့်စင်စက်ရုံများသို့ ရောက်ရှိလာသော ရေသည် ရေကန်ကြီးများတွင် ရက်ပေါင်းများစွာ သိုလှောင်ထားခြင်းကြောင့် ရေထဲရှိ ရွှံ့၊ သဲနှင့် အညစ်အကြေးများ အောက်သို့နစ်မြုပ်သွားကာ ရေသန့်စင်စက်ရုံများသို့ ရောက်ရှိလာသော ရေသည် ရေကန်ကြီးများတွင်

ရုရှားနိုင်ငံက မောင်းသူမဲ့လေယာဉ်ပစ်အမြောက်စနစ်သစ် ရွှေ့ပြောင်းအသုံးပြုနိုင်မှုကို ပြသ



ရုရှားနိုင်ငံပိုင် Rostec ကုမ္ပဏီသည် Tsitadel အမည်ရှိ မောင်းသူမဲ့လေယာဉ်ပစ်အမြောက်စနစ်သစ် ရွှေ့ပြောင်းအသုံးပြုနိုင်မှုကို ပြသခဲ့ကြောင်း Defence Blog သတင်းဌာနက နိုဝင်ဘာ ၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါစနစ်တွင် အမြောက်ပစ်ခတ်ရေးစနစ်နှင့် ပစ်မှတ်ရှာဖွေထောက်လှမ်းရေး အာရုံခံကိရိယာများကို ကုန်တင်ယာဉ်ကိုယ်ထည်ပေါ်၌ တပ်ဆင်ထားခြင်း ဖြစ်ကြောင်း Rostec ကုမ္ပဏီက ထုတ်ပြန်ခဲ့သည်။

ယခင်က Tsitadel စနစ်ကို မောင်းသူမဲ့လေယာဉ်များ၏ တိုက်ခိုက်မှုမှ အရေးပါသော အဆောက်အအုံနှင့် နေရာဒေသများကို ကာကွယ်ရန်အတွက် ပုံသေနေရာ၌ တပ်ဆင်အသုံးပြုသည့် စနစ်အဖြစ်သာ ထုတ်လုပ်တပ်ဆင်ခဲ့သည်။

ယခုအခါ တိုက်ခိုက်ရေးယူနစ်အပြင် ရေဒါနှင့် အလင်းအာရုံခံ ထောက်လှမ်းရေးစနစ်များကိုပါ ယာဉ်ကိုယ်ထည်ပေါ်တွင် တပ်ဆင်ထားသည်။ ထို့ကြောင့် လေကြောင်းတိုက်ခိုက်မှုမှ ကာကွယ်ရန် လိုအပ်သည့် နေရာဒေသအသီးသီးသို့ လေကြောင်းရန် ကာကွယ်ရေးစနစ်ကို လျင်မြန်စွာ ရွှေ့ပြောင်းတပ်ဆင်နိုင်မည် ဖြစ်သည်။ ထို့ပြင် ရွှေ့ပြောင်းအသုံးပြုနိုင်မှုသည် မိုဘိုင်းပစ်ခတ်ရေးအဖွဲ့များ၏ ပစ်မှတ်များကို တိုက်ခိုက်ဟန့်တားနိုင်စွမ်းကိုလည်း ပိုမိုတိုးမြှင့်ပေးနိုင်မည်ဖြစ်ကြောင်း Rostec ကုမ္ပဏီ၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယခုနှစ် ဇွန်လအတွင်း ရုရှားမီဒီယာများက Tsitadel ဟုလည်းကောင်း၊ ZAK-30 ဟုလည်းကောင်း ခေါ်ဝေါ်သုံးနှုန်းလူသိများခဲ့သည့် အဆိုပါအမြောက်စနစ်သစ်ကို Ural အမျိုးအစား စစ်သုံးကုန်တင်ယာဉ်ပေါ်တွင် တပ်ဆင်သွားရန် Rostec ကုမ္ပဏီက စီစဉ်ထားကြောင်း သတင်း ပစ်ခတ်ဟန့်တားနိုင်စွမ်းရှိသည်။ ထွက်ပေါ်လာခဲ့ကြောင်း သိရသည်။

Tsitadel အမြောက်စနစ်သည် အဝေးထိန်းစနစ်ဖြင့် ထိန်းချုပ်ပစ်ခတ်နိုင်သော်လည်း အမြောက်စနစ်တစ်မျိုးဖြစ်ပြီး မီလီမီတာ ၃၀ အလိုအလျောက် ပစ်ခတ်နိုင်သော အမြောက်များကို တပ်ဆင်ထားခြင်းလည်းဖြစ်သည်။ ထိုအမြောက်များတွင် ပေါက်ကွဲချိန်ကို ကြိုတင်သတ်မှတ်နိုင်သော လေကွဲကျည်များကို အသုံးပြုထားသည်။ အဆိုပါ လေကွဲကျည်များကို မောင်းသူမဲ့လေယာဉ်၏ ရှေ့ဘက်သတ်မှတ်အကွာအဝေးတစ်ခုၭ ပေါက်ကွဲစေရန် ကြိုတင်တွက်ချက် သတ်မှတ်ထားပြီး ပေါက်ကွဲချိန်တွင် အစိတ်စိတ်အမြွှာမြွှာ ကွဲထွက်လာသော သတ္တုအစအနများဖြင့် ပစ်မှတ်ကို ထိခိုက်ပျက်စီးစေရန် ရည်ရွယ်၍ ဒီဇိုင်းထုတ်ထားသည်။ ထို့ကြောင့် ပစ်မှတ်ကို တိုက်ရိုက်ထိမှန်ရန် မလိုအပ်ဘဲ လေထဲတွင် ပေါက်ကွဲစေခြင်းဖြင့် ပစ်မှတ်ကို ဟန့်တားဖျက်ဆီးနိုင်ခြင်းဖြစ်သည်။ တိုက်ခိုက်ရေးယူနစ်တွင် အသင့်အသုံးပြုနိုင်သော ကျည် ၃၀၀ ပါရှိသည်။

Rostec ကုမ္ပဏီ၏ အဆိုအရ Tsitadel စနစ်သည် တောင်ပံတပ် မောင်းသူမဲ့လေယာဉ်များကို အကွာအဝေး တစ်ကီလိုမီတာခန့်ထိလည်းကောင်း၊ အရွယ်အစားသေးငယ်သော ပန်ကာလေးလုံးတပ် မောင်းသူမဲ့လေယာဉ်များကို အကွာအဝေး မီတာ ၈၀၀ ခန့်ထိလည်းကောင်း မျှားၭ ဖော်ပြခဲ့သည်။

Tsitadel အမြောက်စနစ်သည် အဝေးထိန်းစနစ်ဖြင့် ထိန်းချုပ်ပစ်ခတ်နိုင်သော်လည်း အမြောက်စနစ်တစ်မျိုးဖြစ်ပြီး မီလီမီတာ ၃၀ အလိုအလျောက် ပစ်ခတ်နိုင်သော အမြောက်များကို တပ်ဆင်ထားခြင်းလည်းဖြစ်သည်။ ထိုအမြောက်များတွင် ပေါက်ကွဲချိန်ကို ကြိုတင်သတ်မှတ်နိုင်သော လေကွဲကျည်များကို အသုံးပြုထားသည်။ အဆိုပါ လေကွဲကျည်များကို မောင်းသူမဲ့လေယာဉ်၏ ရှေ့ဘက်သတ်မှတ်အကွာအဝေးတစ်ခုၭ ပေါက်ကွဲစေရန် ကြိုတင်တွက်ချက် သတ်မှတ်ထားပြီး ပေါက်ကွဲချိန်တွင် အစိတ်စိတ်အမြွှာမြွှာ ကွဲထွက်လာသော သတ္တုအစအနများဖြင့် ပစ်မှတ်ကို ထိခိုက်ပျက်စီးစေရန် ရည်ရွယ်၍ ဒီဇိုင်းထုတ်ထားသည်။ ထို့ကြောင့် ပစ်မှတ်ကို တိုက်ရိုက်ထိမှန်ရန် မလိုအပ်ဘဲ လေထဲတွင် ပေါက်ကွဲစေခြင်းဖြင့် ပစ်မှတ်ကို ဟန့်တားဖျက်ဆီးနိုင်ခြင်းဖြစ်သည်။ တိုက်ခိုက်ရေးယူနစ်တွင် အသင့်အသုံးပြုနိုင်သော ကျည် ၃၀၀ ပါရှိသည်။

Rostec ကုမ္ပဏီ၏ အဆိုအရ Tsitadel စနစ်သည် တောင်ပံတပ် မောင်းသူမဲ့လေယာဉ်များကို အကွာအဝေး တစ်ကီလိုမီတာခန့်ထိလည်းကောင်း၊ အရွယ်အစားသေးငယ်သော ပန်ကာလေးလုံးတပ် မောင်းသူမဲ့လေယာဉ်များကို အကွာအဝေး မီတာ ၈၀၀ ခန့်ထိလည်းကောင်း ပစ်ခတ်နိုင်သော အမြောက်များကို တပ်ဆင်ထားခြင်းလည်းဖြစ်သည်။ ထိုအမြောက်များတွင် ပေါက်ကွဲချိန်ကို ကြိုတင်သတ်မှတ်နိုင်သော လေကွဲကျည်များကို အသုံးပြုထားသည်။ အဆိုပါ လေကွဲကျည်များကို မောင်းသူမဲ့လေယာဉ်၏ ရှေ့ဘက်သတ်မှတ်အကွာအဝေးတစ်ခုၭ ပေါက်ကွဲစေရန် ကြိုတင်တွက်ချက် သတ်မှတ်ထားပြီး ပေါက်ကွဲချိန်တွင် အစိတ်စိတ်အမြွှာမြွှာ ကွဲထွက်လာသော သတ္တုအစအနများဖြင့် ပစ်မှတ်ကို ထိခိုက်ပျက်စီးစေရန် ရည်ရွယ်၍ ဒီဇိုင်းထုတ်ထားသည်။ ထို့ကြောင့် ပစ်မှတ်ကို တိုက်ရိုက်ထိမှန်ရန် မလိုအပ်ဘဲ လေထဲတွင် ပေါက်ကွဲစေခြင်းဖြင့် ပစ်မှတ်ကို ဟန့်တားဖျက်ဆီးနိုင်ခြင်းဖြစ်သည်။ တိုက်ခိုက်ရေးယူနစ်တွင် အသင့်အသုံးပြုနိုင်သော ကျည် ၃၀၀ ပါရှိသည်။

ရေဒါနှင့် အပူပုံရိပ်ဖော်ကင်မရာအပါအဝင် အလင်းအာရုံခံထောက်လှမ်းရေးစနစ်များကို ပေါင်းစပ်အသုံးပြုထားသဖြင့် နေ့ရောညပါ ဝေဟင်ပစ်မှတ်များကို ရှာဖွေထောက်လှမ်းခြင်းနှင့် ခြေရာခံခြင်းတို့ ဆောင်ရွက်နိုင်သည်။ ထို့ပြင် ပစ်ခတ်မှုထိန်းချုပ်ရေးစနစ်သည် အမြောက်၏ ဦးတည်ရာကို အလိုအလျောက် ချိန်ညှိပေးနိုင်သည့်အပြင် ကျည်များကို မည်သည့် အချိန်တွင် ပေါက်ကွဲစေမည်ကိုလည်း တွက်ချက်ဆုံးဖြတ်ပေးနိုင်သည်။ ထို့ပြင် ပစ်ခတ်ရေးယူနစ် အများအပြားကို အကွာအဝေး တစ်ကီလိုမီတာခန့်ရှိသည့် ကွပ်ကဲရေးစခန်းတစ်ခုမှ တစ်ပြိုင်နက် ထိန်းချုပ်ဆောင်ရွက်နိုင်သည်။

Rostec ကုမ္ပဏီက ပုံသေနေရာ၌ တပ်ဆင်အသုံးပြုသည့် Tsitadel အမြောက်စနစ်သည် စစ်မြေပြင်တွင် စွမ်းဆောင်ရည်ပြသနိုင်ခဲ့ပြီး မောင်းသူမဲ့လေယာဉ်အမျိုးမျိုးအပြင် ခရုဇ်ဒုံးကျည်များကိုပါ ပစ်ခတ်ဟန့်တားနိုင်သည်။ ထို့ပြင် လေထဲတွင် ပေါက်ကွဲသည့်ကျည်များနှင့် ပစ်ခတ်မှ ထိန်းချုပ်ရေးစနစ်သစ်တို့ကြောင့် ပုံမှန် လေယာဉ်ပစ် အမြောက်များနှင့် နှိုင်းယှဉ်ပါက ကျည်သုံးစွဲမှုကို များစွာလျှော့ချနိုင်သည်ဟု Rostec ကုမ္ပဏီက ထုတ်ပြန်ထားကြောင်း သိရသည်။

Russia unveils new anti-drone gun system ကို ဘာသာပြန်ဆိုထားပါသည်။

ကာတာနိုင်ငံက ဒရုန်းတန်ပြန်ကာကွယ်ရေးစွမ်းရည်မြှင့်တင်ရန် ပြင်သစ်နည်းပညာကုမ္ပဏီနှင့်ပြည်တွင်းကုမ္ပဏီတို့ ပူးပေါင်းစမ်းသပ်မည်ဖြစ်

ကာတာနိုင်ငံသည် ဒရုန်းတန်ပြန်ကာကွယ်ရေးစွမ်းရည် မြှင့်တင်ရန်အတွက် ပြင်သစ်နည်းပညာကုမ္ပဏီ Harmattan AI နှင့် ပြည်တွင်းကုမ္ပဏီ Barzan Holdings တို့သည် တာတိုပစ်လေကြောင်းရန် ကာကွယ်ရေးစနစ် VSHORAD ကို ပူးပေါင်းစမ်းသပ်သွားမည်ဖြစ်ကြောင်း The Defense Post သတင်းဌာနက နိုဝင်ဘာ ၁၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

နှစ်ဖက်ကုမ္ပဏီများသည် နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ပြီး ၎င်းသဘောတူညီချက်အရ Harmattan AI ကုမ္ပဏီ၏ GOBI TEMPEST စနစ်အပါအဝင် အလိုအလျောက်လုပ်ဆောင်နိုင်သော ကာကွယ်ရေးစနစ်များနှင့် စစ်ဆင်ရေးတာဝန်များကို ပေါင်းစပ်ညှိနှိုင်းထိန်းချုပ်သည့် Mission Orchestration System ကို သရုပ်ပြစမ်းသပ်သွားမည်ဖြစ်သည်။

GOBI TEMPEST စနစ်သည် အလယ်အလတ်အရွယ်အစားရှိ မောင်းသူမဲ့လေယာဉ်များဖြစ်သော Group 2 နှင့် Group 3 အမျိုးအစား ဝေဟင်ခြိမ်းခြောက်မှုများကို ကြားဖြတ်တားဆီးရန် ရည်ရွယ်တည်ဆောက်ထားသည့် ဒရုန်းတန်ပြန်ကာကွယ်ရေးစနစ်တစ်ခု ဖြစ်ကြောင်း သိရသည်။

Harmattan AI ကုမ္ပဏီ၏ ထုတ်ပြန်ချက်အရ ၎င်းတို့၏ အလိုအလျောက်လေကြောင်းရန်ကာကွယ်ရေးနည်းပညာကို NATO နှင့် မဟာမိတ်တပ်ဖွဲ့များ၏ စစ်ဆင်ရေးများတွင် အသုံးပြုခဲ့ပြီးဖြစ်ကြောင်း သိရသည်။ သို့သော် မည်သည့် စစ်ဆင်ရေးများတွင် မည်သို့အသုံးပြုခဲ့သည်ဆိုသည့် အသေးစိတ်အချက်အလက်များကိုမူ ထုတ်ဖော်ပြောကြားခြင်း မရှိသေးပေ။

Barzan Holdings ကုမ္ပဏီအတွက် ယခုမိတ်ဖက်ပူးပေါင်းမှုသည် ကာတာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် အရေးပါသော အခြေခံအဆောက်အအုံများကို ရန်လိုသည့် ဒရုန်းခြိမ်းခြောက်မှုများမှ ကာကွယ်နိုင်ရန် ကြိုးပမ်းနေသည့် အစီအစဉ်နှင့် ကိုက်ညီလျက်ရှိသည်။

Harmattan AI ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် Mouad M'Ghari က ခြိမ်းခြောက်မှုအသစ်များ ပေါ်ပေါက်လာနေပြီး ၎င်းတို့ကိုတုံ့ပြန်ရန် ကမ္ဘာပေါ်ရှိ ကုမ္ပဏီအနည်းငယ်သာ ပံ့ပိုးပေးနိုင်သည့် အဆင့်မြင့် အလိုအလျောက်နည်းပညာများလိုအပ်နေကြောင်း၊ ရန်လိုသည့် ဒရုန်းများ အုပ်စုလိုက်ဝင်ရောက် တိုက်ခိုက်လာသည့်အခါ မဟာဗျူဟာအရ အရေးပါသော နေရာတစ်ခု၏ လုံခြုံရေးကို အာမခံနိုင်ရန် ဆုံးရှုံးမှုကို လက်ခံနိုင်သည့် စက်မှုလုပ်ငန်းအဆင့်ဖြင့် အမြောက်အမြားထုတ်လုပ်နိုင်သည့် အလိုအလျောက် စနစ်များကို အခြေခံထားသော ဖြေရှင်းချက်မျိုးသာ လိုအပ်ပါကြောင်း ပြောကြားခဲ့သည်။



တာတိုပစ်လေကြောင်းရန်ကာကွယ်ရေးစနစ် (VSHORAD) များသည် အနိမ့်ပျံသန်းလာသော လေယာဉ်များနှင့် မောင်းသူမဲ့လေယာဉ်များအပါအဝင် အနီးကပ်အကွာအဝေးမှ ဝေဟင်ခြိမ်းခြောက်မှုများကို ကြားဖြတ်တိုက်ခိုက်ရန် ဒီဇိုင်းရေးဆွဲထားသောစနစ်များ ဖြစ်ကြသည်။

၎င်းစနစ်များကို ပုံမှန်အားဖြင့် တာဝေးပစ်နှင့် တာလတ်ပစ်လေကြောင်းရန်ကာကွယ်ရေး လက်နက်များနှင့် ပေါင်းစပ်အသုံးပြုကာ အလွှာလိုက်လေကြောင်းရန်ကာကွယ်ရေး ကွန်ရက်တစ်ခုအဖြစ် တည်ဆောက်လေ့ရှိသည်။ စနစ်အမျိုးအစားအလိုက် လူတစ်ဦးချင်း သယ်ဆောင်အသုံးပြုနိုင်သော လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်များ၊ အမြောက်များနှင့် အခြားကြားဖြတ်တိုက်ခိုက်ရေးလက်နက်များ ပါဝင်နိုင်ကြောင်း သိရသည်။

ဒရုန်းတန်ပြန်ကာကွယ်ရေးအတွက် ပြင်ဆင်ထားသော စနစ်များတွင်မူ ရန်သူ့လေယာဉ်များကို ရှာဖွေထောက်လှမ်းရန်နှင့် ၎င်းတို့၏ လုပ်ဆောင်မှုများကို နှောင့်ယှက်တားဆီးရန် အာရုံခံကိရိယာများနှင့် အီလက်ထရွန်နစ် စစ်ဆင်ရေးနည်းပညာများကိုလည်း ပေါင်းစပ်အသုံးပြုနိုင်သည်။ ထို့နောက် လိုအပ်ပါက အမြောက်၊ ဒုံးကျည်နှင့် အခြားရှုပ်ဝတ္ထုပိုင်းဆိုင်ရာ ကြားဖြတ်တိုက်ခိုက်ရေးလက်နက်များဖြင့် တိုက်ခိုက်ဖျက်ဆီးနိုင်ကြောင်း သိရသည်။

"Harmattan AI, Barzan Explore New Counter-Drone Capabilities for Qatar,"10 November 2026 ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

A total of 106 suspects involved in online scam and gambling activities, including one Chinese national wanted with rewards for capture by Ministry of Public Security of China and the Longjiang Public Security Bureau arrested along with operational equipment in Thaketa Township





Suspects involved in online fraud and gambling apprehended along with operational equipment in Thaketa Township, Yangon Region.

Nay Pyi Taw November 13

The government is treating the identification, prevention and suppression of perpetrators of online scams and online gambling, which pose a serious threat to and cause extensive damage to the socio-economic lives of not only local communities but also people around the world, as a national responsibility. In addition, it is coordinating with the governments of neighbouring countries to effectively identify, track down, arrest and take action against those involved in such activities.

In this regard, following reports that Su Fu Quan, whose name appeared on a list of 43 wanted suspects for whom rewards had been announced by the Ministry of Public Security (MPS) of the People's Republic of China and the Longjiang Public Security Bureau, was staying in Thaketa Township, Yangon Region, and operating online scam and gambling businesses, joint teams comprising security personnel conducted investigations and operations to identify and expose the activities. At 10.45 pm on 12 November, the teams arrested 48 illegal Chinese males and four females including Chinese national Su Fu Quan, 31 Myanmar males and 15 females, totalling 106 along with 121 computers, five laptops, one server, 190 assorted mobile phones, seven Wifi devices, two rounters, five Myanmar citizen passports, two Chinese passports and four KBZ bank passbooks at room 110, 301, 302, 306, 307, 310, 505, 509 and 510 of Golden River Residence Condo owned by Daw Myat Zin Oo from PyinOoLwin and Chinese national Mr. Huo in the compound of Aung Kaung Kyaw on Nawarat Road in Ward 8 of Thaketa Township.

According to the interrogation of the arrested individuals, it was found that in carrying out online scam activities, they were organized into five groups: Han Toke, Paing Yit, Ar Htan, Tar Hike, and Su Kyin. Each group was led by a leader and a deputy leader, operating by creating Kaqpo and Telegram accounts. Within those Kaqpo accounts, member groups were formed with customers (targets) residing in China, Japan, Korea, and India, where they communicated exclusively in written Chinese language, and accounts had to be registered by downloading the Kaqpo application via Chrome.

In investment-based scams involving enticing victims with promises of lucrative opportunities, the first stage involved using women to attract and persuade potential victims. Customer service personnel sent stickers featuring women to targeted customers and asked them to select women based on their preferred age and marital status (single or married). Once the customers made their selections and sent them back, they were asked to provide the townships where they lived and their locations. Subsequently, photographs were sent to the customers to persuade them by suggesting that they could have sex with women. At the second stage, customers were persuaded to become members. Those who agreed to join were sent Alipay and WeChat Pay QR codes and asked to transfer 10 Chinese yuan. Upon receipt of the payment, they were sent a code to open a VIP account and instructed to contact the Kaqpo account of the group leader. The group leaders and deputy leaders then told the customers that they would connect them with women for having sex and asked them to provide their personal information and occupations. The customers were subsequently placed in groups with the women for communication and asked to pay a membership fee of 72 Chinese yuan. After confirming receipt of the payment, the operators transferred 80 Chinese yuan back to the customers, adding eight yuan as purported profit. At the third stage, customers were enticed with promises of higher returns. They were told that depositing 201 Chinese yuan would yield 223 yuan, depositing 401 yuan would yield 425 yuan, and depositing 601 yuan would yield 662 yuan. The operators transferred the customers' original deposits together with the purported profits back to them to gain their trust. After further persuasion to establish credibility, the operation proceeded to the fourth stage. Once customers became greedy and began investing larger sums of money, the operators stopped returning their money and defrauded them of their investments. It was learned that the operators had managed to defraud individual customers of as much as 48,000 Chinese yuan.

Regarding the online shopping fraud operation, three Telegram groups had been established, each comprising seven members. The groups primarily targeted individuals in Brazil and Colombia and carried out scams using fake online shopping websites, namely www.amazonexotic.com and www.falabella.com. In committing the scams, the operators initially offered 10,000 in Brazilian or Colombian currency to individuals simply for liking products advertised for sale on www.amazonexotic.com and www.falabella.com. To make the payments, they requested the bank account details of Telegram users and, upon receiving the details, transferred the initial payment of 10,000 to the respective bank accounts. The individuals were then invited to join Telegram groups to proceed to the next stage. After joining, they were instructed to like three more products advertised on the two websites and were paid an additional 13,000 in Brazilian or Colombian currency for completing the task. After completing the three likes, they were promoted to VIP Telegram groups. Upon joining the VIP groups, they were enticed to become members and make purchases, with promises that they would receive an additional 20 per cent of their purchase expenditure as a membership benefit. They were further lured with promises that if they continued upgrading their membership, the additional benefits would increase to as much as 60 per cent of the membership fees. Through these successive stages, the operators defrauded victims of their membership fees.





Operational equipment used in online fraud and gambling seized in Thaketa Township, Yangon Region.

It is reported that, upon completion of the necessary investigations into those arrested for operating online scam and gambling activities, effective and stringent legal action will be taken against them in accordance with the existing laws, while the seized equipment and materials will be dealt with in accordance with established procedures.

100

Effective crackdown on online scam centres based in Shan and Kayin border areas impersonating Thai government officials to target Thai nationals



Apprehension of 83 Thai nationals involved in online fraud and gambling.



Docume ntary photo of Thai nationals involved in online fraud and gambling.



SMS messages sent by scammers instructing targets to contact a Line application account ID.



Screenshot of a counterfeit Line application account impersonating Thailand's Provincial Electricity Authority (PEA).



Photo of a fraudulent electricity meter payment receipt prepared for use by scammers.



Invoice found prepared by scammers to demand tax payments for electricity meter boxes.

Nay Pyi Taw November 13

The Government is prioritizing national stability, peace, and the rule of law, treating the effective and decisive exposure, arrest, and prosecution of online fraud and gambling—crimes that cause widespread harm globally—as a national duty.

In certain border regions, some foreign nationals have been operating online scam and gambling rings with the involvement of self-interested actors from affiliated areas, including ethnic armed organizations (EAOs). In response, the Tatmadaw, the Myanmar Police Force, and departmental officials have been jointly conducting search, verification, and arrest operations, while consistently facilitating the repatriation of offending foreign nationals in the spirit of bilateral friendship.

Among the foreign nationals who entered Myanmar either legally or illegally across the border to commit online fraud and gambling are Thai citizens. From 5 October 2023 to date, a total of 947 Thai nationals—529 men and 418 women—who entered border areas in Shan and Kayin states illegally have been apprehended.

Investigations revealed that the detained Thai scammers were initially lured online with promises of high-paying jobs in online gambling operations. Once recruited, they primarily targeted Thai citizens with limited awareness, low technological literacy, or financial greed. Their tactics included enticing victims with fake business and investment opportunities, fraudulent lucky draws and prize money, social media advertisements promoting online gambling and gaming platforms with high winning odds, and bogus employment offers.

Among those arrested were 83 Thai nationals—42 men and 41 women—apprehended on 31 October 2026 at Yuwarat Hotel on Sabai Street in Sansai (B) Ward, Tachilek, Shan State, alongside 23 all-in-one computers, 40 laptops, and 141 mobile phones used in scam operations. Further interrogation showed that the group specifically defrauded fellow Thai citizens by impersonating employees of Thailand's electricity meter billing service. Targeting electricity users in Thailand, they fabricated pretexts involving mandatory meter replacements and electricity meter deposit refunds. The perpetrators contacted victims via phone calls and SMS messages, instructing them to reach out to a designated Line application account ID for meter services. When victims made contact, the scammers requested personal details—including full names, house numbers, villages, sub-districts, meter numbers, and utility payment receipts—and sent forged notices bearing the name of Thailand's Provincial Electricity Authority (PEA) to build trust. They also convinced targets that they could assist in claiming refunds for electricity meter deposits, directing interested victims to a counterfeit PEA Line account.

Once victims contacted the fake PEA Line account, they were instructed to submit meter receipts, account numbers, and receiving bank account details.

See Page 14

Systematic demolition of illegal buildings used in online scam/ gambling in Shwe Kokko (Part-II) continues

Systematic demolition continues on a six-storey building used for online gambling in Part-II of the Shwe Kokko area.



Before demolition.



Demolition using heavy machinery.

Nay Pyi Taw November 13

In cooperation with neighboring and regional countries, the government has taken measures to completely wipe out online scams and gambling, which have posed a threat to the global socioeconomic arena and national security, and carried out systematic demolition of illegal buildings in Shwe Kokko, where most online scams and gambling were operated, so that they cannot be used again for such crimes.

In doing so, the dismantling of a 5-storey illegal building and a 6-storey one under mechanical demolition among those left for destruction in Shwe Kokko (Part-II) completed up to 10 and 50 percent respectively today.

A total of 63 buildings used in online scams and gambling in Shwe Kokko (Part-II) and left for destruction were scheduled for mechanical demolition, detonation and manual dismantling floor by floor due to their proximity to residences and systematic demolition works are being carried out. The dismantling of 11 buildings including four scheduled for detonation and seven for mechanical demolition have completed and plans are underway to systematically demolish the remaining 52 illegal buildings.

The government has continued to coordinate with domestic forces as well as neighboring governments to totally prevent online scams and gambling operations from taking root in Myanmar as a national responsibility. 100

From Page 13

Scammers assessed each victim's demeanour and speech to determine the maximum amount they could extort, before sending a link and QR code for a fraudulent PEA payment application. After victims installed the fake app, scanned the QR code, and transferred funds, the scammers blocked their accounts and severed all contact. Investigators found that the syndicates had previously obtained databases and personal records of Thai residents registered with the PEA through various means, allowing them to systematically screen and select targets.

The Government has established dedicated committees to ensure that foreign nationals detained for illegal entry are screened in accordance with the law, prosecuted promptly, and deported to their respective countries without delay. Authorities are also actively cooperating with foreign governments to expedite the repatriation of distressed and trafficked foreign nationals.

As online fraud and gambling have escalated from domestic criminal issues into transnational threats endangering international economic, social, and security sectors, the Myanmar government continues to take strict legal action against these syndicates. Authorities urge the public to cooperate in combating online scams by reporting any suspicious activities to relevant officials, while joint teams comprising security forces and departmental personnel will intensify ongoing search and investigation efforts alongside the community. 100

Myaung Township finishes cultivation of more than 2,000 acres of vegetables

Myaung November 13

Statistics of Myaung Township Agriculture Department mentioned that local farmers have planted more than 2,000 acres of vegetables in Myaung Township of Sagaing Region.

Myaung Township has set a target of cultivating 3,994 acres of vegetables during the 2026-2027 winter crop season. Planting began in October this year, and a total of 2,999 acres had been planted as of today, according to the township's agriculture authorities.

"This year, Myaung Township has set a target of cultivating more than 3,000 acres of vegetables during the winter crop season. More than 2,000 acres have already been planted as of today. The crops include mustard, chilli, spices, potatoes, cauliflower, eggplant and cabbage. We are providing farmers with technical guidance to ensure that all vegetables are cultivated in accordance with Good Agricultural Practices (GAP). We are also advising farmers on cultivation methods that minimize chemical residues and ensure that the vegetables are safe and suitable for consumption," said U Myint Thu, Head of the Myaung Township Agriculture Department.

This year, the Township Agriculture Department is providing vegetable growers in Myaung Township with technical training on GAP-based cultivation methods and guidance on producing safe and healthy vegetables. It is also making efforts to encourage farmers to expand vegetable cultivation.

A variety of seasonal vegetables are cultivated annually in Myaung Township. Successful cultivation provides farmers with income to support their families. The Township Agriculture Department is also raising farmers' awareness of proper cultivation techniques, pest and disease prevention, and the preparation and use of organic fertilizers, natural pesticides and pest repellents. 206

More than 1,000 acres of croplands placed under black gram in Wetlet Township

Wetlet November 13

Accoridng to the township Agriculture Department in Wetlet Township, local farmers have planted more than 1,000 acres of black gram in Wetlet Township, Sagaing Region, this year.

During the 2026-2027 winter crop season, Wetlet Township has set a target of cultivating more than 38,000 acres of black gram. Planting began in October this year, and a total of 1,912 acres had been planted as of today, according to the township's agriculture authorities.

"This year, Wetlet Township has set a target of cultivating more than 38,000 acres of black gram during the winter crop season. More than 3,000 acres have already been planted as of today. We are making efforts to ensure that the cultivation target is met. During the black gram planting season, we also provide farmers with the necessary agricultural techniques, quality seeds and methods for preventing and controlling pest and disease outbreaks through on-site field visits," said a township agriculture official.

The Township Agriculture Department is providing black gram farmers in Wetlet Township with guidance on obtaining good-quality and pure seeds suited to local conditions, adopting proper cultivation methods, preventing pest infestations, applying fertilizers systematically and improving crop yields.

During this year's winter crop season, the relevant Township Agriculture Department is also working in cooperation with farmers cultivating various kinds of pulses to ensure good yields and crop quality. Its support includes providing suitable quality seeds, necessary agricultural inputs and training in post-harvest technologies. 206

Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

မြင်းမူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၄၈၄၉ ဧကထိစိုက်ပျိုးပြီးစီးပြီဖြစ်



မြင်းမူ နိုဝင်ဘာ ၁၃

စစ်ကိုင်းတိုင်းဒေသကြီးစစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၄၈၄၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၅၁၁၄ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၄၈၄၉ ဧကထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ ဟင်းသီးဟင်းရွက် ဧက ၅၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၄၈၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာဥ စတဲ့ သီးနှံတွေ စိုက်ပျိုးပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက် အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ အသိပညာပေး လုပ်ငန်းတွေ ဆောင်ရွက် ပေးခဲ့ပါတယ်" ဟု မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးပိုင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းစင်ရေး၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲရေး အသိပညာပေးခဲ့ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးပိုင်က ပြောပြ၍ သိရသည်။

(၂၀၆)



သဲကုန်းမြို့နယ် ကန်နှစ်ဆင့်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



သဲကုန်း နိုဝင်ဘာ ၁၃

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကန်နှစ်ဆင့် ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထက်နောင်က မြစိမ်းရောင် ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များ၊ အတိုးနှုန်းနှင့်ကာလ သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင် ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ်သန်း ၃၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကန်နှစ်ဆင့်ကျေးရွာရှိ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၁၆၇ ဦးကို ငွေကျပ် ၂၉ ဒသမ ၂၅ သန်း၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် သုည ဒသမ ၇၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၇၂ ဦးကို စီမံကိန်းရန်ပုံငွေကျပ် သန်း ၃၀ ထုတ်ချေးပေးခဲ့ကြောင်း သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထက်နောင်ထံမှ သိရသည်။

သန္တာ

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးရှဉ့်ပိသာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ကျိုက်လတ် နိုဝင်ဘာ ၁၃

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးရှဉ့်ပိသာချိန် အများအပြား တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဇာဇာဦးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးရှဉ့်ပိသာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလအတွင်း ငါးရှဉ့်ပိသာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးရှဉ့်များ တင်ပို့ရောင်းချမှု အားကောင်းလာခြင်းသည် ရန်ကုန်ဈေးကွက်က ငါးရှဉ့်များကို ဝယ်ယူအား ကောင်းနေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်း ဒီဘက်ကနေ ငါးရှဉ့်တွေ သိသိသာသာ တင်ပို့အားကောင်းခဲ့ပါတယ်။ ငါးရှဉ့်တွေကို အရွယ်အစားအလိုက် ခွဲပြီးရောင်းချပါတယ်။ ဒီဘက်ကနေ ငါးရှဉ့်တွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချပါတယ်။ အခုလို ငါးရှဉ့်တွေ တင်ပို့အားကောင်းလာတော့ ငါးရှဉ့်မွေးမြူသူတွေ၊ ရေလုပ်သားတွေ၊ ငါးရှဉ့်ရှာဖွေဖမ်းဆီးသူတွေ၊ ကုန်တင်ကုန်ချလုပ်သားတွေ အဆင်ပြေလာတာတွေ့ရပါတယ်"ဟု ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဇာဇာဦးက ပြောပြသည်။



ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချသည့် ငါးရှဉ့် ၁၀ ပိသာလျှင် ငွေကျပ် ၂၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

မိုင်းဖြတ်မြို့နယ် နမ့်ခမ်းတောင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

မိုင်းဖြတ် နိုဝင်ဘာ ၁၃

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နမ့်ခမ်းတောင်ကျေးရွာ၌ ရေရရှိရေး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တာချီလိတ်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဒေါ်အမာလွင်၊ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင် နှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်း နှင့် ရေပိုက်သွယ်တန်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက အဆိုပါ ရေရှိရေးလုပ်ငန်းကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီအောင် ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ အရည်ပေ ၉၉၀၀ ရှိ ရေပိုက်သွယ်တန်းခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်း လုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြု ရန်ပုံငွေကျပ် ၆၉ ဒသမ ၈၈ သန်းဖြင့် ကမ္ဘမြေကုမ္ပဏီက ယခုနှစ်စက်တင်ဘာလ ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၈၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်ထံမှ သိရသည်။

ဇင်မာ



တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၃

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဌေး၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီးများနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ၂၀၉ ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၀၁ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၅) ဦးမြတ်မျိုးညွန့်၏ **စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရွှေဘိုခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးသို့ မော်တော်ယာဉ်လိုင်စင်သက်တမ်းတိုးဆောင်ရွက်ရာတွင် ယာဉ်စစ်ဆေးမှုခံယူခြင်းမပြုဘဲ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ထောက်ခံချက်ဖြင့် သက်တမ်းတိုးဆောင်ရွက်ခွင့်ပြုနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေလျှော့ခွင့်ပြုပေးရန် အစီအစဉ် ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်က ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ROAD SAFETY ဖြစ်စေရေးအတွက် လုပ်ငန်းလိုင်စင်ရယူပြေးဆွဲလျက်ရှိသော အများပြည်သူသယ်ယူပို့ဆောင်သည့် ခရီးသည်တင်ယာဉ်များမှအပ နယ်မြေဒေသအခြေအနေနှင့် လမ်းခရီးလုံခြုံရေးအခက်အခဲများကြောင့် အမှန်တကယ်ယာဉ်မှတ်ပုံတင်သက်တမ်းတိုးရန် လာရောက်ဆောင်ရွက်နိုင်ခြင်းမရှိသော နယ်မြေဒေသရှိ ကျန်လူစီးမော်တော်ယာဉ်ငယ်များကိုသာ သက်ဆိုင်ရာခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ထောက်ခံချက်ဖြင့် မော်တော်ယာဉ်သက်တမ်းတိုးခြင်းကို ယာဉ်စစ်ဆေးခြင်းကင်းလွတ်ဖြင့် ဖြေလျှော့ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် အချို့သောမော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များသည် အဆိုပါဒေသများရှိ အကြမ်းဖက်လုပ်ရပ်များတွင် ပါဝင်အသုံးပြုနေသည့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များ မဖြစ်စေရေးအတွက် ထောက်ခံချက်ထုတ်ပေးရာတွင် စနစ်တကျစိစစ်ပြီးမှ ထုတ်ပေးသင့်ပါကြောင်း ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးခင်မောင်ဝင်း၏ **မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် သံရွာကျေးရွာရှိ ၂၅ ခုတင်ဆံ့ သံရွာတိုက်နယ်ဆေးရုံတွင်လိုအပ်နေသော သွားဆရာဝန်တစ်ဦးပြန်လည်ခန့်ထားပေးရန်နှင့် Dental Chair(1)Set အစားအသစ်တစ်စုံဖြည့်ဆည်းပေးရန် အစီအစဉ် ရှိ၊မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် သံရွာတိုက်နယ်ဆေးရုံတွင် လိုအပ်နေသော သွားနှင့်ခံတွင်းဆရာဝန်တစ်ဦးကို ပြန်လည်ခန့်ထားပေးနိုင်ရေးအတွက် စီစစ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေဖြင့်မှာယူထားသော Dental Chair များရရှိလာပါက ထောက်ပံ့ပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။



ကယားပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂) ဦးဟန်ထူး၏ **ကယားပြည်နယ် ဘောလခဲမြို့ပေါ်တွင် အိမ်ထောင်စု ၇၆၇ စု၊ လူဦးရေ စုစုပေါင်း ၁၁၈၉ ဦးအတွက် ဗို့အား ၁၀၀ ဘက်ထရီပါ ဆိုလာမီးသီးကို အိမ်ထောင်စုတစ်စုလျှင် တစ်လုံးနှုန်း ဖြင့်ချထားပေးရန် အစီအစဉ် ရှိ၊မရှိ နှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်၊ မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကိုသိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က ကယားပြည်နယ် ဘောလခဲမြို့သို့ ၁၃၂ ကေဗွီ လျှိုင်ကော်ပင်မဓာတ်အားခွဲရုံမှ ၆၆ ကေဗွီ လျှိုင်ကော်-ဘောလခဲ ဓာတ်အားလိုင်းသည် ၄၅ ဒသမ ၃၂ မိုင်ရှိပြီး ဓာတ်အားလိုင်းတိုင် ၈၈၈ တိုင်ရှိပါကြောင်း၊ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိစဉ် ၂၀၂၁ ခုနှစ် အောက်တိုဘာ ၅ ရက်တွင် အကြမ်းဖက်အဖွဲ့အစည်းများ၏ ဖျက်ဆီးခံရမှုကြောင့်ပျက်စီးမှုဖြစ်ပေါ်ခဲ့သဖြင့် ဝန်ကြီးဌာန၏အစီအစဉ်ဖြင့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ပြီး ၂၀၂၁ ခုနှစ် အောက်တိုဘာ ၃၀ ရက် တွင် ဓာတ်အားပြန်လည်ပို့လွှတ်ခဲ့ပါကြောင်း။

သို့သော် ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၂၁ ရက်တွင် အဆိုပါ ဓာတ်အားလိုင်းထပ်မံဖျက်ဆီးခံခဲ့ရသဖြင့် ဘောလခဲမြို့တွင် ဓာတ်အားပြတ်တောက်မှုထပ်မံဖြစ်ပေါ်ခဲ့ပါကြောင်း၊ ထို့ပြင် ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၈ ရက်တွင် အကြမ်းဖက်အဖွဲ့များက ၁၃၂ ကေဗွီ လျှိုင်ကော်ပင်မ ဓာတ်အားခွဲရုံကိုတိုက်ခိုက်ဖျက်ဆီးခဲ့မှုကြောင့် ဝန်ကြီးဌာန၏အစီအစဉ်ဖြင့် ပြန်လည်ပြုပြင်ခဲ့ရာ ၂၀၂၆ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် ဆောင်ရွက်ပြီးစီးပါကြောင်း၊ ၆၆ ကေဗွီ လျှိုင်ကော်-ဘောလခဲဓာတ်အားလိုင်းအပိုင်းကို ဆက်လက်စစ်ဆေးနိုင်ရေးအတွက် လုံခြုံရေးရရှိရေးတင်ပြထားပါကြောင်းခွင့်ပြုချက်ရရှိမှုနှင့်အညီ မြေပြင်ကွင်းဆင်း၍ ဓာတ်အားလိုင်းအသေးစိတ်စစ်ဆေးပြီးပါက ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပြန်လည်ပြုပြင်ရာတွင် ဌာနမှအရန်ပစ္စည်းများအသုံးပြုခြင်းနှင့် ထပ်မံလိုအပ်သော ဓာတ်အားလိုင်းဆက်စပ်ပစ္စည်းများ ဝယ်ယူနိုင်ရေး လာမည့်ဘဏ္ဍာနှစ်များတွင် ဘဏ္ဍာရန်ပုံငွေလျာထားခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ကယားပြည်နယ် ဘောလခဲမြို့သို့ မဟာဓာတ်အားလိုင်းစနစ်မှဓာတ်အား ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပါသဖြင့် ဘောလခဲမြို့ပေါ်တွင် လူဦးရေ စုစုပေါင်း ၁၀၈၉ ဦးနှင့် အိမ်ထောင်စု ၇၆၇ စု အတွက် ဗို့အား ၁၀၀ ဘက်ထရီပါ ဆိုလာမီးသီးကို အိမ်ထောင်စုတစ်စုလျှင် တစ်လုံးနှုန်းဖြင့်ချထားပေးရန် လတ်တလောအစီအစဉ်မရှိသေးပါကြောင်း ဖြေကြားသည်။

ကချင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၁) ဦးစိန်လွင်ဦး၏ **ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဟိုပင်မြို့ ပြည်သူ့အားကစားကွင်းတွင် ပေ၁၀၀x၉၀x၃၆ပေ ဘက်စုံသုံးမိုးလုံလေလုံအားကစားခန်းမတစ်ခုတည်ဆောက်ပေးရန် အစီအစဉ် ရှိ၊မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးကျော်သူက ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဟိုပင်မြို့ ပြည်သူ့အားကစားကွင်းတွင် ပေ ၁၂၀x၉၀x၃၆ပေ ဘက်စုံသုံးမိုးလုံလေလုံအားကစားခန်းမတစ်ခုကို ခန့်မှန်းကုန်ကျငွေ ငွေကျပ် သန်း ၃၂၄၀ ဖြင့် တည်ဆောက်ပေးမည်ဆိုပါက ရေရှည်ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် အခက်အခဲများရှိပါကြောင်း။

သို့ပါ၍ ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဟိုပင်မြို့ ပြည်သူ့အားကစားကွင်းတွင် အားကစားပြိုင်ပွဲများ ကျင်းပနိုင်မှုမရှိသေးခြင်း၊ အားကစားကွင်း၊ အားကစားရုံအားရေရှည်ပြုပြင်ထိန်းသိမ်းမည့် ဝန်ထမ်းအင်အား နှင့် ဖွဲ့စည်းပုံမရှိခြင်း၊ အားကစားဆိုင်ရာလှုပ်ရှားမှုများကို မိုးညှင်းမြို့ရှိအားကစားကွင်း၊ အားကစားရုံများတွင် ဆောင်ရွက်နိုင်ခြင်းတို့ကြောင့် ဘက်စုံသုံးမိုးလုံလေလုံ အားကစားခန်းမတစ်ခုကို လတ်တလောအနေဖြင့် တည်ဆောက်ပေးရန် အစီအစဉ်မရှိသေးသော်လည်း နယ်မြေအခြေအနေနှင့် အားကစားလှုပ်ရှားမှုများ ဆောင်ရွက်နိုင်မှု၊ အားကစားကွင်း၊ အားကစားရုံများ ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်နိုင်မှုအခြေအနေများကို ဆန်းစစ်အကဲဖြတ်၍ ဦးစားပေးအစီအစဉ်များတွင် အကျုံးဝင်ပါက သက်ဆိုင်ရာဘဏ္ဍာနှစ်များတွင် ထည့်သွင်းလျာထားတင်ပြပြီး ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၂) နန်းဝိုးစိန်၏ **ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖျဉ်းမြို့နယ်တွင် မိုးလုံလေလုံအားကစားရုံတစ်ရုံနှင့် မြို့နယ်ဘောလုံးကွင်းကို မြေသားကွင်းအဆင့်မှ မြို့နယ်အဆင့်ဘောလုံးကွင်းတစ်ကွင်း၏ အင်္ဂါရုပ်နှင့် အညီ အဆင့်မြှင့်တင်တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးကျော်သူက ဝန်ကြီးဌာနအနေဖြင့် ပြည်သူများအတွက် အားကစားရုံများ ဆောက်လုပ်ပေးလိုသော်လည်း ကိုယ်စားလှယ်တင်ပြထားသော မြို့မအားကစားကွင်းအတွင်းတွင် တစ်ဆက်တစ်စပ်တည်းလွတ်နေသည့် မြေနေရာမရှိပါကြောင်း။

စံချိန်စံညွှန်းများနှင့်အညီ မြို့နယ်အဆင့်မိုးလုံလေလုံအားကစားရုံတစ်ရုံ ဆောက်လုပ်မည်ဆိုပါက တစ်ဆက်တစ်စပ်တည်းရှိသည့် စတုရန်းပုံမြေဧရိယာ အလျား ပေ ၁၄၀x အနံ ပေ ၉၀ လိုအပ်မည်ဖြစ်ပြီး ကိုယ်စားလှယ်တင်ပြထားသည့် လျာထားမြေလွတ် ဧရိယာသည် အလျား ပေ ၁၀၀x အနံ ပေ၅၀ သာရှိပြီး ကြက်လျှာစွန်းပုံစံမြေဖြစ်နေသည့်အတွက် အားကစားရုံဆောက်လုပ်ရန်မြေဧရိယာလုံလောက်မှုမရှိပါကြောင်း။

သို့ရာတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းဖျဉ်းမြို့နယ် မြို့မအားကစားကွင်းကို မြို့နယ်အားကစားကွင်းအဖြစ် အဆင့်မြှင့်တင်နိုင်ရန်အတွက် ကနဦးအနေဖြင့် ဒေသ မြက်စိုက်ပျိုးခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးရန်နှင့် ဆက်လက်ထိန်းသိမ်းခြင်းလုပ်ငန်းများအတွက် စုစုပေါင်း ခန့်မှန်းကုန်ကျငွေ ငွေကျပ်သန်း ၄၀ ကိုလည်းကောင်း၊ လိုအပ်လျက်ရှိသည့်ရုံးသုံးပစ္စည်းဖြစ်သည့် ကွန်ပျူတာ၊ ပရင်တာတစ်စုံငွေကျပ် ၁၀ သန်းကိုလည်းကောင်း၊ ကိုယ်စားလှယ်တင်ပြချက်တွင်ပါရှိသည့် အများသုံးအိမ်သာခြောက်ခန်းတွဲ ၈ ပေ x ပေ ၃၀ တည်ဆောက်ခြင်း ငွေကျပ် ၂၅ သန်းကိုလည်းကောင်း နီးစပ်ရာဘဏ္ဍာနှစ်ရှမ်းပြည်နယ်အစိုးရအဖွဲ့ခွင့်ပြုရန်ပုံငွေတွင် လျာထားတင်ပြတောင်းခံပေးသွားမည်ဖြစ်ပါကြောင်းနှင့် ခွင့်ပြုငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၄) ဦးစိန်ရွှေမင်း၏ **မကွေးတိုင်းဒေသကြီး မင်းဘူး-ပွင့်ဖြူ-စလင်း-တညောင်-ဆိပ်ဖြူ-ချောက် ခရိုင်ချင်းဆက်လမ်းပေါ်ရှိ စကုမြို့ မန်းတံတား မြောက်ဘက် မိုင်တိုင်(၁၁)မှ (၁၄/၄)ထိ ကတ္တရာလမ်း ၃ ဒသမ ၄ မိုင်ကို ထပ်ပိုးခင်းပေးရန်နှင့် ဘေးဝဲယာလမ်းပခုံးသားများကိုလည်း ခိုင်မာသည့်ကျောက်ချောသို့မဟုတ် ကွန်ကရစ်ခင်းပေးရန် အစီအစဉ် ရှိ၊မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က မင်းဘူး-ပွင့်ဖြူ-စလင်း-တညောင်-ဆိပ်ဖြူလမ်းပိုင်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် မိုင်တိုင်(၁၂/၁)မှ (၁၂/၄) အတွင်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း နှစ်ဖာလုံ၊ မိုင်တိုင်(၁၂/၆) မှ (၁၂/၇)အတွင်း ကတ္တရာလမ်းပေါက်များဖာထေး၍ ရေပိတ်လွှာလောင်းခြင်းတစ်ဖာလုံဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ပြည်ထောင်စု တိုင်းဒေသကြီးရန်ပုံငွေတွင် မိုင်တိုင်(၁၄/၀)မှ (၁၄/၄)ထိ ၂၄ ပေ အကျယ်လမ်းချဲ့၍ ကတ္တရာထပ်ပိုးလွှာခင်းခြင်းနှင့် မြေနီအမာခံလမ်းပခုံးခင်းခြင်း လေးဖာလုံ၊ မိုင်တိုင်(၁၁/၆)မှ (၁၃/၁)အတွင်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း ငါးဖာလုံဆောင်ရွက်ရန်လျာထားပါကြောင်း၊ မိုင်တိုင်(၁၁/၀)မှ (၁၄/၄)အတွင်း ကျန်ရှိသောလမ်းပိုင်းများကို လမ်းချဲ့၍ ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ မြေနီအမာခံလမ်းပခုံးခင်းခြင်းနှင့် လမ်းပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများဆောင်ရွက်ရန် နှစ်စဉ်ရန်ပုံငွေလျာထားသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကယားပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၁) ဦးဇော်မင်းထူး၏ **ကယားပြည်နယ် လွှိုင်ကော်မြို့နယ် ကုန်းသာကျေးရွာအနီး လွှိုင်ကော်-ပင်လောင်း-အောင်ပန်းလမ်းမကြီးပေါ်ရှိ မြောင်းဖြတ်တံတားကို အနီးစပ်ဆုံးဘဏ္ဍာနှစ်တွင် တိုးချဲ့ဆောက်လုပ်ပေးရန်အစီအစဉ်ရှိ၊မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က မြောင်းဖြတ်တံတားသည် ပြည်ထောင်စုအစိုးရက စီမံခန့်ခွဲသောလမ်းဖြစ်သည့် အောင်ပန်း-ပင်လောင်း-မိုးဖြဲ-လွှိုင်ကော်လမ်း မိုင်တိုင်(၈၇/၅-၈၇/၆)အတွင်းတွင်တည်ရှိပါကြောင်း၊ ဆည်မြောင်းဦးစီးဌာနက ၁၉၇၁ ခုနှစ်မှ ယနေ့ထိတာဝန်ယူဆောင်ရွက်သော ဟိုတာတမံမှမြောင်းဖြတ်တံတားနေရာထိ မြောင်းအရှည်ပေ ၇၈၀၀ ရှိပြီး မြောင်း၀အကျယ် ကိုးပေ၊ အောက်ခြေအကျယ် သုံးပေနှင့်မြောင်းအနက် လေးပေရှိပါကြောင်း၊ရေပေးမြောင်းနှင့် ဆက်သွယ်ထားသောမြောင်းဖြတ်တံတားသည် ဆည်ရေသောက်နွေသီးနှံဧက ၁၀၀၊ မိုးသီးနှံဧက ၇၀၀အတွက် အဆင်ပြေလုံလောက်မှုရှိသော်လည်း ရေရှည်တွင် စိုက်ဧကများကို ပိုမိုရေပေးဝေနိုင်ရန်အတွက် အဆိုပါမြောင်းဖြတ်တံတားကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်(ဖြည့်စွက်) ရန်ပုံငွေတွင် တိုးချဲ့တည်ဆောက်နိုင်ရန် လျာထားသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၂) ဒေါ်စိုးစိုးမြင့်၏ **ရန်ကုန်-နေပြည်တော်**

အမြန်လမ်းမကြီးကို နိုင်ငံတကာအဆင့်မီအမြန်လမ်းမကြီးအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန်နှင့် အဆင့်မြှင့်တင်နိုင်ခြင်းမရှိသေးမီကာလအတွင်း လမ်းမျက်နှာပြင်၏ချို့ယွင်းပျက်စီးမှုများကို စနစ်တကျစစ်ဆေး၍ လက်ရှိ Concrete Pavement အပေါ် ခေတ်မီနည်းပညာများနှင့်အညီ စနစ်တကျ Asphalt Overlay ခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးရန်အစီအစဉ် ရှိမရှိမေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးသည် ပြည်ထောင်စုကစီမံခန့်ခွဲသောလမ်းဖြစ်ပြီး ကတ္တရာကွန်ကရစ်လမ်း မိုင်အချို့ ၃၅ ရာခိုင်နှုန်းနှင့် ကွန်ကရစ်လမ်းမိုင်အချို့ ၆၅ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊မိုင်တိုင် ၉၀/၀ မှ ၃၆၅/၃ ထိ အပိုင်းသည် မန္တလေးငလျင်ကြောင့် များစွာထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရသည့်အတွက် လုံးဝကွဲကြေပျက်စီးသွားသောကွန်ကရစ်လမ်းအလွှာများကို အသစ်ထပ်မံအစားထိုးတည်ဆောက်ခဲ့ပါကြောင်း၊ ကျန်ရှိသော ကွန်ကရစ်လမ်းပိုင်းများလည်းအနိမ့်အမြင့်များဖြစ်ပေါ်ကာ မျက်နှာပြင်မညီညာမှုများဖြစ်ပေါ်ခြင်း၊ အချို့သောလမ်းသားတာပေါင်အောက်များတွင်လည်း ခေတ်မီစမ်းသပ်စက်များဖြင့် စစ်ဆေးမှုများအရ ကလိုင်များဖြစ်ပေါ်နေခြင်းတွေ့ရှိရသည့်အတွက် လိုအပ်သောလမ်းသားမြှင့်တင်ခြင်းလုပ်ငန်းဖြစ်သည့် ဘိလပ်မြေအရောဖျော်ရည်မှတ်သွင်းခြင်းကို ကွန်ကရစ်လမ်းသားအောက်တွင် ဆောင်ရွက်ပြီး ကွန်ကရစ်လမ်းပေါ်တွင် ကတ္တရာကွန်ကရစ်ထပ်ပိုးလွှာခင်းခြင်းဖြင့် မူလအရည်အသွေးရရှိရန်ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်ထိ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် ၂၅ ပေအကျယ် ကတ္တရာကွန်ကရစ်လမ်းအရည်အစုစုပေါင်း ၂၄၄ မိုင် ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ကတ္တရာကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုကို နှစ်အလိုက်ဘဏ္ဍာရန်ပုံငွေရရှိမှုအပေါ်မူတည်၍ဆောင်ရွက်ခဲ့ရာ ၂၀၂၄-၂၀၂၅ နှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်များတွင် တစ်နှစ်လျှင်ပျမ်းမျှလမ်းအရှည် ၃၁ မိုင်ခန့်တိုးတက်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုမူလငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကတ္တရာကွန်ကရစ်လမ်းမိုင် ၅၀ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုငွေလုံးငွေရင်း(ဖြည့်စွက်)ရန်ပုံငွေဖြင့်လည်း ၆ မိုင် ၄ ဖာလုံ ဆောင်ရွက်ရန် လျာထားပါကြောင်း၊ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ၂၅ ပေ အကျယ် ကတ္တရာကွန်ကရစ်လမ်းခင်းခြင်းနှင့် ထပ်ပိုးလွှာခင်းခြင်း ၃၆ မိုင် ၄ ဖာလုံ ဆောင်ရွက်ရန် ရန်ပုံငွေ လျာထားတောင်းခံထားပြီးဖြစ်ပါကြောင်း။

မူလရည်မှန်းချက်ဖြစ်သော ပေ ၅၀ အကျယ်နှစ်လမ်းသွား အသွားအပြန်လမ်းအရှည် ၃၆၅ မိုင် ၃ ဖာလုံအားလုံး ကတ္တရာကွန်ကရစ်လမ်းဖြစ်မြောက်ရန် ကျန်ရှိသော လမ်းပိုင်းများကို ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်တွင် ၇၈ မိုင် ၄ ဖာလုံ၊ ၂၀၂၉-၂၀၃၀ ဘဏ္ဍာနှစ်တွင် ၉၆ မိုင် ၇ ဖာလုံ၊ ၂၀၃၀-၂၀၃၁ ဘဏ္ဍာနှစ်တွင် ၇၅ မိုင် ၅ ဖာလုံ၊ ၂၀၃၁-၂၀၃၂ ဘဏ္ဍာနှစ်တွင် ၅၄ မိုင် ၄ ဖာလုံ၊ ၂၀၃၂-၂၀၃၃ ဘဏ္ဍာနှစ်တွင် ၇၂ မိုင် ၂ ဖာလုံဆောင်ရွက်ရန် လျာထားသွားမည်ဖြစ်ပါကြောင်း။

ယာဉ်မတော်တဆမှုများလျော့နည်းကျဆင်းစေရေးအတွက် ၂၀၂၆-၂၀၂၇ဘဏ္ဍာနှစ်(ဖြည့်စွက်)ရန်ပုံငွေဖြင့် ဆိုလာမီးတိုင် ၁၅၈ တိုင်နှင့် ယာဉ်အမြန်နှုန်းပြ Screen အခု ၂၀၊ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် မူလငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆိုလာမီးတိုင် ၁၈၈ တိုင်နှင့် ယာဉ်အမြန်နှုန်းပြ Screenအခု ၂၀ ထပ်မံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အကာအကွယ်တန်း(Guard Rail)များကိုလည်း အလားတူနေရာများတွင်ဦးစားပေးတပ်ဆင်ပေးလျက်ရှိပါကြောင်း။

CCTV Camera များကို Toll Plaza ခြောက်ခုတွင် သာတပ်ဆင်ထားနိုင်ပြီး ကျန်နေရာများကို နှစ်အလိုက် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆက်လက်တပ်ဆင်သွားနိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လမ်းတစ်လျှောက် အရေးပေါ်ယာဉ်ရပ်နားရန်နေရာများအတွက် ရန်ကုန်-နေပြည်တော်လမ်းပိုင်းတွင် စုစုပေါင်း ရှစ်နေရာ လျာထားပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်(ဖြည့်စွက်)ရန်ပုံငွေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးကိုပုဂ္ဂလိကကဏ္ဍသို့ PPP စနစ်ဖြင့် ရင်းနှီးမြှုပ်နှံဆောင်ရွက်စေရန် ကိစ္စနှင့်စပ်လျဉ်း၍ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၏ မန္တလေး-မိတ္ထိလာလမ်းပိုင်းတွင် နေပြည်တော်-ကျောက်ဖြူလမ်းစီမံကိန်း၏ အစိတ်အပိုင်းတစ်ရပ်အဖြစ်လည်းကောင်း၊ မိတ္ထိလာ-ဘောနတ်ကြီး(ပဲခူး)လမ်းပိုင်းတွင် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံလမ်းစီမံကိန်း၏အစိတ်အပိုင်းတစ်ရပ်အဖြစ် လည်းကောင်း၊ နိုင်ငံတကာချေးငွေ၊ ထောက်ပံ့ငွေတို့ဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်ရန် ပါဝင်လာနိုင်သည့် အခြေအနေရှိပါသဖြင့် လတ်တလောပုဂ္ဂလိကကဏ္ဍသို့ တာဝန်ပေးအပ်ဆောင်ရွက်ခြင်းမပြုနိုင်သေးသော အခြေအနေဖြစ်ပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၈) ခွန်စောလွင်၏ **ရှမ်းပြည်နယ် ရပ်စောက်မြို့နယ် ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စု ပင်ဖြစ်-ဘုရားကုန်း-ဆတ်သေကျေးရွာချင်းဆက်လမ်းကို ကတ္တရာလမ်းအဖြစ်အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိမရှိနှင့်ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်ဘဏ္ဍာနှစ်တွင်ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း** နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် မူလအမာခံလမ်းမှ ၁၂ ပေအကျယ် ကတ္တရာလမ်းသစ်ခင်းခြင်းတစ်ဖာလုံ၊ လမ်းအနိမ့်အမြင့်ဖြေညှိ၍ ကတ္တရာရေပိတ်လွှာလောင်းခြင်းတစ်ဖာလုံနှင့် လမ်းပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေတွင် အမာခံလမ်းပြုပြင်ခြင်း ၁ ဒသမ ၅ ဖာလုံ၊ လမ်းအနိမ့်အမြင့်ဖြေညှိ၍ ကတ္တရာရေပိတ်လွှာလောင်းခြင်းတစ်ဖာလုံနှင့်လမ်းပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ရန်လျာထားပါကြောင်း၊ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ရန်ကျန်ရှိသော အမာခံလမ်းပိုင်းများကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏(ဖြည့်စွက်)ရန်ပုံငွေမှစတင်၍ နှစ်အလိုက်ရန်ပုံငွေလျာထားသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်ကအတည်ပြုပြီး ပေးပို့ထားသော အသေးစား၊အောင်ပစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်းအတည်ပြုရန် လွှတ်တော်၏သဘောထားရယူရာ သဘောတူသဖြင့် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်းအတည်ဖြစ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၀) ဦးကျော်ကျော်လတ်၏ **မြန်မာနိုင်ငံတွင် ခေတ်မီပြီးဘက်စုံလွှမ်းခြုံနိုင်သော တစုတစည်းတည်းသောကိုယ်ရေးအချက်အလက်ကာကွယ်ရေးဥပဒေ(Personal Data Protection Law) တစ်ရပ်ကို အမြန်ဆုံးရေးဆွဲပြဋ္ဌာန်းပေးပါရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်း**အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးကြသည်။

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၁) ဦးပြည့်ဖြိုးစံက ကိုယ်ရေးအချက်အလက်ကာကွယ်ရေး ဥပဒေပြဋ္ဌာန်းခြင်းသည် နည်းပညာပိုင်းဆိုင်ရာကိစ္စမဟုတ်ပါကြောင်း၊ တည်ဆဲအီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေ၊ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေနှင့် ဆိုက်ဘာလုံခြုံရေးဥပဒေတို့ရှိပြီးဖြစ်၍ သီးခြားဥပဒေမလိုအပ်ဟုယူဆစရာရှိနိုင်ပါကြောင်း၊သို့သော်လည်းဆိုက်ဘာလုံခြုံရေးဥပဒေသည် နည်းပညာစနစ်နှင့်ကွန်ရက်များကို ပြင်ပတိုက်ခိုက်မှုမှ ကာကွယ်ရန်သာ အဓိကထားပါကြောင်း။

ထို့ကြောင့် ကိုယ်ရေးအချက်အလက်ကာကွယ်ရေးဥပဒေသစ်ကိုရေးဆွဲပြဋ္ဌာန်းသည့်အခါ သီးခြားလွတ်လပ်သည့်ကော်မရှင်ဖွဲ့စည်းခြင်း၊ အချိုးကျဒဏ်ကြေးနှင့် လျော်ကြေးပေးရေး၊ Data Protection Officer(DPO) ခန့်အပ်ရေး၊ အစိုးရဌာနများပါ အကျုံးဝင်စေရေးတို့ကို ထည့်သွင်းသင့်ပါကြောင်း၊ ယင်းအချက်များကို ထည့်သွင်းစေခြင်းဖြင့် ပြည်တွင်း MSME လုပ်ငန်းများသည် နိုင်ငံတကာနှင့်ဒေတာချိတ်ဆက်လုပ်ကိုင်နိုင်မည်ဖြစ်သကဲ့သို့ ဒေတာမှောင်ခိုရောင်းချမှုများကို တားဆီးနိုင်ပြီး အွန်လိုင်းငွေကြေးလိမ်လည်မှုများကိုပါ အထိုက်အလျောက်လျော့နည်းသွားစေမည်ဟု ထင်မြင်မိပါကြောင်း၊ နိုင်ငံတော်လုံခြုံရေးကို ထိန်းသိမ်းနိုင်သကဲ့သို့ ပြည်သူလူထု၏ မူလအခွင့်အရေးများကိုလည်း အပြည့်အဝကာကွယ်ပေးနိုင်ပြီး နိုင်ငံတကာစံနှုန်းမီဒီဂျစ်တယ်စီးပွားရေးစနစ်တည်ဆောက်နိုင်ရန်အတွက် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ရန်ကုန်တိုင်းဒေသကြီး အမျိုးသား လွှတ်တော် ကိုယ်စားလှယ်အမှတ်(၈) ဦးကြည်လင်ထက်က ကိုယ်ရေးအချက်အလက်ဆိုသည်မှာ အခြားသူများကစုဆောင်း၊အသုံးပြု၊မျှဝေနိုင်သည့် ဒြပ်မဲ့ပစ္စည်းတစ်ခုမဟုတ်ပါကြောင်း၊ အချက်အလက်ပိုင်ရှင်များအတွက် မိမိ၏အချက်အလက်ကိုသိရှိခွင့်၊ မှားယွင်းနေပါက ပြင်ဆင်ခွင့်၊ သတ်မှတ်ချက်များနှင့်အညီ ပယ်ဖျက်ခွင့်၊ အသုံးပြုမှုအတွက် ရှင်းလင်းသောသဘောတူညီချက်ပေးခွင့်တို့ကို ဥပဒေအရအာမခံပေးရန်လိုအပ်လာပါကြောင်း၊ ယင်းအချက်သည် နိုင်ငံသားများ၏ကိုယ်ပိုင်လွတ်လပ်ခွင့်ကို လက်တွေ့ကျကျကာကွယ်ပေးနိုင်မည့်အခြေခံအုတ်မြစ်ဖြစ်ပါကြောင်း၊ လက်ရှိတွင် သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာဥပဒေများ၊ ဆက်သွယ်ရေးဆိုင်ရာဥပဒေများနှင့် အခြားသက်ဆိုင်ရာစည်းမျဉ်းများရှိနေသော်လည်း ကိုယ်ရေးအချက်အလက်များကို ဘက်စုံလွှမ်းခြုံသော ဥပဒေတစ်ရပ်ဖြင့်စနစ်တကျ သတ်မှတ်ပေးရန် လိုအပ်နေပါကြောင်း။

ထို့ကြောင့် Personal Data Protection Law သည် လက်ရှိဥပဒေများကိုအစားထိုးရန်သာမက သက်ဆိုင်ရာဥပဒေများကြား ချိတ်ဆက်ညှိနှိုင်းပေးနိုင်သည့် အဓိကဥပဒေတစ်ရပ်ဖြစ်သင့်ပါကြောင်း၊ဥပဒေကိုရေးဆွဲပြဋ္ဌာန်းရာတွင် လွတ်လပ်၍ အမှီအခိုကင်းသော Data Protection Authority တစ်ရပ်ဖွဲ့စည်းပေးရန်လည်း လိုအပ်ပါကြောင်း၊ ဥပဒေသည်လုံခြုံရေးကိုသာအလေးထားသော Security-Centric ပုံစံမဟုတ်ဘဲ နိုင်ငံသား၏ကိုယ်ပိုင်လွတ်လပ်ခွင့်ကိုအခြေခံသည့် Privacy-Centric ပုံစံဖြစ်ရန်လိုအပ်ပါကြောင်း၊ ထို့ကြောင့် ကိုယ်ရေးအချက်အလက်ကာကွယ်ရေးဥပဒေသည် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက နိုင်ငံသားအခွင့်အရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံတော်၏အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်သော ဥပဒေတစ်ရပ်ဖြစ်သည့်အတွက် အဆိုကိုထောက်ခံပါကြောင်း ဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ မွန်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၈) ဦးရဲထွဋ်အောင်၊ စစ်ကိုင်းတိုင်းဒေသကြီးအမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးခဲချိန်နှင့် ပဲခူးတိုင်းဒေသကြီးအမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂) ဒေါ်နီနီမာတို့က ဆက်လက်ဆွေးနွေးကြသည်။

ထို့နောက်ယင်းအဆိုနှင့်စပ်လျဉ်း၍ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းဇေယျာလှိုင်က အများပြည်သူများ၏ကိုယ်ရေးအချက်အလက်များကို ကာကွယ်ရန်အတွက် ကိုယ်ရေးအချက်အလက် ကာကွယ်ရေးဥပဒေတစ်ရပ် ပြဋ္ဌာန်းနိုင်မည်ဆိုပါက အစိုးရ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် စားသုံးသူများကြား အပြန်အလှန်ယုံကြည်မှုရှိသော ဒီဂျစ်တယ်ဂေဟစနစ်တည်ဆောက်နိုင်ရေးကို အထောက်အကူပြုပြီး ဒီဂျစ်တယ်စီးပွားရေး၏ အကျိုးကျေးဇူးများကို ဘေးကင်းလုံခြုံစွာအပြည့်အဝခံစားနိုင်မည်ဖြစ်ပါကြောင်း၊ကိုယ်ရေးအချက်အလက်ကာကွယ်ရေးဥပဒေပြဋ္ဌာန်းမည်ဆိုပါက မြန်မာနိုင်ငံ၏ လက်ရှိတည်ဆဲဥပဒေများဖြစ်သော အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ၊ ဆက်သွယ်ရေးဥပဒေ၊ ဆိုက်ဘာလုံခြုံရေးဥပဒေများကဲ့သို့ ဆက်စပ်ဥပဒေများနှင့် မဆန့်ကျင်ဘဲ ဟန်ချက်ညီပေါင်းစပ်ရေးဆွဲရန်လိုအပ်မည်ဖြစ်ပါကြောင်း။

ထို့ကြောင့် မြန်မာနိုင်ငံတွင် ပြည်သူများ၏ကိုယ်ရေးအချက်အလက်ကို ထိထိရောက်ရောက်နှင့် လျင်လျင်မြန်မြန်ကာကွယ်နိုင်ရန်အတွက် ကိုယ်ရေးအချက်အလက်ကာကွယ်ရေးနည်းဥပဒေ (Personal Data Protection Regulation)တစ်ရပ်ကို အမြန်ဆုံးရေးဆွဲပြဋ္ဌာန်းနိုင်ရေးဆောင်ရွက်လျက်ရှိပါကြောင်း၊ပြည်သူများ၏ကိုယ်ရေးဆိုင်ရာအချက်အလက်များကို ထိရောက်စွာကာကွယ်နိုင်ရန်အတွက် ကိုယ်ရေးဆိုင်ရာအချက်အလက်ကာကွယ်ခြင်းနည်းဥပဒေကို အခန်း ကိုးခန်းဖြင့် ပြုစုရေးဆွဲလျက်ရှိပါကြောင်း။

အဆိုပါ နည်းဥပဒေမူကြမ်းတွင် ကိုယ်ရေးဆိုင်ရာအချက်အလက်ပိုင်ရှင်၏ သဘောတူညီချက်နှင့် အခွင့်အရေးများကို သီးခြားအခန်းတစ်ခုအနေဖြင့် ထည့်သွင်းရေးဆွဲထားပြီး ကိုယ်ရေးဆိုင်ရာအချက်အလက်ပိုင်ရှင်၏အချက်အလက်များကိုကောက်ခံသည့်အခါ အတင်းအကျပ်ပြုမူ၊ မသင့်လျော်သော လွှမ်းမိုးမှုမျှမပြုဘဲ လွတ်လပ်သောဆန္ဒဖြင့် ပေးအပ်ခြင်းဖြစ်ရန်နှင့် အချက်အလက်ကောက်ခံရခြင်း၏ ရည်ရွယ်ချက်၊ နည်းလမ်း၊ အသုံးပြုရမည့်အခြေအနေ၊ သက်ဆိုင်ရာအခွင့်အလမ်းများကို ကြိုတင်အသိပေးပြီးမှ တောင်းခံရန်စသည့် အချက်များပါဝင်ပါကြောင်း။

ထို့ပြင် အချက်အလက်များစီမံထိန်းသိမ်းထားမှုနှင့် စပ်လျဉ်း၍ စိစစ်သိရှိခွင့်၊ ကြည့်ရှုခွင့်နှင့် မိတ္တူတောင်းခံရယူခွင့်စသည့်အချက်များကိုထည့်သွင်းထားပြီး မလိုအပ်ဘဲ သို့မဟုတ် မလျော်ကန်စွာ ထိန်းသိမ်းထားသည့် အချက်အလက်များကို ဖျက်သိမ်းပေးရန်တောင်းဆိုခြင်း၊ အခြားဝန်ဆောင်မှုပေးသူထံသို့လွှဲပြောင်းရန် တောင်းဆိုခြင်းအပြင် အချက်အလက်စုဆောင်းခြင်း၊ ထိန်းသိမ်းခြင်း၊အသုံးပြုခြင်းတို့ကိုပါကန့်ကွက်ငြင်းပယ်ခွင့်စသည့် အချက်အလက်များကို ထည့်သွင်းရေးဆွဲထားပါကြောင်း၊ ဥပဒေရေးရာဝန်ကြီးဌာနအနေဖြင့် အပြီးသတ်ညှိနှိုင်းဆောင်ရွက်မှုများပြီးစီးပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ခေတ်မီ၍ဘက်စုံလွှမ်းခြုံနိုင်သောတစ်စုတစ်စည်းတည်း ကိုယ်ရေးအချက်အလက်ကာကွယ်ရေးနည်းဥပဒေတစ်ရပ်အနေဖြင့် လျင်မြန်စွာပြဋ္ဌာန်းနိုင်ရန်ဆောင်ရွက်နေပါကြောင်း။

ဥပဒေတစ်ရပ်အနေဖြင့် သီးခြားပြဋ္ဌာန်းမည်ဆိုပါက ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပြန်လည်ညှိနှိုင်းခြင်း၊ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာတို့၏ သဘောထားမှတ်ချက်များရယူခြင်းစသည့်လုပ်ငန်းစဉ်များအပြင် အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေအခန်း(၁၀)ပါ ပြဋ္ဌာန်းချက်များနှင့် ဆက်စပ်ပုဒ်မများကိုရှုပ်သိမ်း၍ ပြင်ဆင်ခြင်းလုပ်ငန်းစဉ်များကိုပြန်လည်လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ဥပဒေပြဋ္ဌာန်းနိုင်မည့်အချိန်ကာလသည် နည်းဥပဒေပြဋ္ဌာန်းနိုင်မည့် အချိန်ကာလထက် ပိုမိုအချိန်ယူဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုရှင်၏သဘောထားကိုမေးမြန်းရာ အဆိုရှင်က အဆိုကို အတည်ပြုပေးပါရန် ပြောကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကအဆိုကိုအတည်ပြုရန် လွှတ်တော်၏သဘောထားရယူရာ သဘောတူသဖြင့်ဆိုကိုအတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို ရုပ်နားလိုက်ပြီး အစည်းအဝေး ၁၈ ရက်မြောက်နေ့ကို နိုဝင်ဘာ ၁၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ လွှတ်တော်သို့လာရောက်လေ့လာသည့် မိုးနဲမြို့နယ်မှ ဒေသခံပြည်သူများကို လက်ခံတွေ့ဆုံ



နေပြည်တော် နိုဝင်ဘာ ၁၃

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် တတိယအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၈ ရက်မြောက်နေ့ အစည်းအဝေးသို့ လာရောက်လေ့လာသည့် မိုးနဲမြို့နယ်မှ ဒေသခံပြည်သူများကို ယနေ့ နေ့လယ်ပိုင်းတွင် လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မိုးနဲမြို့နယ်မှ ပြည်သူများအနေဖြင့် လွှတ်တော် အဆောက်အအုံများနှင့် ကိုယ်စားလှယ်များ၏ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးအတွက် ဆောင်ရွက်နေမှုများကို ယခုကဲ့သို့ ကိုယ်တိုင်ကိုယ်ကျ လာရောက်လေ့လာ မြင်တွေ့ရသည့်အတွက် အကျိုးရှိမည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါကြောင်း၊ မိမိတို့နိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)အရ ရွေးကောက်ပွဲများ ကျင်းပပြီး ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးစသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် ဒီမိုကရေစီအစိုးရသစ်တစ်ရပ် ပေါ်ပေါက်လာပြီဖြစ်ပါကြောင်း၊ မိမိတို့ လွှတ်တော်များသည် ဥပဒေပြုမဏ္ဍိုင်တွင် ပါဝင်ပြီး နိုင်ငံအနှံ့အပြား ဒေသအသီးသီး ဖွဲ့စည်းထားသည့် နေရာလည်းဖြစ်သကဲ့သို့ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရာတွင် လွှတ်တော်များသည် အဓိကကျသည့် ပြယုဂ်တစ်ခုလည်းဖြစ်ပါကြောင်း။

လွှတ်တော် အစည်းအဝေးများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ယခုလို အဆောက်အအုံများကို အမြော်အမြင်ကြီးစွာ ဆောက်လုပ်ပေးခဲ့သူများကိုလည်း အစဉ်ဦးထိပ်ထား ကျေးဇူးတင်ရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်များ၏ အဓိကတာဝန်ဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်အလုပ် ပေါင်းစပ်ညှိနှိုင်းရေးနှင့် ပြည်သူကိုယ်စားပြုရေး တာဝန်များကို လွှတ်တော် ကိုယ်စားလှယ်များ အနေဖြင့် ကျေပွန်စွာထမ်းဆောင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြပါကြောင်း၊ ဥပဒေ၏ အကာအကွယ်အောက်တွင် ပြည်သူများအနေဖြင့် နေ့စဉ်လူမှုဘဝလုံခြုံအေးချမ်းစွာ နေထိုင်ဆောင်ရွက်နိုင်ရန် အတွက် တည်ဆဲဥပဒေများကို ခေတ်နှင့်လျော်ညီစွာဖြစ်စေရေး လေ့လာသုံးသပ်လျက်ရှိသကဲ့သို့ လိုအပ်သည့်ဥပဒေအသစ်များကိုလည်း ပြဋ္ဌာန်းပေးလျက်ရှိပါကြောင်း။ နိုင်ငံတော်နှင့် ပြည်သူများ၏အကျိုးကိုဖော်ဆောင်ရာတွင် ထိရောက်မှုရှိစေရေးအတွက် အခြားမဏ္ဍိုင်ကြီးများနှင့် အပြန်အလှန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိကာ ပြည်သူများ၏ လိုလားချက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆိုနှင့်မေးခွန်းများကို လွှတ်တော်တွင်း၌ အချိန်နှင့်တစ်ပြေးညီ မေးမြန်း ဆောင်ရွက်လျက်ရှိသဖြင့် မိမိတို့ဒေသ၏လိုအပ်ချက်များကို သက်ဆိုင်ရာ ကိုယ်စားလှယ်များမှတစ်ဆင့် တင်ပြဆောင်ရွက်နိုင်ပါကြောင်း။

ယနေ့လွှတ်တော်သို့ လာရောက်လေ့လာသည့် ပြည်သူများအနေဖြင့် လည်း လွှတ်တော်သည် ပြည်သူများကို တိုက်ရိုက်ကိုယ်စားပြုသည့် နေရာဖြစ်၍ အားကိုးအားထားပြုကြောင်း၊ ယခုလို လာရောက်လေ့လာစဉ် တွေ့ကြုံခဲ့ရသည့် အတွေ့အကြုံကောင်းများကိုလည်း အခြားသူများသို့ လက်ဆင့်ကမ်း မျှဝေသွားစေလိုပါကြောင်း၊ မိမိတို့အနေဖြင့် လွှတ်တော်ကို ပြည်သူများပိုမိုသိရှိစေရန် ဆောင်ရွက်လျက်ရှိရာ လွှတ်တော်၏ ဆောင်ရွက်ချက်များကို ပြည်သူများအနေဖြင့် ကိုယ်တိုင်မျက်မြင်ကြည့်ရှုနိုင်ရန်အတွက် လွှတ်တော်သို့ လာရောက်လေ့လာကြရန်လည်း ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ရှမ်းပြည်နယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးစိုင်းထွန်းလင်း၊ ဦးကောင်းသက်စံ၊ ဦးစိုင်းကျော်လှ၊ ဒေါ်နန်းတင်ဦး၊ ဦးစိုင်းထွန်းစံ ခေါ် ဦးစိုင်းဆေဟန်၊ ဒေါ်နန်းသန်းသန်းမွေး၊ ဦးစိုင်းစိန်ဝင်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဇွေး နံရံကပ်စာစောင်ဖွင့်ပွဲ တက်ရောက်



နေပြည်တော် နိုဝင်ဘာ ၁၃

အမျိုးသားလွှတ်တော် နံရံကပ်စာစောင်ဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဇွေး၊ ဒုတိယဥက္ကဋ္ဌ Jeng Phang နော်တောင်၊ လွှတ်တော် ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါနံရံကပ်စာစောင်တွင် ကဗျာ၊ ကာတွန်း၊ ဆောင်းပါးကဏ္ဍ၊ ဝတ္ထုကဏ္ဍ၊ အယ်ဒီတာ့အာဘော်၊ အမျိုးသားလွှတ်တော်လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများ၊ ကိုယ်စားလှယ်များ အစည်းအဝေးတွင် လိုက်နာရမည့်ဥပဒေ၊ နည်းဥပဒေများပါဝင်သည်။

ဖွင့်ပွဲတွင် နံရံကပ်စာစောင်ပြုစုရေးကော်မတီဥက္ကဋ္ဌ ဦးလှသိန်းက နံရံကပ်စာစောင် ဖြစ်မြောက်ရေးအတွက် ဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌနှင့် နံရံကပ်စာစောင်ပြုစုရေးကော်မတီ ဥက္ကဋ္ဌတို့နှင့် အတူ နံရံကပ်စာစောင်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် နံရံကပ်စာစောင်ပြုစုရေးကော်မတီဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌထံ စာစောင်များ အမှတ်တရပေးအပ်သည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့် တက်ရောက်လာကြသည့် ကိုယ်စားလှယ်များသည် နံရံကပ်စာစောင်များကို ကြည့်ရှုအားပေးသည်။

အဆိုပါ အမျိုးသားလွှတ်တော်နံရံကပ်စာစောင်ကို လွှတ်တော်အကြီးအကဲများနှင့် ကိုယ်စားလှယ်များ ကြိုးပမ်းထမ်းဆောင်နေကြသည့် လွှတ်တော်လုပ်ငန်းစဉ်များကို ပီပြင်စွာ ဖော်ထုတ်တင်ပြနိုင်ရန်၊ လွှတ်တော်အကြီးအကဲများ၊ ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများ အပြန်အလှန်ရင်းနှီးချစ်ခင်စွာ နားလည်မှုပိုမိုရရှိစေရန်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်နှင့် လွှတ်တော်အကျိုးပြုအမြင်နှင့် အတွေးအခေါ်များကို လွှတ်လပ်ပေါ်ပါးစွာ ခံစားရေးသားတင်ပြနိုင်ရန်၊ လွှတ်တော်အတွင်း မြန်မာစာပေအရေးအသားနှင့် သုတ၊ ရသစာပေများ ပိုမိုရှင်သန်ထွန်းကားလာစေရန်၊ လွှတ်တော် ကိုယ်စားလှယ်များ၊ ဝန်ထမ်းများ စိတ်လက်ပေါ့ပါး ရွှင်လန်းလန်းဆန်းစေရန်နှင့် စာဖတ်စွမ်းရည်အထောက် အကူပြုရန်၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်များ၏ ဥပဒေ၊ နည်းဥပဒေပါ လုပ်ထုံးလုပ်နည်းများအတိုင်း လွှတ်တော် ကိုယ်စားလှယ်များက လိုက်နာလုပ်ဆောင်နိုင်စေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိသူ၏ အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့် လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသား ပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

၂။ **ရှေ့ဖုံးမှအဆက်**

ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၊ နေပြည်တော်ကောင်စီ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့နှင့်စပ်လျဉ်း၍ ဇယား (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆)၊ (၇)၊(၈) နှင့် (၉) တို့တွင် ခွင့်ပြုထားသော သုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့်ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာ သုံးငွေများကို သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ (က) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးအပ်သည့် သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

အခန်း(၃)

ငွေချေးယူခြင်း

၄။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ ပုဒ်မ ၁၂ တွင် ပြဋ္ဌာန်းထားသည့် ငွေချေးစာချုပ်များချုပ်ဆိုပြီးနောက် အမှန်တကယ်ချေးယူရရှိသည့် ငွေပမာဏအပြင် နောက်ထပ်ကျပ်သန်းပေါင်း တစ်ဆယ်သိန်းကို တိုးမြှင့်လျာထားလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

❑ ပြည်သူ့လွတ်တော်မှ

ကုန်ထုတ်လမ်းဟောင်း ပြန်လည်ပြုပြင်ပေးနိုင်ရေး၊ ဘဏ်ခွဲအသစ်တည်ဆောက်ပေးနိုင်ရေး၊ Solar System မြစ်ရေတင်လုပ်ငန်း ဆောင်ရွက်ပေးနိုင်ရေး၊ ရေသုံးစွဲမှုအဆင်ပြေစေရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်းငါးခုမေးမြန်းဖြေကြားခြင်းနှင့် ပြည်သူ့လွတ်တော်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏အစီရင်ခံစာကို ဆွေးနွေးအတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးနေလင်းအောင်၏ **မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာဥပဒေ(၂၀၁၅)အရ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးနိုင်ရေးနှင့် ရရှိရေးတို့အတွက် မည်ကဲ့သို့ ဆောင်ရွက်ပေးလျက်ရှိသည်ကို သိရှိလိုခြင်းမေးခွန်း** နှင့်စပ်လျဉ်း၍ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင်က ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံတွင် အသက် ငါးနှစ်နှင့်အထက် လူဦးရေ၏ ၇ ဒသမ ၆ ရာခိုင်နှုန်း ၂ ဒသမ ၂၉ သန်းသည် မသန်စွမ်းသူများဖြစ်ကြပါကြောင်း၊ မသန်စွမ်းသူများ၏အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်သင်ကြားပေးပြီး ပုဂ္ဂလိကကဏ္ဍတွင် အလုပ်အကိုင်ရရှိသူ ၆၆ ဦးအလုပ်ရရှိခဲ့ပါကြောင်း။

အလုပ်သမားဝန်ကြီးဌာနအနေဖြင့် မသန်စွမ်းသူများအပါအဝင် အလုပ်အကိုင်ရှာဖွေနေသူများကို ၎င်းတို့နှင့်သင့်တော်သော အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်ရေးအတွက် အလုပ်ရှင်များ၊ အစိုးရဌာနများ၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်၍ ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့်လည်း မသန်စွမ်းသူများအတွက် ဂုဏ်သိက္ခာရှိသည့် အသက်မွေးဝမ်းကျောင်းမှုဖြင့် ဘဝရပ်တည်နိုင်ရေးအတွက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာငါးနှစ်စီမံကိန်း(၂၀၂၂-၂၀၂၇)တွင် "လုပ်ငန်းနှင့်အလုပ်အကိုင်"ကို ကဏ္ဍတစ်ရပ်အနေဖြင့်ထည့်သွင်း၍ မသန်စွမ်းသူများ အလုပ်အကိုင်ရရှိရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းလောင်း၏ **မိုင်းပျဉ်း-မိုင်းဆတ်လမ်းပေါ်မှ ထမ်ယမ်း- မိုင်းပုကြီး ကျေးရွာအုပ်စုသို့သွားသော ကျေးလက်ကုန်ထုတ်လမ်းဟောင်းကို မည်သည့်ဘဏ္ဍာနှစ်တွင် ပြန်လည်ပြုပြင်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း** နှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးက မိုင်းပျဉ်းမြို့နယ် မိုင်းပျဉ်း-မိုင်းဆတ်လမ်းပေါ်ရှိ နမ့်ဘော်ရွာလမ်းခွမှ ပိန်းစန်းကျေးရွာထိ ဆက်သွယ်ထားသောလမ်းသည်မိုင် ၄၀ အရှည်ရှိပြီး ဒေသအစီအစဉ်ဖြင့် ဆောင်ရွက်ထားသည့်လမ်းပိုင်းဖြစ်ပါကြောင်း၊ အဆိုပါလမ်းပိုင်းသည် ကျေးရွာအုပ်စုသုံးစု၊ ကျေးရွာ ၂၄ ရွာ၊ အိမ်ခြေ ၆၃၃ အိမ်၊ လူဦးရေ ၃၄၁၆ ဦးတို့အတွက်အကျိုးပြုသည့်လမ်းဖြစ်ပါကြောင်း။

အဆိုပါလမ်းပိုင်းကို အဆင့်မြှင့်တင်နိုင်ရန်အတွက် မြေသားလမ်းတာချဲ့ခြင်းလုပ်ငန်းကို ဦးစွာဆောင်ရွက်ရမည်ဖြစ်ပြီး လမ်းတာချဲ့ခြင်းလုပ်ငန်းကို ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်မှစ၍ နယ်စပ်ဒေသဖွံ့ဖြိုးရေးပြည်ထောင်စု သို့မဟုတ် ပြည်နယ်ရန်ပုံငွေ၏ အမျိုးသားစီမံကိန်းစာရင်းတွင် အပိုင်းလိုက်လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကော့ကရိတ်မဲဆန္ဒနယ်မှ ဒေါ်ခင်နီနီအောင်၏ **မြန်မာ့စီးပွားရေးဘဏ် ကော့ကရိတ်ဘဏ်ခွဲကို မည်သည့်ဘဏ္ဍာနှစ်တွင် အသစ်တည်ဆောက်ပေးမည်ကိုသိရှိလိုခြင်းမေးခွန်း** နှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက မြန်မာ့စီးပွားရေးဘဏ် ကော့ကရိတ်မြို့နယ် ဘဏ်ခွဲဖွင့်လှစ်ထားသည့် အဆောက်အအုံသည် ပြည်ထဲရေးဝန်ကြီးဌာန ကော့ကရိတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင်မြေနေရာဖြစ်သဖြင့် အဆိုပါမြေနေရာကို စွန့်လွှတ်လွှဲပြောင်းရရှိပါက ဘဏ်အဆောက်အအုံသစ် ဆောက်လုပ်နိုင်ရေးအတွက် သက်ဆိုင်ရာ ဘဏ္ဍာနှစ်အလိုက် စီမံကိန်းလျာထားရေးဆွဲ၍ ငွေလုံးငွေရင်းတောင်းခံခြင်းတို့ကို ဆောင်ရွက်ပြီး ရန်ပုံငွေရရှိပါက နီးစပ်ရာဘဏ္ဍာနှစ်တွင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကလေးဝမဲဆန္ဒနယ်မှ ဦးတင်ထွန်းလွင်၏ **ကလေးဝမြို့နယ်၌ Solar System မြစ်ရေတင်လုပ်ငန်းကို မည်သည့်ဘဏ္ဍာနှစ်တွင် တပ်ဆင်ပေးမည်ကို သိရှိလိုခြင်း မေးခွန်း** နှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဝင်းမိုးခိုင်က ကလေးဝမြို့နယ် ဒေသခံပြည်သူများ သောက်သုံးရေသန့်ရရှိရေး Solar System မြစ်ရေတင်လုပ်ငန်း ဆောင်ရွက်ပေးရန်အတွက် ဆက်စပ်ပစ္စည်းများဝယ်ယူတပ်ဆင်ခြင်းလုပ်ငန်းများကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ထည့်သွင်းလျာထားရေးဆွဲထားပြီး ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ရွှေဘိုမဲဆန္ဒနယ်မှ ဦးသန်းဝင်းထွန်း၏ **ရွှေဘိုမြို့နယ် စည်ပင်သာယာရေး အဖွဲ့မှ မဟာနန္ဒာကန်တော်ရေကို ရပ်ကွက်ကြီး (၁၀)တွင် ရေသုံးစွဲမှုအဆင်ပြေစေရေးအတွက် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း** နှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဝင်းမိုးခိုင်က ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် အမှတ်(၁၀)ရပ်ကွက်အတွင်း ရေများပိုမိုဖြန့်ဝေနိုင်ရေးအတွက် ငါးနှစ်စီမံကိန်းလျာထားစာရင်းတွင် ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်၌ ပေါ်ဦးရေတွန်းစက် Pannel Board များအသစ်လဲလှယ်ခြင်း၊ ၂၀၂၉-၂၀၃၀ ဘဏ္ဍာနှစ်၌ သူဇော(၁)ရေစက်ရုံ ဂါလန် ၁၀၀၀၀ ဆံ့ ကွန်ကရစ်ရေစင်တည်ဆောက်ခြင်း၊ သူဇော(၂)ရေစက်ရုံ ဂါလန် ၁၀၀၀၀ ဆံ့ ကွန်ကရစ်ရေစင်တည်ဆောက်ခြင်းနှင့် ပေါ်ဦးရေစက်ရုံ အသစ်ဆောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်လျာထားလျက်ရှိပါကြောင်း၊ မဟာနန္ဒာကန်သည် ပင်လယ်ရေမျက်နှာပြင်အထက် ၃၃၇ ပေတွင်တည်ရှိပြီး သက္ကယ်တန်းချောင်း၏ အရှေ့ဘက်ခြမ်းရပ်ကွက်(၁၀)အပိုင်းတွင် ပင်လယ်ရေမျက်နှာပြင်အထက် ၃၅၈ ပေတွင်တည်ရှိသောကြောင့် ရေရရှိနိုင်ရန် ကြားခံတွန်းစက်များ၊ ရေစုကန်များ၊ ပိုက်လိုင်းများ အသစ်တည်ဆောက်ပြီး ဖြန့်ဝေမှသာ ရေရရှိနိုင်မည်ဖြစ်ပါကြောင်း၊ မဟာနန္ဒာကန်တော်မှ ရေဖြန့်ဝေရေး စီမံကိန်းရေးဆွဲပြီး ၂၀၂၈-၂၀၂၉၊ ၂၀၂၉-၂၀၃၀ ဘဏ္ဍာနှစ်များတွင် ရန်ပုံငွေတင်ပြတောင်းခံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် ပြည်သူ့လွတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ လွတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

သာကေတမဲဆန္ဒနယ်မှ ဒေါ်အေးမြမြကြိုင်က ဘတ်ဂျက်ရေးဆွဲသည့်အခါတွင်လည်း ကတိကဝတ်များကို ဦးစားပေးထည့်သွင်းလျာထားပေးရန် အထူးလိုအပ်ပါကြောင်း၊ ထို့ကြောင့် ရေတိုရေရှည်စီမံကိန်းများကို ဟန်ချက်ညီညီချိန်ဆပြီး ဘဏ္ဍာငွေခွဲဝေရေးလုပ်ငန်းစဉ်များနှင့်ကိုက်ညီမှုရှိစေရေး အထူးအလေးထားဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ပြည်သူ့လွတ်တော်ဆိုင်ရာ နည်းဥပဒေ ၉၆ နှင့် ၉၈ တို့အရ အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးကြားပွင့်လင်းမြင်သာမှု၊ Transparency နှင့် အပြန်အလှန်တာဝန်ခံမှုကို ပိုမိုခိုင်မာစေရန်အတွက် သက်ဆိုင်ရာဌာနများအနေဖြင့် အထူးလိုက်နာကြရန် လိုအပ်ပါကြောင်း။

ကော်မတီ၏အစီရင်ခံစာပါ အကြံပြုချက်များသည် နိုင်ငံတော်၏ အကျိုးစီးပွား၊ မဏ္ဍိုင်ကြီးသုံးရပ်ကြား ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်မှုနှင့် ပြည်သူအပေါ်ထားရှိသည့် သစ္စာတရားတို့ကို ပကတိထင်ဟပ်လျက်ရှိကြောင်း၊ ထို့ကြောင့် အစီရင်ခံစာပါ အကြံပြုချက်များကို သက်ဆိုင်ရာအဖွဲ့အစည်းများက အလေးထားလိုက်နာဆောင်ရွက်ကြစေရေးအတွက် တည်ဆဲဥပဒေများနှင့်အညီ သိမ်မွေ့ထိရောက်စွာဖြင့် ထိန်းညှိဆောင်ရွက်သင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

ရွှေကူမဲဆန္ဒနယ်မှ ဦးကျော်ဝင်းက ပြည်သူ့အကျိုးကို ပိုမိုဖော်ဆောင်နိုင်ရန် တိကျခိုင်မာသော ကတိကဝတ်များရစေရန် ဝန်ကြီးဌာနအစိုးရအဖွဲ့များ အနေဖြင့် လွတ်တော်တွင် မေးခွန်းဖြေကြားရာ၌ သတ်မှတ်သတ်တမ်းကာလအတွင်း လက်တွေ့အကောင်အထည်ပေးနိုင်သည့် ခိုင်မာသောအာမခံချက်ကတိနှင့် တာဝန်ခံချက်များကိုသာ ပေးအပ်ရေးတိုက်တွန်းသွားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ကိုယ်စားဖြေကြားသော ဝန်ကြီးဌာနသည် ကတိနှင့် သက်ဆိုင်သည့် အခြားဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများနှင့် တာဝန်ယူချိတ်ဆက်ဆောင်ရွက်ပေးမည့်စနစ်ကို ပိုမိုခိုင်မာစွာတည်ဆောက်ရမည်ဖြစ်ပါကြောင်း၊ ဖြေကြားချက်နှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကိုယ်စားလှယ်များထံ စနစ်တကျဖြန့်ဝေပေးပို့ထားခြင်းကပွင့်လင်းမြင်သာမှုကို ပေါ်လွင်စေပါကြောင်း၊ ဘတ်ဂျက်နှင့် လုပ်ငန်းစီမံချက်များတွင် အာမခံထားသော ကတိပြုလုပ်ငန်းများကို သက်ဆိုင်ရာဘဏ္ဍာနှစ်အလိုက်- ဘတ်ဂျက်နှင့် ရန်ပုံငွေအမျိုးအစားများတွင် အမှန်တကယ်ဦးစားပေးထည့်သွင်းပေးထားရန်လိုကြောင်း ဆွေးနွေးသည်။

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်မှ ဒေါက်တာရွှေပြည်စိုးက အစီရင်ခံစာအရ မေးခွန်းပေါင်း ၅၀၅ ခုကို တွေ့ရပြီး ယင်းအဆိုများအနက်မှ မေးခွန်း ၃၂၉ ခုသာလျှင် ကတိကဝတ်ရရှိထားပါကြောင်း၊ ပြည်သူ့လွတ်တော်တွင် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို ကိုးကားထောက်ဆ၍ အဆို ကြယ်ပွင့်ပြု၊ ကြယ်ပွင့်မပြု စုစုပေါင်း ၅၀၈ ခုတွင် အတည်ပြုအဆိုနှင့် ကတိကဝတ်ရရှိထားမှု ၃၃၀ သာ ရှိပါကြောင်း၊ အစိုးရထံမှ အာမခံချက်ကတိကဝတ်တာဝန်ခံချက်ရရှိမှုအရေအတွက် နည်းပါးသည်ကို တွေ့ရှိရကြောင်း၊ ပထမပုံမှန်အစည်းအဝေး၊ ဒုတိယပုံမှန်အစည်းအဝေးများအတွင်း အဆိုသည် အရေအတွက်အားဖြင့် သုံးခုသာရှိသည့်အတွက် အလွန်နည်းသည်ဟု ယူဆ၍ရပါကြောင်း၊ အဆို သုံးခုမှာ အဆို နှစ်ခုသည် မှတ်တမ်းတင်စောင့်ကြည့်အဆင့်မျှသာဖြစ်နေပါကြောင်း ဆွေးနွေးသည်။

ထို့နောက် ပြည်သူ့လွတ်တော်ဥက္ကဋ္ဌက ကော်မတီ၏အစီရင်ခံစာနှင့်စပ်လျဉ်း၍ လွတ်တော်၏အဆုံးအဖြတ်ရယူရာ လွတ်တော်ကသဘောတူသည့်အတွက် အစီရင်ခံစာကို အတည်ပြုကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွတ်တော် တတိယပုံမှန်အစည်းအဝေး ၂၈ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၂၉ ရက်မြောက်နေ့ကို နိုဝင်ဘာ ၁၆ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ခရီးသွားပြည်သူများစိတ်အေးချမ်းသာစွာသွားလာနိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်နေမှု ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး ကြည့်ရှုစစ်ဆေး



နေပြည်တော် နိုဝင်ဘာ ၁၃

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးသည် ဒုတိယဝန်ကြီးဦးအောင်မြိုင်၊ ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင်မြန်မာ့မီးရထား၏ နေပြည်တော် စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံသို့ သွားရောက်၍ Battery Electric Multiple Unit (BEMU) တည်ဆောက်နေမှု၊ ဘက်ထရီလျှပ်စစ်စက်ခေါင်း (Battery Electric Locomotive – BEL) နှင့် ဘက်ထရီတွဲတည်ဆောက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နေပြည်တော် စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံသို့ ရောက်ရှိရာ မြန်မာ့မီးရထားဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက စက်ရုံအတွင်း ဘက်ထရီလျှပ်စစ် စက်ခေါင်းသစ် (Battery Electric Locomotive – BEL)၊ ဘက်ထရီလျှပ်စစ်ရထားတွဲဆိုင်း (Battery Electric Multiple Unit – BEMU) တည်ဆောက်နေမှုနှင့် ဘက်ထရီတွဲတည်ဆောက်နေမှုများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှုအရ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်မှစ၍ တည်ဆောက်ပြီးသည့် ဘက်ထရီလျှပ်စစ်စက်ခေါင်းသစ်များနှင့် ဘက်ထရီလျှပ်စစ်ရထားတွဲဆိုင်းများကို ယခုအခါ လမ်းပိုင်းများတွင်အသုံးပြုလျက်ရှိကြောင်း၊ ဆက်လက်တည်ဆောက်လျက်ရှိသည့် ဘက်ထရီလျှပ်စစ်စက်ခေါင်းသစ်များ၊ ဘက်ထရီတွဲများ၏ အရည်အသွေးပြည့်မီရေးနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးကို တာဝန်ရှိသူများအားလုံးက ကြပ်မတ်ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ နေပြည်တော်စက်ခေါင်းစက်ရုံမှ RBE ရထားဖြင့် ရွာတော်ဘူတာ၊ ပျဉ်းမနားဘူတာနှင့် ပြည်ဝင်ဘူတာသို့ သွားရောက်၍ ရထားလမ်းတစ်လျှောက် ဘူတာနယ်နိမိတ်နှင့် ရထားလမ်းဝဲယာခြံစည်းရိုးကာရံခြင်းကို သတ်မှတ်ကာလအတွင်းပြီးစီးအောင် ဆောင်ရွက်ရေး၊ ချို့နွဲ့ယ်များရှင်းလင်းရေး၊ ဘူတာယာဒင်များ သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ အမှိုက်သရိုက်များ စွန့်ပစ်မှုမရှိစေရေးနှင့် ခရီးသွားပြည်သူများ စိတ်ချမ်းသာစွာသွားလာနိုင်ရေးအတွက် အထူးအလေးထားကြိုးပမ်းဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများမှ အခြေခံပညာအဆင့် အကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲများ အောင်မြင်စွာကျင်းပ



မန္တလေး နိုဝင်ဘာ ၁၃

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် မြန်မာအာကာသအရောင်စီတို့ကြီးမှူး၍ အနာဂတ်မျိုးဆက်သစ်လူငယ်မောင်မယ်များ အာကာသသိပ္ပံနှင့် နည်းပညာများကိုစိတ်ဝင်စားပြီး အနုပညာမှတစ်ဆင့် သိပ္ပံဆိုင်ရာ စိတ်ကူးစိတ်သန်းများဖော်ထုတ်ပြသနိုင်ရန်ရည်ရွယ်ကာ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများမှ ကျောင်းသား၊ကျောင်းသူများအတွက် အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲများကို အောင်မြင်စွာကျင်းပနိုင်ရေး ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် ဆပ်ကော်မတီများနှင့် လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများက ဒီဇင်ဘာ ၅ ရက်နှင့် ၆ ရက် ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် တိုင်းဒေသကြီးအတွင်း မြို့နယ် ၂၅ မြို့နယ်၌ မြို့နယ်အဆင့်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်သူ ၇၄၆၂ ဦးမှ မူလတန်းတွင် ဦးရေ ၅၅၀၊ အလယ်တန်းတွင် ဦးရေ ၅၅၀၊ အထက်တန်းတွင် ဦးရေ ၅၅၀ စုစုပေါင်း ဦးရေ ၁၆၅၀ ကို ဆန်ခါတင်ရွေးချယ်ထားမှုအခြေအနေများ၊ ပြိုင်ပွဲမကျင်းပမီနှင့်ကျင်းပချိန် အခမ်းအနားများဆောင်ရွက်သွားမည့် အစီအမံများ၊ ပြခန်းများခင်းကျင်းပြသသွားမည့်အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးပြောကြားကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များနှင့်ဖြည့်စွက်ဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး၍ နိဂုံးချုပ်အမှာစကားပြောကြားသည်။

အလားတူ ညနေပိုင်းကလည်း ၂၀၂၆ ခုနှစ် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှုလှေကျင့်ခန်း(အေရိုးဗစ်)ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ချမ်းအေးသာစံမြို့နယ်ရှိ ဗထူးမိုးလုံလေလုံ အားကစားခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက်ချီးမြှင့်ပြီး တိုင်းဒေသကြီးလွတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများက ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ၂၄ သင်းမှ အသင်းလိုက် ကိုးယောက်တွဲ၊ သုံးယောက်တွဲနှင့်တစ်ဦးချင်းပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများ ဆုတံဆိပ်များနှင့် ငွေသားဆုများ၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ဒိုင်အဖွဲ့ကို ဂုဏ်ပြုငွေများချီးမြှင့်ကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က စုပေါင်းတံခွန်စိုက်ဆုရရှိသည့် ရမည်းသင်းမြို့နယ်အသင်းကို တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုတို့ကို ချီးမြှင့်ခဲ့ကြောင်း၊ အဆိုပါအသင်းများမှ မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု ရွေးချယ်သွားမည်ဖြစ်ပြီး ရန်ကုန်မြို့တွင် ကျင်းပမည့်တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ရိုးဗစ်ပြိုင်ပွဲများတွင်ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

☆ ကျောဖုံးမှအဆက်

နိုင်ငံခြားငွေလဲလှယ်နှုန်းအတက်အကျအပေါ် ဖိအားမဖြစ်စေဘဲ နိုင်ငံခြားငွေစျေးကွက်ကို တည်ငြိမ်စေရန်တို့အတွက် ကုန်ပစ္စည်းဖိုးပေးချေရာတွင် ကြိုတင်ငွေပေးချေခြင်းကို ခွင့်ပြုသွားမည်ဖြစ်ပါသည်။

ထို့ပြင် ပို့ကုန်လုပ်ငန်းရှင်များအတွက် သွင်းကုန်လိုင်စင် လျှောက်ထားခြင်း၊ ပြည်ပသို့ ငွေပေးချေခြင်းများကို ဆောင်ရွက်ရာတွင် လုံလောက်သည့်အချိန်ရရှိရန်၊ ပို့ကုန်၊ သွင်းကုန်အတွက် နိုင်ငံခြားငွေလုပ်ငန်းလည်ပတ်မှု အဆင်ပြေချောမွေ့စေရန်နှင့် ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်တို့အတွက်ရည်ရွယ်၍ ပို့ကုန်ရငွေအနက်မှ ကိုယ်တိုင်သုံးစွဲနိုင်မည့်ပမာဏကို နိုင်ငံခြားငွေဘဏ်စာရင်းတွင် ထားရှိခွင့်ရက်ပေါင်း ၃၀ အစား ၄၅ ရက်ထိ တိုးမြှင့်ခွင့်ပြုခဲ့ပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

❖ လေဖိအားနည်းရပ်ဝန်းမှ

ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် ယနေ့ နေ့လယ်မှ နိုဝင်ဘာ ၁၆ ရက်အတွင်း တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှလှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ ထိတိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုရှောင်ရှားနိုင်ရန် အသိပေးနှိုးဆော်ထားသည်။ **(မိုး/၈လ)**

တပ်မတော်ဆေးရုံများနှင့် ဆေးတပ်ရင်းများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး



မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်ဇော်ထွေး ဆေးကုသမှု ခံယူနေသူတစ်ဦးကို အာဟာရဖြည့် စားသောက် ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်နိုင်ဦး ဆေးကုသမှု ခံယူနေသူ တစ်ဦးကို ရင်းရင်းနှီးနှီး မေးမြန်း အားပေးစကား ပြောကြားစဉ်။





အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သူရဇော်လွင်စိုး ဆေးကုသမှု ခံယူနေသူတစ်ဦးကို အာဟာရဖြည့် စားသောက် ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် တင်မင်းလတ် ဆေးကုသမှု ခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီး မေးမြန်း အားပေးစကား ပြောကြားစဉ်။





တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးကျော်ထက် ဆေးကုသမှု ခံယူနေသူ တစ်ဦးကို ရင်းရင်းနှီးနှီး မေးမြန်း အားပေးစကား ပြောကြားစဉ်။

နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်စိုးလင်း ဆေးကုသမှု ခံယူနေသူ တစ်ဦးကို ရင်းရင်းနှီးနှီး မေးမြန်း အားပေးစကား ပြောကြားစဉ်။





ကမ်းရိုးတန်း ဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ရဲဝင်းအောင် ဆေးကုသမှု ခံယူနေသူတစ်ဦးကို အာဟာရဖြည့် စားသောက် ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်စွာထွန်း ဆေးကုသမှု ခံယူနေသူတစ်ဦးကို အာဟာရဖြည့် စားသောက် ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။





အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

နေပြည်တော် နိုဝင်ဘာ ၁၃

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းက ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအပြင် သံဃာတော်များ၊ သာသနာနွယ်ဝင်သီလရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကိုလည်း လက်ခံဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေဧယျာသီရိမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ် (တောင်ပိုင်း) အောင်ပန်းမြို့နှင့် နမ့်စန်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့ရှိ တပ်မတော်ဆေးရုံ၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီးနှင့် တပ်မတော်အရိုးရောဂါအထူးကု **စာမျက်နှာ ၂၂ သို့**



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဇော ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်းထွန်း ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေး ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

စာမျက်နှာ ၂၁ မှအဆက်

ဆေးရုံကြီး၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ တပ်မတော်ဆေးရုံ၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ တပ်မတော်ဆေးရုံ၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၃၀)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို တွေ့ဆုံအားပေး



နေပြည်တော် နိုဝင်ဘာ ၁၃

ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၃၀)သို့ တက်ရောက်ကြမည့် တနင်္သာရီတိုင်းဒေသကြီးအတွင်းမှ နိုင်ငံ့သားကောင်းရတနာများကို ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲဝင်းအောင်နှင့် တာဝန်ရှိသူများက မြိတ်မြို့ရှိ နယ်မြေခံတပ်ခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၃၀)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအတွက် အသုံးအဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက နိုင်ငံ့သားကောင်းရတနာများကို ရင်းရင်းနှီးနှီးနှုတ်ဆက် အားပေးစကားပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲဝင်းအောင် နိုင်ငံ့သားကောင်းရတနာများအတွက် အသုံးအဆောင်ပစ္စည်းများ ပေးအပ်စဉ်။

သန်လျင်မြို့နယ်ရှိ သံဃာတော်များ၊ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် နိုဝင်ဘာ ၁၃

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ပုဂံတောင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို အဆိုပါရပ်ကွက်ရှိ ဓမ္မိကာရာမကျောင်းတိုက်၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၂၂ပါး၊ ဒေသခံပြည်သူ ၁၃၇ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သန်လျင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်းအဝေး(၁/ ၂၀၂၆) တတိယနေ့ကျင်းပ



မန္တလေး နိုဝင်ဘာ ၁၃

မန္တလေးတိုင်းဒေသကြီး လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၂၆) တတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီက လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးအဖြစ် ဒေါ်မြတ်သီတာအောင်ကို ခန့်အပ်ကြောင်း လွှတ်တော်သို့ကြေညာကာ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးက ကတိသစ္စာဆို၍ ကတိသစ္စာပြုချက်တွင် လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားပြီး တတိယအကြိမ် မန္တလေး တိုင်းဒေသကြီး လွှတ်တော်အရေးပေါ် အစည်းအဝေး(၁/၂၀၂၆) တတိယနေ့ အောင်မြင်စွာပြီးဆုံးကြောင်း ကြေညာခဲ့ကြောင်း သတင်းရရှိသည်။

ရွှေရန်ကင်း

နမ့်စန်မြို့နယ်အတွင်းရှိ ရေဘေးသင့်ဒေသခံပြည်သူများကို စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ပစ္စည်းများနှင့် အလှူငွေများပေးအပ်၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ရေဘေးသင့်ဒေသခံတိုင်းရင်းသားပြည်သူများကို ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

နေပြည်တော် နိုဝင်ဘာ ၁၃

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အမှတ်(၁)ရပ်ကွက်၊ အမှတ်(၃) ရပ်ကွက်၊ အမှတ်(၄) ရပ်ကွက်များအတွင်း ရေများဝင်ရောက်ကာ ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိသဖြင့် ရေဘေးသင့် အိမ်ထောင်စု ၁၆၈ စုမှ ဒေသခံတိုင်းရင်းသားပြည်သူ ၆၉၁ ဦးတို့ကို နမ့်စန်မြို့ရှိ ဗုဒ္ဓရာဇာဘုန်းတော်ကြီး ကျောင်းနှင့် စွန့်ဦးရာမေဗလီကျောင်းတို့၌ ယာယီ ရေဘေးကယ်ဆယ်ရေး စခန်းဖွင့်လှစ်၍ ပြည်သူများကို ပြောင်းရွှေ့နေရာချထားပေးလျက်ရှိသည်။

အဆိုပါ ရေဘေးသင့်ဒေသခံတိုင်းရင်းသားပြည်သူများကို ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ပစ္စည်းများနှင့် အလှူငွေများ ပေးအပ်သည်။ ထို့ပြင် နမ့်စန်မြို့ရှိ ရေကြီးရေလျှံမှုဖြစ်ပွားရာ နေရာများ၌ နယ်မြေခံတပ်မတော်သားများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် နယ်မြေခံဆေးကုသရေးအဖွဲ့များကလည်း ရေဘေးသင့်ဒေသခံတိုင်းရင်းသားပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

ပင်မဓာတ်အားခွဲရုံများ၏ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် ဇမ္ဗူသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်အတွင်း ဓာတ်အားလိုင်းထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်သည့်အတွက် အချို့နိုပိုင်းဓာတ်အားပိတ်သွားမည်

နေပြည်တော် နိုဝင်ဘာ ၁၃

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဓာတ်အားစနစ်အတွင်း ဝန်အားမျှတတည်ငြိမ်စွာဖြင့် စဉ်ဆက်မပြတ် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးနိုင်ရန်အတွက် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ကေဗွီ ၂၃၀ လှော်ကားပင်မဓာတ်အားခွဲရုံရှိ အပူချိန်မြင့်တက်မှုဖြစ်ပေါ်နေသော ပင်မဓာတ်အားဖြန့်ဖြူးရေးလိုင်း ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းကို နိုဝင်ဘာ ၁၄ ရက် မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၂ နာရီထိလည်းကောင်း၊ ကေဗွီ ၂၃၀ လှိုင်သာယာပင်မဓာတ်အားခွဲရုံ၊ လှိုင်သာယာ-ကနောင်-ဘုရင့်နောင် ဓာတ်အားလိုင်းရှိ အပူချိန်မြင့်တက်မှုဖြစ်ပေါ်နေသော ဓာတ်အားလွှတ်ပစ္စည်းများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းကို နိုဝင်ဘာ ၁၅ ရက် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီထိလည်းကောင်း၊ ကေဗွီ ၂၃၀ ကနောင်ပင်မဓာတ်အားခွဲရုံရှိ ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပေါ်နေသော ဓာတ်အားဖြတ်ခလုတ် အကြီးစားထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းကို နိုဝင်ဘာ ၁၅ ရက် နံနက် ၈ နာရီမှ ညနေ ၄ နာရီထိလည်းကောင်း ဓာတ်အားပိတ်၍ လုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသဖြင့် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံ၊ မြောက်ဥက္ကလာပ၊ ထောက်ကြန့်၊ မရမ်းကုန်း၊ လှိုင်၊ ကမာရွတ်၊ လှိုင်သာယာ (အရှေ့ပိုင်း)၊ ရွှေလင်ပန်း၊ အေးရွာ၊ ဒလနှင့် ဆိပ်ကြီးခရောင်တို့မြို့နယ်တို့ရှိ ရပ်ကွက်အချို့နှင့် ကျေးရွာများ ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ဇရိယာများရှိ ဓာတ်အားသုံးစွဲသူ မိဘပြည်သူများကို သက်ဆိုင်ရာမြို့နယ်လျှပ်စစ်မန်နေဂျာရုံးများမှတစ်ဆင့် ကြိုတင်အသိပေးထားပြီးဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်အတွင်း ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး ဓာတ်အားလိုင်းတစ်လျှောက် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ၃၃ ကေဗွီ ဓာတ်အားခွဲရုံ အမှတ်(၆) ဓာတ်အားလိုင်းကို နိုဝင်ဘာ ၁၄ ရက် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီထိလည်းကောင်း၊ ၃၃ ကေဗွီ ပျဉ်းမနား ဓာတ်အားလိုင်းကို နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီထိလည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ရုံးဝင်းအတွင်းရှိ ငလျင်ကြောင့် တိမ်းစောင်းသွားခဲ့သော လေးတိုင်စင်ကွန်ကရစ်ဓာတ်တိုင်ကို ပြုပြင်ဆောင်ရွက်ရန် နိုဝင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီထိ ဓာတ်အားပိတ်လုပ်ငန်းဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ အလျင်လို၊ လက်ခံခါလှ၊ သက်ကယ်ချင်း၊ တောက်ထိန်ကျေးရွာများနှင့် ပျဉ်းမနားမြို့ပေါ်ရှိ ရပ်ကွက်များ၊ ကျေးရွာများ၊ ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်း ဓာတ်အားပြတ်ဇရိယာများရှိ ရုံးဌာနများနှင့် အများပြည်သူဆိုင်ရာနေရာများကို ကြိုတင်အသိပေးထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဗဟ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန(https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန(https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန(https://www.moi.gov.mm)
၄။ Myawady Webportal(https://myawady.net.mm)
၅။ Myanmar National Portal(https://myanmar.gov.mm)

၁၃-၁၁-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၅၅ ~ ၃၆၇၁	၅၁၇ ~ ၅၁၈.၇	၁၂၄.၉ ~ ၁၂၅.၇	၄၃.၅ ~ ၄၃.၆
ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၈,၆၁၈,၂၉၄.၄၈	၅,၃၇၇,၄၈၈.၉၀	၁၄,၂၉၄,၈၁၂.၀၀	၁၃,၃၀၄,၃၈၀.၀၀

၂၀၂၆ ခုနှစ် နိုဝင်ဘာ ၁၃ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၀၅၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ



အိမ်တွင်းသုံးရေချွေတာရေး

ပိုက်ယိုစိမ့်မှုများကို စစ်ဆေးပါ၊ ရေပိုက်ခေါင်းများ၊ ရေစည်ပိုင်းများ ကျိုးပျက်ယိုစိမ့်နေခြင်း ရှိ/မရှိ ပုံမှန်စစ်ဆေးပြီး အမြန်ပြုပြင်ပါ။



လိမ်လည်သူများအသုံးပြုရန်အတွက် ထိုင်းနိုင်ငံ လျှပ်စစ်မီတာဘေလ်ဝန်ဆောင်မှုကုမ္ပဏီဝန်ထမ်းများအဖြစ် အယောင်ဆောင်ရန် ကြိုတင်ပြင်ဆင်ထားသည့် ဓာတ်ပုံများ။



လိမ်လည်သူများအသုံးပြုမည့် ထိုင်းနိုင်ငံလျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးအာဏာပိုင်အဖွဲ့ Provincial Electricity Authority (မဟာဓာတ်အားလိုင်းဦးစီးဌာန)၏ လျှပ်စစ်မီတာနှင့်ပတ်သက်သည့် အကြောင်းကြားစာအတုအားတွေ့ရှိရမှု။



အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းလုပ်ကိုင်ခဲ့သည့် လုပ်ငန်းသုံးပစ္စည်းများ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။





ထိုင်းနိုင်ငံ လျှပ်စစ်မဟာဓာတ်အားလိုင်းဦးစီးဌာန၏ လျှပ်စစ်မီတာနှင့်ပတ်သက်သည့် အကြောင်းကြားစာအတုဓာတ်ပုံအား ပေးပို့ထားမှု။





လိမ်လည်သူများအသုံးပြုမည့် ထိုင်းနိုင်ငံအတွင်း လျှပ်စစ်မီတာခဆောင်ရန်၊ အသစ်လျှောက်ရန် သို့မဟုတ် ဝန်ဆောင်မှုပေးသည့် PEA Smart Plus Application ဓာတ်ပုံနှင့် ကြော်ငြာဓာတ်ပုံများ။

❍ ထိရောက်ပြင်းထန်စွာနှိမ်နင်းမှ

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများပူးပေါင်း၍ ၎င်းတို့ကို ရှာဖွေစိစစ်ဖမ်းဆီးခြင်းနှင့် ပြစ်မှု ကျူးလွန်သူ ပြည်ပနိုင်ငံသားများကို နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ရှေးရှု၍ ပြန်လည်လွှဲပြောင်းခြင်းလုပ်ငန်းစဉ်များကိုလည်း အစဉ်တစိုက်အလေးထား ဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ မြန်မာနိုင်ငံအတွင်းသို့ တရားဝင်ဖြစ်စေ၊ တရားမဝင်နယ်စပ်ဖြတ်ကျော်၍ဖြစ်စေ ဝင်ရောက်လာပြီး အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ကျူးလွန်ခဲ့သည့် ပြည်ပနိုင်ငံသားများတွင် ထိုင်းနိုင်ငံသားများလည်း ပါဝင်လျက်ရှိရာ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၅ ရက်မှ စတင်၍ ယနေ့ထိ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ် နယ်စပ်ဒေသများအတွင်း တရားမဝင် ဝင်ရောက်လာသည့် ထိုင်းနိုင်ငံသား အမျိုးသား ၅၂၉ ဦး၊ အမျိုးသမီး ၄၁၈ ဦး စုစုပေါင်း ၉၄၇ ဦးတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါ ဖမ်းဆီးရမိသူများအနက် အွန်လိုင်းလိမ်လည် လောင်းကစားမှု ပြုလုပ်သူ ထိုင်းနိုင်ငံသားများသည် အွန်လိုင်းလောင်းကစား လုပ်ငန်းများကို လစာငွေအများအပြားဖြင့် လုပ်ကိုင်ရမည်ဟု အွန်လိုင်းမှတစ်ဆင့် သွေးဆောင်စည်းရုံးခံရပြီး မက်လုံးပေးလိမ်လည်ခြင်း ခံခဲ့ရကြောင်း၊ ၎င်းတို့သည် အသိပညာနည်းပါးသူ၊ နည်းပညာအားနည်းသူနှင့် လောဘစိတ်ရှိသူ ထိုင်းနိုင်ငံသားများကို အဓိကပစ်မှတ်ထားပြီး စီးပွားရေးလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများဖြင့် မက်လုံးပေးသွေးဆောင်စည်းရုံးလိမ်လည်ခြင်း၊ ကံစမ်းမဲ၊ ဆုကြေးငွေများဖြင့် မက်လုံးပေး၍ လိမ်လည်ခြင်း၊ လောင်းကစားဝါသနာပါသူများကို လူမှုကွန်ရက်များမှတစ်ဆင့် အွန်လိုင်းလောင်းကစားနှင့် ဂိမ်းပလက်ဖောင်းများကို ကြော်ငြာခြင်းနှင့် အနိုင်ရရှိနိုင်ခြေမြင့်မားကြောင်းတို့ဖြင့် မက်လုံးပေးလိမ်လည်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများဖြင့် မက်လုံးပေး၍ လိမ်လည်ခြင်းတို့ကိုလုပ်ဆောင်ကြကြောင်း သိရှိရသည်။ **စာမျက်နှာ ၂၅ သို့**





အွန်လိုင်းလိမ်လည်သူများ ဖန်တီးထားသော PEA Smart Plus လျှပ်စစ်မီတာနှင့် လျှပ်စစ်ဝန်ဆောင်မှုဆိုင်ရာ Application အတု၏ အသုံးပြုမှုလမ်းညွှန်အား တွေ့ရှိရမှု။



PEA PROVINCIAL ELECTRICITY AUTHORITY

ใบเสร็จรับเงินคืน

การไฟฟ้าส่วนภูมิภาค

(กฟภ.) สำนักงานใหญ่ ตั้งอยู่ที่ 200 ถนนงามวงศ์วาน แขวงลาดยาว เขตจตุจักร กรุงเทพมหานคร 10900
สำหรับการติดต่อ 1129 PEA Contact center

ข้อมูลผู้รับเงิน

ชื่อ : นาย สมศักดิ์ หีบพร
ที่อยู่ : 58/6 ม.3 ต.กระแชง อ.สามโคก จ.ปทุมธานี 12160
บัญชีธนาคาร : BAY/GSB/SCB/BBL/BOU/CITY/GHB/KBANK/KTB/SCIB/TMB
เลขบัญชีธนาคาร : แจ้งฝ่ายบัญชี

ลำดับ	รายละเอียด	จำนวน	หน่วย	ค่ามัดจำ	ยอดรวม(บาท)
1	หม้อมิเตอร์ดิจิตอล 15(45) A รุ่นทั่วไป	1	หม้อ	3,500	3,500.00
2	ค่าไฟส่วนเกินย้อนหลัง (ย้อนหลัง3-6เดือน)	-	-	-	-
3	ค่าดำเนินการทำเอกสาร/ค่าทีมช่าง	-	-	-	-
สามพันห้าร้อยบาทถ้วน			รวมเป็นเงิน		3,500.00
			ค่าFT		-
			รวมเป็นเงินทั้งหมด		3,500.00

เงื่อนไขการชำระเงิน

ใบเสร็จรับเงินที่สมบูรณ์ ต้องมีรายชื่อของผู้รับเงิน

ชื่อ - นามสกุล
ลงชื่อ จุฑารัตน์ ชูวาพิทักษ์ ผู้รับเรื่อง
(นางสาว จุฑารัตน์ ชูวาพิทักษ์)
ฝ่ายบัญชี/ผู้รับรองเอกสาร
วันที่ 23/ 10 / 2569

ชื่อ - นามสกุล
ลงชื่อ สมศักดิ์ หีบพร รับเงิน
(นาย สมศักดิ์ หีบพร)
วันที่ 23/10/2569

လျှပ်စစ်မီတာဘောက်အတွက် ကျသင့်သည့် ငွေကြေးပြေစာအား တွေ့ရှိရမှု။

စာမျက်နှာ ၂၄ မှအဆက်

ထိုသို့ ဖမ်းဆီးရမိမှုများအနက် ၂၀၂၆ ခုနှစ် အောက်တိုဘာ ၃၁ ရက်တွင် ရှမ်းပြည်နယ် တာချီလိတ်မြို့ ဆန်ဆိုင်း (ခ)ရပ်ကွက် စံပယ်လမ်းရှိ Yuwarat (ယုဝရတ်ဟိုတယ်)၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် All in One ကွန်ပျူတာ ၂၃ လုံး၊ Laptop အလုံး ၄၀၊ ဖုန်းမျိုးစုံ ၁၄၁ လုံးနှင့် အတူ ဖမ်းဆီးရမိခဲ့သည့် အွန်လိုင်းလိမ်လည် လောင်းကစားမှုလုပ်ငန်းများ ကျူးလွန်လုပ်ကိုင်နေသော ထိုင်းနိုင်ငံသား အမျိုးသား ၄၂ ဦး၊ အမျိုးသမီး ၄၁ ဦး၊ စုစုပေါင်း ၈၃ ဦးတို့ကို စိစစ်မှုများအရ ၎င်းတို့သည် ထိုင်းနိုင်ငံသား အချင်းချင်း အပေါ် အွန်လိုင်းမှလိမ်လည်မှုများ ဦးတည်လုပ်ဆောင်ကြပြီး အဓိကအားဖြင့် ထိုင်းနိုင်ငံ လျှပ်စစ်မီတာဘေလ်ဝန်ဆောင်မှုကုမ္ပဏီ ဝန်ထမ်းများအဖြစ်ဟန်ဆောင်၍ ထိုင်းနိုင်ငံအတွင်းရှိ လျှပ်စစ်မီတာအသုံးပြုသူများကို အဓိကပစ်မှတ်ထားကာ လျှပ်စစ်မီတာ လဲလှယ်ရန်လိုအပ်ကြောင်းနှင့် လျှပ်စစ်မီတာဘောက်အာမခံ လုပ်ငန်းကို အကြောင်းပြု၍ လိမ်လည်ကြကြောင်း၊ လိမ်လည်ရာတွင် ပစ်မှတ်ထားခံရသူများကို ဖုန်းခေါ်ဆိုဆက်သွယ်ခြင်းနှင့် SMS စာတိုပေးပို့ခြင်းများမှတစ်ဆင့် လျှပ်စစ်မီတာဝန်ဆောင်မှု လုပ်ဆောင်ရန် ၎င်းတို့အသုံးပြုသည့် Line Application Account ID သို့ ဆက်သွယ်ရမည်ဖြစ်ကြောင်း ပေးပို့ပြောဆို၍ လိမ်လည်ကြကြောင်း သိရှိရသည်။

ထို့နောက်၎င်းတို့ပေးပို့ထားသည့် Line Application Account သို့ ဆက်သွယ်လာသောပစ်မှတ်များကို လျှပ်စစ်မီတာ ဝန်ဆောင်မှုရယူမည်ဆိုပါက အမည်၊ အိမ်နံပါတ်၊ ကျေးရွာ၊ ခရိုင်ခွဲ၊ မီတာနံပါတ်နှင့် မီတာအခွန်ပေးဆောင်ထားသည့် ငွေပြေစာ စသည့်အချက်အလက်များကို တောင်းယူ၍ ပစ်မှတ်၏ယုံကြည်မှုရှိစေရန် ၎င်းတို့ ကြိုတင်ပြင်ဆင်ထားသည့် ထိုင်းနိုင်ငံလျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး အာဏာပိုင်အဖွဲ့ Provincial Electricity Authority (မဟာဓာတ်အားလိုင်းဦးစီးဌာန)၏ လျှပ်စစ်မီတာနှင့်ပတ်သက်သည့် အကြောင်းကြားစာအတုများကို ပေးပို့၍ လိမ်လည်ကြခြင်းဖြစ်ကြောင်း၊ ထို့အတူ လျှပ်စစ်မီတာဘောက် အာမခံထားသည့် ငွေကြေးများကို ပြန်လည်ထုတ်ယူလိုပါက လျှောက်ထားနိုင်ကြောင်းနှင့် ၎င်းတို့မှ အာမခံငွေကြေးများရရှိအောင် ဝန်ဆောင်မှုပေးနိုင်သည်ဟု ပြောဆိုစည်းရုံးကြကြောင်း၊ အာမခံထားသည့် ငွေကြေးများ ထုတ်ယူလိုကြောင်း ဆက်သွယ်လာပါက Line Application တွင် အတုပြုလုပ်ထားသည့် ထိုင်းနိုင်ငံ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး အာဏာပိုင်အဖွဲ့ Provincial Electricity Authority (မဟာဓာတ်အားလိုင်းဦးစီးဌာန) Account သို့ ဆက်သွယ်ခိုင်းကြောင်း သိရှိရသည်။

အဆိုပါ Provincial Electricity Authority (မဟာဓာတ်အားလိုင်းဦးစီးဌာန) Line Account သို့ လျှပ်စစ်မီတာဘောက် အာမခံထားသည့်ငွေကြေးကို ထုတ်ယူရန် ဆက်သွယ်လာပါက မီတာပြေစာ၊ မီတာအကောင့်နံပါတ်နှင့်ငွေလက်ခံမည့် ဘဏ်အကောင့် စသည့်အချက်အလက်များကို ဖြည့်သွင်းခိုင်း၍ ပစ်မှတ်၏စကားပြောဆိုပုံနှင့် ပုံပန်းသဏ္ဌာန်တို့ကို အကဲခတ်ကာ လိမ်လည်၍ ရရှိနိုင်မည့်ငွေကြေးကို သတ်မှတ်ကြောင်း၊ ထို့နောက် ၎င်းတို့ ဖန်တီးပြုလုပ်ထားသည့် ငွေလက်ခံမည့် PEA Application အတု Link နှင့် QR Code ကိုပေးပို့၍ လိမ်လည်ငွေလွှဲခိုင်းခြင်းဖြစ်ကြောင်း၊ ထို့နောက် အွန်လိုင်းငွေကြေး လိမ်လည်သူများပေးပို့သည့် PEA Application အတုကို Install ပြုလုပ်ပြီးနောက် QR Code အား Scan ပြုလုပ်၍ ငွေလွှဲပြီးပါက အကောင့်များကို Block ပြုလုပ်၍ အဆက်အသွယ်ဖြတ်တောက်ကာ လိမ်လည်ကြခြင်းဖြစ်ကြောင်း၊ အွန်လိုင်းငွေကြေးလိမ်လည်သူများအနေဖြင့် ထိုင်းနိုင်ငံ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးအာဏာပိုင်အဖွဲ့ Provincial Electricity Authority (မဟာဓာတ်အားလိုင်းဦးစီးဌာန)က မီတာတပ်ဆင်ထားသော ထိုင်းနိုင်ငံသားများ၏စာရင်းနှင့် တစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်များကို နည်းလမ်းအမျိုးမျိုးဖြင့် ကြိုတင်ရယူထားပြီး ၎င်းတို့ရရှိထားသည့် ကိုယ်ရေးအချက်အလက်များအတွင်းမှ ပစ်မှတ်များကို အသေးစိတ်စိစစ်ရွေးချယ်၍ လိမ်လည်ကြသည်ကို စိစစ်တွေ့ရှိရကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာမှုကြောင့် ဖမ်းဆီးရမိသည့် နိုင်ငံခြားသားများကို ဥပဒေနှင့်အညီစိစစ်နိုင်ရန်၊ အမြန်ဆုံး တရားစွဲဆို အရေးယူဆောင်ရွက်နိုင်ရန်နှင့် သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်နိုင်ရန်အတွက် ကော်မတီများဖွဲ့စည်း၍ လုပ်ငန်းတာဝန်များကို ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသကဲ့သို့ အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး သက်ဆိုင်ရာနိုင်ငံများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု ပြဿနာရပ်များသည် နိုင်ငံတစ်နိုင်ငံတည်း၏ ပြည်တွင်းမှုခင်း ပြဿနာအဖြစ်သာမက နိုင်ငံတကာ၏ စီးပွားရေး၊ လူမှုရေးနှင့် လုံခြုံရေးကဏ္ဍများကိုပါ ခြိမ်းခြောက်လာသည့် နိုင်ငံဖြတ်ကျော် ရာဇဝတ်မှုတစ်ရပ်အဖြစ် ရင်ဆိုင်ဖြေရှင်းရန် လိုအပ်လျက်ရှိသဖြင့် မြန်မာနိုင်ငံအစိုးရအနေဖြင့် လူသားမျိုးနွယ်တစ်ရပ်လုံး၏ လူမှုစီးပွားဘဝများကိုပျက်စီးစေသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ခြင်းများကို ထိရောက်ပြင်းထန်စွာ ဖမ်းဆီးအရေးယူမှုများ ဆောင်ရွက်လျက်ရှိရာ ပြည်သူများအနေဖြင့်လည်း အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းများ လုပ်ကိုင်နေမှုများကို သိရှိပါက သက်ဆိုင်ရာသို့ သတင်းပေးပို့၍ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ပေးနိုင်ရန် မေတ္တာရပ်ခံပါကြောင်းနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအပါအဝင် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များအနေဖြင့်လည်း ပြည်သူများနှင့်ပူးပေါင်း၍ လိုအပ်သည့် စုံစမ်းရှာဖွေ ဖော်ထုတ်ခြင်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)

မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ မြို့နယ် ငါးမြို့နယ်မှ ရေဘေးသင့်ပြည်သူများအတွက် ဆန်ရိက္ခာဖိုး၊ ခေါက်ဆွဲခြောက်၊ ငါးသေတ္တာများ ထောက်ပံ့ပေးအပ်

နေပြည်တော် နိုဝင်ဘာ ၁၃

ရပ်စောက်မြို့တွင် ဖွင့်လှစ်ထားသော ယာယီရေဘေးရှောင်ကယ်ဆယ်ရေးစခန်း ဇော်ဂျီကွေ့ခမ္မာရုံနှင့် မိုးလုံလေလုံ အားကစားခန်းမတို့၌ ပြောင်းရွှေ့ခိုလှုံလျက်ရှိသော အိမ်ထောင်စု ၈၃ စုမှ ရေဘေးသင့်ပြည်သူ ၃၃၇ ဦးအတွက် ယနေ့တွင် ဆန်ရိက္ခာဖိုး၊ ခေါက်ဆွဲခြောက်၊ ငါးသေတ္တာများအပါအဝင် ထောက်ပံ့မှုတန်ဖိုးငွေကျပ် ၄၃၅၇၉၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

ရေဘေးရှောင်စခန်းများကို ကြည့်ရှုအားပေးထောက်ပံ့ရန် ရှမ်းပြည်နယ်၌ ရောက်ရှိနေသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာကိုကိုလွင်သည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးနှင့်အတူ ယနေ့တွင် အဆိုပါစခန်းများသို့ သွားရောက်၍ ရေဘေးသင့်ပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးကာ ထောက်ပံ့ပေးခဲ့ခြင်းဖြစ်သည်။

ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းမှုကြောင့် မြို့နယ်ငါးမြို့နယ်၌ ရေဘေးရှောင်စခန်း ၁၉ ခု၊ အိမ်ထောင်စု ၉၆၃ စု၊ လူဦးရေ ၃၅၄၅ ဦး ယာယီရေဘေးရှောင်လျက်ရှိပြီး အဆိုပါပြည်သူများအတွက် ဆန်ရိက္ခာဖိုး၊ ခေါက်ဆွဲခြောက်၊ ငါးသေတ္တာများအပါအဝင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထောက်ပံ့မှုမှာ ယနေ့ထိ ထောက်ပံ့ငွေကျပ်စုစုပေါင်း ၂၅၇၆၇၀၀ ဖြစ်ကြောင်းနှင့် အခြားလိုအပ်ချက်များကို ဆက်လက်စိစစ် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇော်ဂျီရပ်ကွက်အနီး ဇော်ဂျီမြစ်ရေလျှံမှုဖြစ်ပေါ်နေသည့် နေရာသို့ရောက်ရှိပြီး ရပ်ကွက်အတွင်း ရေကြီးမှုဖြစ်ပေါ်နေမှုအခြေအနေ၊ ရေလမ်းကြောင်းထိန်းသိမ်းပြုပြင်ရန်ဆောင်ရွက်နေမှု၊ လာမည့်နှစ်များတွင် ရေကြီးရေလျှံမှုလျော့ပါးသက်သာစေရေးအတွက် ပြည်နယ်အစိုးရအဖွဲ့အစီအစဉ်ဖြင့်ဆောင်ရွက်မည့် အစီအမံများ ကြည့်ရှုစစ်ဆေးကာ ပြည်သူများကို အားပေးစကားပြောကြားသည်။

ထို့နောက် ရွှေညောင်မြို့နယ် ရေပူကျေးရွာရှိ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (နမ့်လတ်)၌ ပြန်လည်ထူထောင်ရေးသင်တန်းများ ဖွင့်လှစ်၍ ကူညီစောင့်ရှောက်နိုင်ရေး ပြင်ဆင်နေမှုကို သွားရောက်ကြည့်ရှုကာ ဝန်ထမ်းများ၏ တင်ပြချက်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ရေကြီးရေလျှံမှုကြောင့် ရေဘေးရှောင်စခန်းများ ဖွင့်လှစ်ထားသည့် ညောင်ရွှေမြို့နယ်သို့ ရောက်ရှိပြီး ယာယီရေဘေးရှောင်ကယ်ဆယ်ရေးစခန်း (ရန်ကုန်ကျောင်းတိုက်)၌ ရောက်ရှိခိုလှုံလျက်ရှိသော ရေဘေးသင့်ပြည်သူများကို ရင်းရင်းနှီးနှီးအားပေးကာ ညောင်ရွှေမြို့နယ်ရှိ ယာယီရေဘေးရှောင်ကယ်ဆယ်ရေးစခန်း ခြောက်ခုရှိ ရေဘေးသင့် အိမ်ထောင်စု ၂၃၂ စုမှ ပြည်သူ ၅၉၆ ဦးအတွက် ဆန်ရိက္ခာဖိုး၊ ခေါက်ဆွဲခြောက်၊ ငါးသေတ္တာများအပါအဝင် ထောက်ပံ့မှုတန်ဖိုးငွေကျပ် ၁၀၁၅၉၆၀၀ ကို လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ရေဝင်ရောက်မှုကြောင့် ယာယီပိတ်ထားရသည့် မူလတန်းကျောင်းများနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဆွေးနွေးပြီး အမှတ်(၃) အခြေခံပညာမူလတန်းကျောင်းသို့ သွားရောက်ကာ ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများနှင့်တွေ့ဆုံ၍ ကျောင်းများအမြန်ဆုံး ပြန်လည်ဖွင့်လှစ် ပညာသင်ကြားနိုင်ရေး၊ ပျက်ကွက်ခဲ့သည့် စာသင်ရက်များအတွက် အစားထိုးသင်ကြားနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ညောင်ရွှေပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံတက်ရောက် ကုသမှုခံယူနေသောလူနာများကို တွေ့ဆုံအားပေးကာ ရေဘေးရှောင်စခန်းများတွင် ကျန်းမာရေးဆေးပေးခန်းများ ဖွင့်လှစ်ဆောင်ရွက်နေမှုကို ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် ညောင်ရွှေမြို့ပေါ်ရှိ ဝန်းရပ်ကွက်၊ မြို့လယ်ရပ်ကွက်၊ ကံသာရပ်ကွက်တို့တွင် ရေကြီးနေမှုအခြေအနေများကို လိုက်လံကြည့်ရှုကာ ရပ်များကို ဆွေးနွေးမှာကြားသည်။

✱ ဖမ်းဆီးရမိမှ

အမျိုးသားရေးတာဝန် တစ်ရပ်အနေဖြင့် အလေးထား ဆောင်ရွက်လျက်ရှိသည့် အပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ထိထိရောက်ရောက် ရှာဖွေဖော်ထုတ်ဖမ်းဆီးအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန (Ministry of Public Security– MPS) နှင့် လုံကျန်းပြည်သူ့လုံခြုံရေးဗျူရိုမှ ဆုကြေးငွေထုတ်ပြန်ထားသည့် တရားခံ ၄၃ ဦး အမည်စာရင်း၌ ပါရှိသူ Su Fu Quan (ဆူးဖုချွမ်) ရောက်ရှိနေပြီး အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများလုပ်ကိုင်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များက စုံစမ်းရှာဖွေဖော်ထုတ်မှုများဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၁၂ ရက် ည ၁၀ နာရီ ၄၅ မိနစ်ခန့်တွင် သာကေတမြို့နယ် အမှတ်(၈)ရပ်ကွက် နဝရတ်လမ်း အောင်ကောင်းကျော် အိမ်ရာဝင်းအတွင်းရှိ ပြင်ဦးလွင်မြို့နေ ဒေါ်မြတ်ဇင်ဦးနှင့် တရုတ်နိုင်ငံသား Mr. Huo တို့ပိုင်ဆိုင်သည့် Golden River Residence Condo၊ အခန်းအမှတ်(၁၁၀)၊ (၃၀၁)၊ (၃၀၂)၊ (၃၀၆)၊ (၃၀၇)၊ (၃၁၀)၊ (၅၀၅)၊ (၅၀၉)၊ (၅၁၀) တို့၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေသည့် တရုတ်နိုင်ငံသား Su Fu Quan (ဆူးဖုချွမ်) အပါအဝင် တရားမဝင် တရုတ်အမျိုးသား ၄၈ ဦး၊ အမျိုးသမီး ၁၅ ဦး စုစုပေါင်း ၆၃ ဦးကို ဖမ်းဆီးရမိခဲ့သည်။



ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်နေသူများကို လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိနေရာပြမြေပုံ။

အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ရာတွင်အသုံးပြုသည့် ကွန်ပျူတာ ၁၂၁ လုံး၊ Laptop ငါးလုံး၊ Server တစ်လုံး၊ ဖုန်းမျိုးစုံ အလုံး ၁၉၀၊ Wifi စက် ခုနစ်လုံး၊ Router နှစ်လုံး၊ မြန်မာနိုင်ငံသား Pass-Port စာအုပ် ငါးအုပ်၊ တရုတ်နိုင်ငံသား Pass Port စာအုပ် နှစ်အုပ်၊ KBZ ဘဏ် စာအုပ် လေးအုပ်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသူများကို စိစစ်မေးမြန်းမှုများအရ အွန်လိုင်းငွေကြေးလိမ်လည်မှုလုပ်ငန်း လုပ်ကိုင်ရာတွင် ဟန်တုပ်၊ ပိုင်ရစ်၊ အာထန်၊ တာဟိုက်နှင့် စုကျင်ဟူ၍ အဖွဲ့ ငါးခု ဖွဲ့စည်းထားကြောင်း၊ အဖွဲ့တိုင်း၌ ခေါင်းဆောင်နှင့် ဒုတိယခေါင်းဆောင်တို့က ဦးဆောင်၍ ကိုရီးယား၊ အိန္ဒိယနိုင်ငံတို့တွင်နေထိုင်သည့် Customer (ပစ်မှတ်)များနှင့် Member Group ဖွဲ့ပေးထားပြီး တရုတ်စာဖြင့်သာ ရေးသားပြောဆိုကာ Kaqpo Application ကို Chrome မှတစ်ဆင့် Download ပြုလုပ်၍ အကောင့်ဖွင့်ရကြောင်း သိရှိရသည်။

ရင်းနှီးမြှုပ်နှံမှုကိုအခြေခံကာ အခွင့်အလမ်းမက်လုံးပေးလိမ်လည်မှုအနေဖြင့် ပထမအဆင့်တွင် ပစ်မှတ်ထားခံရသူများကို အမျိုးသမီးများဖြင့် စည်းရုံးမှုစတင်ရာ Customer Service များက အမျိုးသမီးစတစ်ကာပုံများကို ပစ်မှတ်ထားခံရသူ (Customer)များထံသို့ ပေးပို့ကာ ၎င်းတို့ကြိုက်နှစ်သက်မည့် အမျိုးသမီးများ၏ အသက်အရွယ်၊ အပျို၊ အိမ်ထောင်သည်တို့ကို မေးမြန်းပြီး Customer များက ရွေးချယ်၍ ပြန်လည်ပေးပို့လာပါက ၎င်းတို့နေထိုင်သည့် မြို့နယ်နှင့် Location တို့ကို တောင်းယူကြောင်း၊ ထို့နောက် Customer ကို အမျိုးသမီးများနှင့် ပျော်ပါးနိုင်ကြောင်း ဓာတ်ပုံများ ပေးပို့၍စည်းရုံးခဲ့ကြောင်း၊ ဒုတိယအဆင့် အနေဖြင့် Customer ကို Member ဝင်ရောက်ရန်စည်းရုံးပြောဆို၍ ဝင်ရောက်မည်ဆိုပါက Ali Pay နှင့် Wechat Pay QR ကုဒ်တို့ကို Customer ထံပေးပို့ပြီး တရုတ်ငွေ ၁၀ ယွမ် လွှဲခိုင်းကြောင်း၊ ငွေလွှဲရောက်ရှိပါက VIP အကောင့်ဖွင့်ရန် ကုဒ်နံပါတ်ပေးပို့ကြောင်း၊ ဆက်လက်၍ အဖွဲ့ ခေါင်းဆောင်၏ Kaqpo အကောင့်သို့ ဆက်သွယ်စေခဲ့ကြောင်း၊ ထို့နောက် အဖွဲ့ခေါင်းဆောင်နှင့် ဒုတိယခေါင်းဆောင်များက ပျော်ပါးနိုင်သော အမျိုးသမီးနှင့် ဆက်သွယ်ပေးမည်ဟုပြောဆို၍ Customer ၏ ကိုယ်ရေးအချက်အလက်နှင့် အလုပ်အကိုင်တို့ကို ပေးပို့စေခဲ့ပြီး အဆိုပါ အမျိုးသမီးနှင့် Group ဖွဲ့ပြောဆို၍ Member ကြေး တရုတ်ငွေ ၇၂ ယွမ် လွှဲစေခဲ့ကြောင်း၊ ငွေရရှိမှုအတည်ပြုပြီးပါက Customer အတွက် အကျိုးအမြတ်ဟုဆိုကာ ရှစ်ယွမ် ထပ်ဆောင်း၍ တရုတ်ငွေ ယွမ် ၈၀ ကို Customer ထံသို့ ပြန်လည်လွှဲပေးကြောင်း၊ တတိယအဆင့်အနေဖြင့် တရုတ်ငွေ ၂၀၁ ယွမ် ပေးသွင်းပါက ၂၂၃ ယွမ်၊ တရုတ်ငွေ ၄၀၁ ယွမ် ပေးသွင်းပါက ၄၂၅ ယွမ်၊ တရုတ်ငွေ ၆၀၁ ယွမ် ပေးသွင်းပါက ၆၆၂ ယွမ် ရရှိမည်ဟု မက်လုံးပေးစည်းရုံးပြောဆို၍ Customer က လွှဲပေးသည့် ယွမ်ငွေအပါအဝင် အကျိုးအမြတ်ရရှိငွေများကို တပေါင်းတည်း ပြန်လည်လွှဲပေးခဲ့ကြောင်း၊ ထို့နောက် ယုံကြည်အောင် ဆက်လက်စည်းရုံးပြောဆို၍ စတုတ္ထအဆင့်အနေဖြင့် Customer က လောဘတက်ကာ ငွေကြေးအမြောက်အမြားထည့်ဝင်လာသည့်အခါတွင် ငွေများပြန်မပေးတော့ဘဲ လိမ်လည်ရယူကြောင်း၊ Customer များထံမှ တစ်ဦးလျှင် အများဆုံး တရုတ်ငွေ ယွမ် ၄၈၀၀၀ ထိ လိမ်လည်ရယူနိုင်ခဲ့ကြောင်း သိရှိရသည်။



ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများ ဖမ်းဆီးရမိသည့် Golden River Residence Condo။









ရန်ကုန်တိုင်းဒေသကြီး သာကေတ မြို့နယ်အတွင်း အွန်လိုင်းလိမ်လည် လောင်းကစားမှု လုပ်ကိုင်နေသူ တရုတ်နိုင်ငံသား တရားခံပြေး Su Fu Quan ကို ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

လေးဦး၊ ဗီယက်နမ်နိုင်ငံသား အမျိုးသား ရှစ်ဦး၊ မြန်မာနိုင်ငံသား အမျိုးသား ၃၁ ဦး၊ အမျိုးသမီး ၁၅ ဦး စုစုပေါင်း ၁၀၆ ဦးကို Kaqpo အကောင့်နှင့် Telegram အကောင့်များဖွင့်လှစ်၍ လုပ်ကိုင်ကြောင်း၊ အဆိုပါ Kaqpo အကောင့်တွင် တရုတ်၊ ဂျပန်၊ အင်္ဂလိပ်၊ ကိုရီးယား၊ ဗီယက်နမ်၊ ထိုင်း၊ ဘင်္ဂလားနှင့် မြန်မာ ဘာသာစကား ၈ မျိုးဖြင့် ပြန်ဆိုထားသော Customer များ၏ ကိုယ်ရေးအချက်အလက်များ ပေါ်လာပါက ဆက်သွယ်ရန် ဖုန်းနံပါတ်များ၊ Telegram အကောင့်များ ပေါ်လာပါက ဆက်သွယ်ရန် Telegram အကောင့်များ၊ Customer များ၏ ဘဏ်စာရင်းများ ပေါ်လာပါက ငွေလွှဲရန် ဘဏ်စာရင်းများ ပေါ်လာပါက ငွေလွှဲရန် ဘဏ်စာရင်းများ၊ Customer များ၏





ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်နေသူများကို လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

စာမျက်နှာ ၂၇ မှအဆက်

၆၀ ရာခိုင်နှုန်းထိ ထပ်ဆောင်းပေးမည်ဟု မက်လုံးပေးမြို့ဆွယ်ကာ Member ကြေး များ လိမ်လည်ခဲ့ခြင်းတို့ကို အဆင့်ဆင့် လုပ်ဆောင်ခဲ့ကြောင်း သိရှိရသည်။ အဆိုပါ အွန်လိုင်းလိမ်လည်လောင်း ကစားမှုများလုပ်ကိုင်ခဲ့သည့် ဖမ်းဆီးရမိ သူများကို လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေ များနှင့်အညီ အရေးယူ သိမ်းဆည်းရမိသည့် ထိရောက်ပြင်းထန်စွာ ဆောင်ရွက်သွားမည်ဖြစ်ပြီး လုပ်ငန်းသုံးပစ္စည်း များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ် ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

လယ်ဝေးမြို့နယ်တွင် ငွေကျပ် ၆၉၆ ဒသမ ၈ သိန်းတန်ဖိုး၊ ကမာရွတ်မြို့နယ်၊ စမ်းချောင်းမြို့နယ်တို့တွင် ငွေကျပ် ၃၄၀၂ ဒသမ ၆ သိန်း တန်ဖိုး၊ ပျော်ဘွယ်မြို့နယ်တွင် ငွေကျပ် ၁၈၈ သိန်းတန်ဖိုးရှိ ဘိန်းစိမ်းများနှင့် စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိ



ဇော်ပိုင် ခေါ် ကိုပိုင်နှင့် သူရဇော် ခေါ် နစ်ကြီးတို့ကို သိမ်းဆည်းရမိသည့် ဘိန်းစိမ်းများနှင့်အတူ တွေ့ရစဉ်။



အောင်မြင့် ခေါ် ကျားရီကို သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် နိုဝင်ဘာ ၁၃

လယ်ဝေးမြို့နယ်တွင် ငွေကျပ် ၆၉၆ ဒသမ ၈ သိန်းတန်ဖိုး၊ ကမာရွတ်မြို့နယ်၊ စမ်းချောင်းမြို့နယ်တို့တွင် ငွေကျပ် ၃၄၀၂ ဒသမ ၆ သိန်းတန်ဖိုး၊ ပျော်ဘွယ်မြို့နယ်တွင် ငွေကျပ် ၁၈၈ သိန်းတန်ဖိုးရှိ ဘိန်းစိမ်းများနှင့် စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိပြီး ဖမ်းဆီးရမိသူများကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၉ ရက် ည ၆ နာရီခွဲတွင် သတင်းအရ လယ်ဝေးမြို့နယ် ကြာကန်ကျေးရွာအနီးတွင် ဖယ်ခုံမြို့နယ် ဝီကင်းရွာနေ ဇော်ပိုင် ခေါ် ကိုပိုင် ၂၁ နှစ် မောင်းနှင်ပြီး ချမ်းအေးသာစံမြို့နယ်နေ သူရဇော် ခေါ် နစ်ကြီး ၃၂ နှစ် လိုက်ပါလာသော HILUX SURF အမျိုးအစားယာဉ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ ယာဉ်ပေါ်တွင် သိုဂုက် သယ်ဆောင်လာသည့် ဘိန်းစိမ်း ၈၇ ဒသမ ၁ ကီလို (တစ်ကီလိုလျှင်ငွေကျပ် ၆၉၆ ဒသမ ၈ သိန်း) ဖမ်းဆီးရမိသဖြင့် ဇော်ပိုင် ခေါ် ကိုပိုင်နှင့် သူရဇော် ခေါ် နစ်ကြီးတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ထို့အတူ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၁ ရက် မွန်းလွဲ ၂ နာရီခွဲတွင် သတင်းအရ ကမာရွတ်မြို့နယ်(၇)ရပ်ကွက် ဟံသာဝတီ လမ်းတွင် လမ်းလျှောက်လာသူ စမ်းချောင်းမြို့နယ် မုန့်လုပ်ဆောင်းကုန်း(တောင်)ရပ်ကွက်နေ အောင်မြင့် ခေါ် ကျားရီ ၃၃ နှစ်ကို စစ်ဆေးရာဖွေရာ ၎င်းထံမှ စိတ်ပြောင်းဆေးဝါး HAPPY WATER ဂရမ် ၁၅၀ (တစ်ဂရမ်လျှင် ငွေကျပ် ၆၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၉၀) ဖမ်းဆီးရမိပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ယင်းနေ့ ညနေ ၃ နာရီခွဲတွင် ၎င်း နေထိုင်သည့် စမ်းချောင်းမြို့နယ် မုန့်လုပ်ဆောင်းကုန်း(တောင်)ရပ်ကွက်ရှိ နေအိမ်မှ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် HAPPY WATER ၃ ဒသမ ၆၇၁ ကီလို (တစ်ကီလိုလျှင်ငွေကျပ် သိန်း ၆၀၀ နှုန်းဖြင့် ဒေသတန်ဖိုး ငွေကျပ်သိန်း ၂၂၀၂ ဒသမ ၆ သိန်း)နှင့် ကက်တမင်း ၁ ဒသမ ၈၅ ကီလို (တစ်ကီလိုလျှင်ငွေကျပ် သိန်း ၆၀၀ နှုန်းဖြင့် ဒေသတန်ဖိုး ငွေကျပ်သိန်း ၁၁၁၀)ကို ထပ်မံဖမ်းဆီးရမိသဖြင့် အောင်မြင့် ခေါ် ကျားရီကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အလားတူ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၁ ရက် ညနေ ၅ နာရီခွဲတွင် သတင်းအရ ပျော်ဘွယ်မြို့နယ် ရွှေညောင်ဖူးကျေးရွာအုပ်စု ကျောက်ချပ်ရွာနေ ကျော်လွင် ၆၄ နှစ်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွဆေးပြား ၉၄၀၀ (တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ဒေသတန်ဖိုး ငွေကျပ် ၁၈၈ သိန်း) ဖမ်းဆီးရမိသဖြင့် ကျော်လွင်ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

● ဘော်လီဘောပြိုင်ပွဲမှ

အားကစားရေးရာဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ အမျိုးသားကွာတားဖိုင်နယ် အဆင့် အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာန အသင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းက သုံးပွဲနှစ်ပွဲဖြင့်လည်းကောင်း ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသင်းနှင့် အားကစားရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အားကစားရေးရာဝန်ကြီးဌာနအသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက သုံးပွဲ တစ်ပွဲဖြင့်လည်းကောင်း အသီးသီးယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

၂၀၂၆ ခုနှစ် နိုဝင်ဘာ ၁၄ ရက်**(ယခု)** နံနက် ၉ နာရီမှစတင်၍ ၂၀၂၆ ခုနှစ် ဝန်ကြီး ဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ အမျိုးသမီး ပထမအဆင့် အုပ်စုပတ်လည် ပြိုင်ပွဲ ပွဲစဉ်အဖြစ် ကျန်းမာရေးဝန်ကြီးဌာန အသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန အသင်း၊ အမျိုးသား ကွာတားဖိုင်နယ် အဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနအသင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်း၊ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန



အသင်းနှင့် အားကစားရေးရာဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆိုအခမဲ့ လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထိုနေ့က အနုပ္ပာက်သည်

မစန္ဒာ



ယမန်နေ့မှအဆက်

ခဏနေတော့ မောင်မောင် ဖုန်းပြန်ဆက်သည်။

ထို့နောက်တွင်တော့ သူတို့မောင်နှမ အတန်ကြာအောင် စကားပြောဖြစ်ကြလေသည်။

(၃)

နောက်နှစ်ရက်လောက်နေတော့ မောင်မောင်က ချိုင့်ကြီးဆွဲကာ ရောက်လာသည်။ နှာခေါင်းစည်းတပ်ပြီး လက်အိတ်လည်း စွပ်လာသည်။ အိမ်ထဲရောက်သောအခါမှာလည်း နှာခေါင်းစည်းကို မဖြုတ်ချေ။

"ဟ...ကောင်ရ၊ မိဘအိမ်ရောက်နေပြီပဲဟာ၊ မင်းရဲ့နှာခေါင်းစည်းကြီး မဖြုတ်သေးဘူးလား"

အဖေက အမြင်ကတ်ဟန်နှင့် ပြောသော်လည်း မဖြုတ်ချေ။

"ဘယ်သူ့ဘယ်သူမှ စိတ်ချရတာ မဟုတ်ဘူး အဖေရ၊ ကျွန်တော့်ကိုလဲ စိတ်မချနဲ့၊ အဖေတို့ပါ နှာခေါင်းစည်းတပ်ထားရမှာ"

မောင်မောင်က ထမင်းစားခန်းထဲ တန်းဝင်သွားတော့ အဖေနှင့်အမေက လိုက်လာကြသည်။ တစ်မြို့ထဲနေသော်လည်း တစ်ခါတစ်ရံမှ ရောက်လာတတ်သောသားကို တွေ့ရတော့ နှစ်ဦးစလုံး ဝမ်းသာနေကြပုံရသည်။

"အမေ့ချွေးမက ကြက်သားကို အတုံးကြီးကြီး တုံးပြီး မဆလာနိုင်နိုင်လေးနဲ့ ချက်ထားတာအမေ၊ ပလာတာလေးလဲ ပါတယ်"

သူဆွဲလာသော ချိုင့်ကို ထမင်းစားပွဲပေါ် ချလိုက်တော့ ခင်သက်မော်က ဆွဲယူပြီး အဖုံးဖွင့်ကြည့်သည်။

"အောင်မလေး... မွေးလိုက်တာ ငါ့မောင်ရယ်"

ခင်သက်မော်က ဝမ်းသာအားရပြောသည်။ မထွေးကလည်း မီးဖိုချောင်မှ ကမန်းကတန်း ထွက်လာသည်။ ထမင်းစား စားပွဲနားသို့ မရောက်သေးဘဲ အသံက အရင်ရောက်လာသည်။

"မီးဖိုချောင်ထဲကနေတောင် မွေးလိုက်တာ၊ ဘာဟင်းလဲဟင်၊ ကျွန်မထင်တာတော့ ကြက်သားလားမသိဘူး"

"အေး... ရှယ်ကြက်၊ ရှယ်ကို ချက်လာတာ"

"ဟုတ်ပ အရသာတော့ မသိသေးဘူး။ အနံ့နဲ့တင် ထမင်းဆာလာပြီအဟုတ်...၊ မောင်မောင်ရေ နင်တော့ ကုသိုလ်တွေ တစ်လှေကြီးရတော့မယ်။ အမေရော အဖေရော စားလို့မြိန်ကြမှာနော်... ဟုတ်တယ်နော်... အမေ"

"အင်း... ဟုတ်ပ"

အမေက အင်တင်တင်နှင့် ပြောသည်။ ကြက်သားချိုင့်ကို ငုံ့ကြည့်သလိုလိုနှင့် အနံ့ခံနေသည်ကို ခင်သက်မော်က မသိကျိုးကျွန်ပြုရင်း၊ "နင် ဘာမဆလာသုံးလဲ မောင်မောင်၊ မွေးတာကတော့ အတော်ကိုမွေးတာ"ဟု ပြောလိုက်သည်။

"မမွေးခံနိုင်မလားဟ...၊ ဇီယာကို ကြက်သွန်ဖြူ၊ ချင်းနဲ့ ညက်အောင်ထောင်းပြီး ဆီသတ်ထားတာ၊ မဆလာကတော့ ရိုးရိုး "လွင်" မဆလာပါပဲ"

ဒီတစ်ခါတော့ အမေမျက်နှာပျက်သွားသည်။ အမေနှင့် စာလျှင် ပိုပြီးရိုးသားသော အဖေက "မင်းတို့ကသာ မွေးတယ်ပြောနေ ငါ့နှာခေါင်းထဲမှာတော့ မမွေးပါဘူး"ဟု ခပ်ရှင်းရှင်းပြောသည်။ အမေကမသိမသာ လက်ကုတ်လိုက်သောအခါကျမှ "အေးကွ... မွေးတေးတေးတော့ရှိသား"ဟု ဆက်ပြောလေသည်။

"ဒီဟင်းမှ မမွေးရင်တော့ အမေတို့ ပေါ့စတစ် ဖြစ်နေလို့ပဲ"

"ဟင်"

"မမရေ၊ အဖေတို့ အမေတို့ ဒီကြားထဲမှာ အပြင်များ ထွက်ကြသေးလား"

"တစ်နေ့တုန်းကတော့ ဈေးလေး ခဏလေး သွားတာပါကွယ်၊ နှာခေါင်းစည်းတွေ၊ လက်အိတ်တွေလဲ ဝတ်သွားပါတယ်"

"ဟာ... မမကလဲ ဘာလို့ လွှတ်ရတာလဲဗျ"

မောင်မောင်က ထအော်လိုက်သည်မှာ မထွေးပင် မျက်လုံးပြူးသွားသည်။

"နှာခေါင်းစည်းက ကိုယ့်တစ်ယောက်ထဲ တပ်နေရုံနဲ့ မပြီးဘူးလေ။ ဟိုတစ်ဘက်ကပါ တပ်မှ စိတ်ချရတာကို သိသားနဲ့ဗျာ။ ဈေးသည်အများစုက နှာခေါင်းစည်းကို မေးစေ့မှာချိတ်ထားကြတာ မြင်နေတွေ့နေသားနဲ့များ ကိုယ့်မိဘကို စိတ်ချပြီး လွှတ်လိုက်ရသလားဗျာ"

"နင်ကလဲ တစ်ခါလောက်ကလေးသွားမိတာနဲ့ ချက်ချင်းကြီး ပိုးကူးလာမှာ ကျနေတာပဲ။ ဘာမှမဖြစ်ပါဘူးဟဲ့"

"ဟာ... တစ်ခါတည်းနဲ့ ကူးလာတဲ့သူတွေ အများကြီး၊ အနံ့ပျောက်တဲ့သူတွေလဲ တစ်ပုံကြီး၊ ဆေးရုံရောက်သွားတဲ့ သူတွေလဲ တစ်လှေကြီး၊ အပြင်မထွက်ဘဲနဲ့တောင် အိမ်မှာနေရင်း ကူးတဲ့သူတွေရှိနေတာ၊ အဖေတို့ အမေတို့အရွယ် ရောဂါအခံတွေကလဲ အကြီးကြီးတွေနဲ့ အပြင်ထွက်မိလို့ များကတော့... ဟာမဖြစ်ပါဘူးဗျာ၊ အဖေတို့ အမေတို့ကို ကျွန်တော်ခေါ်သွားမှ ဖြစ်တော့မယ်ထင်တယ်"

ချွေးမနှင့် မနေချင်သော အမေနှင့်၊ အထပ်မြင့် မတက်ချင်သော အဖေတို့က မောင်မောင်လာခေါ်မှာကို ကြောက်ကြသည်ကို ခင်သက်မော် သိသည်။ သားဖြစ်သူကိုလည်း မလိုက်ချင်ဘူး မပြောရက်တော့ အမေ့ခမျာ ဘာပြန်ပြောရမည်မသိဘဲ အားတုံ့အားနာ ဖြစ်နေတတ်သည်။

"မခေါ်ပါနဲ့နော်၊ မထည့်နိုင်ပါဘူး။ ငါ့အမေက ငါနဲ့ပဲ နေမှာနော်...အမေရယ်"

ခင်သက်မော်က အမေ အနေမခက်အောင် ဝင်ပြောရင်း၊ မောင်မောင့်ကို မသိမသာမျက်စိမှိတ်ပြပြီး ဆက်မပြောအောင် တားလိုက်ရသည်။

"မမနဲ့ နေမယ်ဆိုရင်လဲ အဖေတို့ အမေတို့ကို အသေအချာထိန်းလေ မမရဲ့၊ အမေတို့ အနံ့ပျောက်တယ်ဆိုရင် တရားခံကတော့ မမလို့ပဲ ကျွန်တော်က ပြောမှာဗျ"

မောင်မောင်က ဟိန်းလားဟောက်လား လုပ်ပြီး ပြန်သွားသည်။ ပြန်ခါနီး အပေါက်ဝရောက်လေမှ အစ်မဖြစ်သူကို ဖြီးစပ်စပ်နှင့် ကြည့်ပြီး လက်အုပ်ချီပြသွားသည်။

မောင်မောင် ပြန်သွားတော့မှ အဖေနှင့် အမေက အိပ်ခန်းထဲ ဝင်သွားကြသည်။ သူတို့၏လက်စွဲတော် "အဘထ"ရှူဆေးဘူးကို ရှာကြတော့မည်ကို တစ်ကွက်ကြိုပြင်ထားသော ခင်သက်မော်က အဝကျယ်ဘူးထဲမှ အစေ့အဆန်များကို အကုန်ထုတ်ပြီး၊ ရေနွေးနှင့် အထပ်ထပ်ပွတ်ဆေးထားပြီး ဖြစ်သည်။ ပြီးမှ လေမှုတ်စက်နှင့် မှုတ်ကာဘူးထဲ ပြန်ထည့်ထားသည်။ ဒီတော့လည်း အစေ့အဆန်လေးများ၏အနံ့က ပျော့ရုံမက ပျောက်လုနီးပါးပင် ဖြစ်နေချေပြီ။

အဖေနှင့် အမေတို့ကို မသိမသာအကဲခတ်ကြည့်လိုက်တော့ ရှူဆေးဘူးလေးတွေ ကိုယ်စီကိုင်ထားကြသည်။ သူတို့နှစ်ဦးစလုံး မျက်နှာပျက်နေကြသည်မှာ သနားစရာပင်ကောင်းနေ၍ ခင်သက်မော်ခမျာ ရယ်ပင် မရယ်ရက်တော့ပေ။

နောက်တစ်ဆင့်ကတော့ သိပ်မခက်ခဲတော့ပါ။ အဖေနှင့် အမေ တီဗွီရှေ့တွင် နေကြာစေ့စားရင်း သတင်းနားထောင်နေကြစဉ် မီးပူတိုက်နေသော မထွေးက "အောင်မလေး၊ ညှော်လိုက်တာ အစ်မရေ၊ ဘယ်အိမ်ကများ ငရုတ်သီးကြော်နေလဲ မသိဘူး" ဟု ထ၍ အော်သည်။ ခင်သက်မော်ကလည်း "ဟယ် ...ဟုတ်ပါရဲ့၊ မိုးပဲ ချုပ်တော့မယ်၊ အလိုက်ကမ်းဆိုးမသိ၊ လူမှုရေးနားမလည်တဲ့သူတွေ"ဟု စိတ်ဆိုးမာန်ဆိုးပြောရင်း အခန်းထောင့်မှ မတ်တတ်ပန်ကာကို ပြေးဖွင့်သည်။

ညကျတော့ ခင်သက်မော်က ဒီသရီးတွေ၊ ဇင့်တွေ၊ စီဗစ်တွေ တိုက်ရင်း "ဒီဆေးတွေက ကိုယ်ခံအားတက်စေတယ်တဲ့၊ တော်ရုံတန်ရုံကူးလာတဲ့သူဆိုရင်တောင် ရောဂါမတိုးတော့ဘူး ပြောတာပဲ အမေရဲ့"ဟု တွင်တွင်ပြောသည်။ အဖေကတော့ အနံ့ပြယ်နေသော ရှူဆေးဘူးလေးကို မသိမသာ ရှူနေသည်။ ခင်သက်မော်က "ဘူးအသစ် ဝယ်ပြီး မြန်မြန်ပြန်လဲပေးထားမှပါပဲဟယ်"ဟု သနားစိတ်နှင့် တွေးမိလေသည်။

အကယ်ဒမီမထွေးက "ငရုတ်သီးညှော်နံ့က တော်တော်ကို စူးတာ၊ ခုထိကို မပျောက်သေးဘူး။ ခေါင်းတွေကိုက်နေပါရော အမေကြီးရယ်"ဟု လာပြောနေပြန်သောကြောင့် လက်ကုတ်ချပင် တားယူရလေသည်။

ညကျတော့ မောင်မောင်က ဖုန်းဆက်ပြီး ကြက်သားအကောင်းကို အနံ့၊ အရသာမရှိအောင် ချက်ရတာ လွယ်တယ် အောက်မေ့လို့လား မမရ၊ ရေတွေနူးနေအောင် စိမ်ထားပြီးတော့မှ ကြက်သွန်ဖြူလေး၊ ချင်းလေးတောင် လုံးဝမထည့်ပဲ ချက်ရတာ" ဟု ပြောရင်းရယ်နေလေသည်။

(၄)

အခုတော့ ခင်သက်မော်၏ ဖခင် ဦးမောင်မောင်ဌေးရော၊ မိခင် ဒေါ်ခင်မေချောပါ ခြေငြိမ်နေကြပြီ ဖြစ်လေသည်။ ဦးမောင်မောင်ဌေးက အာလူးပူရီသွားဝယ်ရန်မကြိုးစားတော့သလို၊ ဒေါ်ခင်မေချောကလည်း ဈေးသွားချင်သည်ဟု မပြောတော့ပေ။ ခင်သက်မော် ပြန်လဲပေးထားသော အဝကျယ် "အဘထ"ရှူဆေးဘူးလေးများကိုတော့ လက်ထဲက မချတတ်ကြ၊ မကြာခဏရှူကြည့်ရင်း "အနံ့ရတယ် မဟုတ်လားဟင်"ဟု တစ်ဦးနှင့်တစ်ဦး စိုးရိမ်သလို မေးနေတတ်ကြလေသည်။

အယ်လ်နီညိုနှင့်ပတ်သက်၍ ပြည်သူသို့ အသိပေးနှိုးဆော်















အိမ်တွင်းသုံးရေချွေတာရေး

ရေချိုးချိန်နှင့် နေ့စဉ် ရေသုံးစွဲမှုကို လျှော့ချပါ။ သွားတိုက်နေစဉ်၊ မျက်နှာသစ်နေစဉ်နှင့် ပန်းကန်ဆေးကြောနေစဉ်အတွင်း ရေပိုက်ခေါင်းကို အမြဲပိတ်ထားပါ။



အိမ်တွင်းသုံးရေချွေတာရေး

အသုံးပြုပြီးသည့်ရေကို ပြန်လည်သုံးစွဲနိုင်ရန် စီစဉ်ပါ။ (ဥပမာ - ဟင်းသီးဟင်းရွက်ဆေးကြောထားသော ရေများ၊ ဆန်ဆေးရေများကို အပင်ရေလောင်းရာတွင် ပြန်လည်အသုံးပြုပါ။)



အိမ်တွင်းသုံးရေချွေတာရေး

အဝတ်လျှော်ရာတွင် တစ်ထည်ချင်း/နည်းနည်းချင်း မလျှော်ဘဲ ပေါင်းလျှော်ပါ။ အဝတ်လျှော်စက်သုံးလျှင် တစ်ခါတည်း စုပြီးလျှော်ပါ။ ပန်းကန်ဆေးစက် အသုံးပြုရာတွင်လည်း စက်က ဆေးကြောနိုင်သည့် ပန်းကန်အရေအတွက်အထိစောင့်၍ စုစည်းဆေးကြောပါ။



အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ မုံရွာတောင်ရပ်ကွက်နေ (ဘ) ဦးဖြိုးဝေမင်း(၉/လဝန(နိုင်)၁၅၁၁၅၂) (မိခင်) ဒေါ်မေငြိမ်းချမ်းအောင်(၅/မရန(နိုင်)၁၉၀၇၂၉)တို့၏သမီး စစ်ကိုင်းမြို့၊ ပါရမီရပ်၊ ဓမ္မရောင်ခြည်လမ်း၊ School Shine Private School၊ Grade-4 တွင် ပညာသင်ကြားနေသော မသွန်းနဒီအိဝေ၏ အမည်မှန်မှာ **မသွန်းထည်ခ** ဖြစ်ပါကြောင်း။ **မသွန်းထည်ခ**

ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁၆)ရပ်ကွက်၊ အကွက်အမှတ်(၃၈/ဂ)၊ ဦးပိုင်အမှတ်(၁၅/က) ဦးထွန်းရွှေအမည်ပေါက် (အလျား ၃၀'-၀" x အနံ ၃၀'-၀")အတိုင်းအတာရှိသော ပိုင်းမြေပေါ်တွင် ဦးကျော်ကျော်ပိုင်(၉/မခန(နိုင်)၁၂၀၉၀၆)ကိုင်ဆောင်သူမှ (အလျား ၂၀'-၀" x အနံ ၂၀'-၀") နံကပ် (၂)ထပ် ဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦ ဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့

ပျောက်ဆုံးကြောင်း

မမေသဇင် (ဘ) ဦးသက်ဦး(၉/အမရ(နိုင်)၁၆၉၁၃၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

09-776909116

ပျောက်ဆုံးကြောင်း

ကွတ်ခိုင်မြို့နယ်၊ ရပ်ကွက်(၃)၊ နမ့်ဖက်ကာရွာနေ မကြူကြူဝင်း (ခ) စန်းစန်းမြင့် (ဘ) ဦးခွမ်ထီးတာ(၁၃/ကခန(နိုင်)၀၇၃၈၇၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-402618818**

အများသိစေရန် ကြေညာခြင်း

အမရပူရမြို့နယ်၊ ရွှေကြက်ယက်ကျေးရွာအုပ်စု၊ ရွှေလေးကွက်သစ် ကွင်းအမှတ်(၆၁၂)၊ အကွက်(၁၀၁)၊ အပိုင်း(က)၊ ဦးသန်းဝင်း၊ အပိုင်း (ခ) ဒေါ်မေကြည်အမည်ပေါက် မြေကွက်ဧရိယာ(၃၀ x ၄၀)ပေ အကျယ်အဝန်းရှိ မြေကွက် (၂)ကွက်နှင့် ယင်းမြေကွက်များပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင်အသုံးချ အကျိုးခံစားခွင့် အရပ်ရပ် အားလုံးတို့ကို တရားဝင်လက်ရှိလက်ရောက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့် အပြည့်အဝရှိကြောင်း ပြောဆိုကမ်းလှမ်းသူ ဂျက်ကီရှန်း (ခ) သောင်းထွန်း(၉/မနမ(နိုင်)၀၈၂၇၃၇)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီသဖြင့် ရောင်းကြေးစရံငွေများလည်း ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ဖြိုးဝေလင်း(LL.M)
တရားလွှတ်တော်ရှေ့နေ
ထန်းတပင်ရပ်ကွက်၊ စွေးချိုရပ်၊ အမရပူရမြို့။

ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၂၂)၊ ဦးပိုင်အမှတ်(၁၂/က) ဦးဘတုတ်အမည်ပေါက် (အလျား ၂၅'-၀" x အနံ ၁၀၀'-၀")အတိုင်းအတာရှိသော ပိုင်းမြေပေါ်တွင် ဦးဘိုသန်း + ဒေါ်သိန်းသိန်းမြင့်(၉/မခန(နိုင်)၀၇၉၃၇၅) ကိုင်ဆောင်သူမှ (အလျား ၂၀'-၀" x အနံ ၄၁'-၀") RC (၁)ထပ် ဆောက်လုပ်ခွင့်နှင့် အလျား (၂၅')အုတ်ဝန်းခြံကာရံခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦ ဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့

ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၉/ဂ)၊ ဦးပိုင်အမှတ်(၁၃၃) ဒေါ်ခေတ်မီအမည်ပေါက်(အလျား ၂၀'-၀" x အနံ ၄၀'-၀")အတိုင်းအတာရှိသော ပိုင်းမြေပေါ် တွင် ဦးရန်နိုင်စိုး(၉/မခန(နိုင်)၀၀၃၇၈၂)ကိုင်ဆောင်သူမှ (အလျား ၁၀'-၀" x အနံ ၃၀'-၀")၊ အိမ် (၂)ထပ် ဆောက်လုပ်ခွင့်နှင့် တောင်ဘက် (၂၀')၊ အရှေ့ဘက်(၄၀') အုတ်ဝန်းခြံကာရံခွင့် ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦ ဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့

အိမ်ပြင်ပဌ်ထွန်းသောမီးများကိုနေ့အလင်းရောင်ရှိချိန်တွင်ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ

❖ နိုင်ငံတော်ရှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

ပို့ကုန်ရငွေအနက်မှ ကိုယ်တိုင်သုံးစွဲနိုင်မည့်ပမာဏကို နိုင်ငံခြားငွေဘဏ်စာရင်းတွင် ထားရှိခွင့်ရက်ပေါင်း ၃၀ အစား ၄၅ ရက်ထိ တိုးမြှင့်ခွင့်ပြုခဲ့ပြီးဖြစ်

အသိပေးကြေညာချက်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ကြီးမှူးရွှေ့ FX Market Online Trading Platform တွင် နိုင်ငံတော်၏ အရေးကြီးကုန်စည်များဖြစ်သော စက်သုံးဆီ၊ စားသုံးဆီ၊ဓာတ်မြေဩဇာနှင့်အခြားကုန်စည်များအတွက် လိုအပ်သောနိုင်ငံခြားငွေများကို နိုင်ငံခြားသုံးငွေများရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်း(AD) လိုင်စင်ရဘဏ်များမှတစ်ဆင့် သွင်းကုန်တင်သွင်းသူ(Importer)များသို့ ရောင်းချပေးလျက်ရှိပါသည်။

၂၀၂၆ ခုနှစ် ဧပြီလမှ နိုဝင်ဘာ ၁၃ ရက်ထိ FX Market Online Trading Platform နှင့် AD လိုင်စင်ရဘဏ်များမှတစ်ဆင့် အမေရိကန်ဒေါ်လာ ၂၃၂၆ ဒသမ ၄ သန်း၊ တရုတ်ယွမ် ၁၉၄၄ ဒသမ ၃ သန်း၊ ထိုင်းဘတ် ၇၁၁၄ ဒသမ ၄ သန်း၊ အိန္ဒိယရူပီး ၈၇ ဒသမ ၈ သန်းခန့်တို့ကို သွင်းကုန်လုပ်ငန်းရှင်များသို့ ရောင်းချပေးခဲ့ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့်လည်း စက်သုံးဆီ၊ စားသုံးဆီ၊ ဓာတ်မြေဩဇာနှင့် အခြားကုန်စည်များ တင်သွင်းရန်အတွက် အမေရိကန်ဒေါ်လာ ၁၇၆၄ ဒသမ ၈ သန်းခန့်ကို ရောင်းချပေးခဲ့ပြီးဖြစ်ပါသည်။

သွင်းကုန်လုပ်ငန်းရှင်များအတွက် လိုအပ်သောနိုင်ငံခြားငွေကို အချိန်မီရရှိစေရန်၊ ပြည်ပမှ Supplier များထံ ငွေပေးချေမှုနောက်ကျခြင်းကို လျော့ချရန်၊ နိုင်ငံခြားငွေကို အမှန်တကယ်လိုအပ်သည့် ကုန်သွယ်မှုလုပ်ငန်းများအတွက် ဦးစားပေးခွဲဝေပေးရန်၊

စာမျက်နှာ ၂၀ ကော်လံ ၁ ☆

ရတနာပုံ ယနေ့ဗတ်စရာ

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ ကျင်းပ

စာမျက်နှာ - ၁၆

နမ့်စန်မြို့နယ်အတွင်းရှိ ရေဘေးသင့် ဒေသခံပြည်သူများကို စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ပစ္စည်းများနှင့် အလှူငွေများပေးအပ်၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

စာမျက်နှာ - ၂၃

ရတနာပုံ ယနေ့ဗတ်စရာ

ပင်မဓာတ်အားခွဲရုံများ၏ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် ဇမ္ဗူသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်အတွင်း မတ်အားလိုင်းထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်မည်ဖြစ်သည့်အတွက် အချို့နိုပိုင်းမတ်အားပိတ်သွားမည်

စာမျက်နှာ - ၂၃

၂၀၂၆ ခုနှစ် ဝန်ကြီးဋ္ဌာနပေါင်းစုံ ဘော်လီဘော အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ အမျိုးသမီးပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်နှင့် အမျိုးသားကွာတားဖိုင်နယ်အဆင့် အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၃

အားကစားရေးရာ ဝန်ကြီးဋ္ဌာနက ကြီးမှူးပြီး အားကစားနှင့်ကာယပညာဦးစီးဋ္ဌာနနှင့် မြန်မာနိုင်ငံ ဘော်လီဘော အဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ် ဝန်ကြီးဋ္ဌာနပေါင်းစုံ ဘော်လီဘော အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ အမျိုးသမီးပထမအဆင့်အုပ်စုပတ်လည်ပွဲစဉ်နှင့် အမျိုးသား ကွာတားဖိုင်နယ်အဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားရုံ(B)၌ ဆက်လက်ကျင်းပသည်။

အဆိုပါဝန်ကြီးဋ္ဌာနပေါင်းစုံ ဘော်လီဘော အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ အမျိုးသမီး ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်နှင့် အမျိုးသား ကွာတားဖိုင်နယ်အဆင့် အုပ်စုပတ်လည်ပွဲစဉ်များ ယှဉ်ပြိုင်နေမှုများကို ဋ္ဌာနဆိုင်ရာများမှ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အရာထမ်းများ၊ မြန်မာနိုင်ငံဘော်လီဘော အဖွဲ့ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ ဝန်ကြီးဋ္ဌာနပေါင်းစုံ ဘော်လီဘော ပြိုင်ပွဲ အမျိုးသမီး ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ကာကွယ်ရေးဝန်ကြီးဋ္ဌာနအသင်းနှင့်

စာမျက်နှာ ၂၈ ကော်လံ ၁ ●



၂၀၂၆ ခုနှစ် ဝန်ကြီးဋ္ဌာနပေါင်းစုံ ဘော်လီဘော အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ အမျိုးသမီးပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။



ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်နေသူများကို လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဋ္ဌာနနှင့် လုံကျန်းပြည်သူ့လုံခြုံရေးဗျူရိုက ဆုကြေးငွေထုတ်ပြန်ထားသည့် တရုတ်နိုင်ငံသားတရားခံ တစ်ဦးအပါအဝင် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်လုပ်ကိုင်နေသူ ၁၀၆ ဦးကို လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ သာကေတမြို့နယ်အတွင်း ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၁၃

နိုင်ငံတော်အစိုးရအနေဖြင့် ဒေသတွင်း ပြည်သူလူထုကိုသာမက ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုစီးပွားဘဝများကို ထိခိုက်ပျက်စီးအောင် အလုံးစုံအန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုကျူးလွန်သူများအား ရှာဖွေဖော်ထုတ်တားဆီးကာကွယ်ခြင်းများကို

စာမျက်နှာ ၂၇ ကော်လံ ၁ ✱

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများကို စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၃

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာလူမှုစီးပွားနယ်ပယ်နှင့်အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့်အွန်လိုင်းလိမ်လည်မှုနှင့်အွန်လိုင်းလိမ်လည်လောင်းကစားမှုများပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊

စာမျက်နှာ ၂၆ ကော်လံ ၁ ■



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင်ခြောက်ထပ်အဆောက်အအုံကို စက်ယန္တရားဖြင့် စနစ်တကျဖြိုချဖျက်ဆီးနေမှု မှတ်တမ်းဓာတ်ပုံ။